
အရှေ့ဘက်ကောင်းကင်

တာတော စိစဉ်သည်

# တစ္ဆေမျက်လုံး

မဂ္ဂဇင်း အမှတ်-၁



2015.GRAPHIC DESIGN : KYAW MINN MOUNG

# ကဝေ

စီစဉ်သည်

# ကဝေမျက်ကန်း

မဂ္ဂဇင်း

အမှတ်–၁၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်



သတိပေးချက်။ ။ဤမဂ္ဂဇင်းအား ကြောက်တတ်သူများ ညမဖတ်ရ။

# မာတိကာ

## သုတ တာစ္ဆေ

ကာတေ ........ စုန်းကြောက်တဲ့ မုံ ........................ ၅
ဒဝေါ ........ တာစ္ဆေသရဲ ခြောက်လှန့်ခြင်း .............. ၅၉
ကာတေ ........ သရဲတာစ္ဆေ မြင်ရတဲ့ လက္ခဏာ ........... ၁၀၇
သုန်ဟိန်းထက် .. ပယောဂ လက္ခဏာ .................... ၁၁၇

## နိုင်ငံတကာ တာစ္ဆေ

ကဝေနီ ........ သမိုင်းထဲက တာစ္ဆေများ .................. ၁၇
ယံဇော်မိုးဇက် ..... သရဲခြောက်တဲ့ ဆေးရုံကြီး ............... ၄၇
ကျော်မြင့်အေး ... ကျိန်စာတိုက်ထားတဲ့ အရုပ်ကလေး ....... ၁၁၃

## ရသ တာစ္ဆေ

မင်းဟိန်းထိုပ် ........ သရဲမွေးသောခြံပိုင်ကြီး .............. ၂၂
မင်းဘုန်သိခ်သူ ....... ကျက်အောင်းတွင်း ................. ၇၂
ဂါဦးနွန်းကို .......... အစွဲချုတ်စံအိမ် ................... ၁၃၀
တာတေ ............ ဖဲသမားအသုဘ .................. ၁၄၆

## ကိုယ်တွေ့တစ္ဆေ


တာတေ . . . . . . . . သရဲကြောက်သလားဟေ့ . . . . . . . . . . . . . . ၄၆

ဆရာဇော်လွင် . . . . သာစုကန်ကျေးရွာ ပုဏ္ဏကတိုက်ခြင်း . . . . . . ၅၁

မင်းအိမ်ခန့် . . . . . . တက္ကစီကားသမားနဲ့တစ္ဆေခြောက်ခံရတဲ့ည . . ၁၂၆




တာတေ

စီစဉ်မွမ်းမံတည်းဖြတ်သည်။

တာဝန်ခံ အယ်ဒီတာ
ဇော်ဇော်

အမှုဆောင် အယ်ဒီတာ
ယမုံစိုး ၊ ခင်မြင့်သီ

ပြင်ပဆက်သွယ်ရေး
ကိုမောင်မောင်

မျက်နှာဖုံးဒီဇိုင်း - ကျော်မင်းမောင်
ကွန်ပျူတာစာစီ - ဇာနည်မော်
မျက်နှာဖုံးနှင့်အတွင်းCTP - Eagle
စာအုပ်ချုပ် - မျိုးကြီး(မေတ္တာပန်း)
ထုတ်ဝေသူ - ဦးဘုန်းဇော်(၀၀၄၅၃)
အမှတ်-၂၈၂၊ လမ်း-၄၀၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးသိန်းဦး(၀၀၆၅၂)
မြတ်ရတနာ ပုံနှိပ်တိုက်
အမှတ်-၄၂၊ ၄၂လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
တန်ဖိုး - ၅၀၀ ကျပ်
စောင်ရေ - ၁၀၀၀ အုပ်

ပင်ရင်းဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင်စာပေ
အမှတ်-၃၅၊ ဖေယျာသီရိလမ်း။
ဒေါပုံမြို့နယ်၊ ရန်ကုန်။
ရန်ကုန်ဖြန့်ချိရေး - စံလှစာပေ(၂၉-လမ်း)၊
စောဦးစာပေ(၃၁-လမ်း)
မိတ်ဆွေစာပေ(အင်းစိန်)
မွန်မြတ်ရတနာစာပေ(လမ်းမတော်လမ်း)
မန္တလေးဖြန့်ချိရေး - နဂါးစာပေ၊ ထွန်းဦးစာပေ၊ ခေတ်မီစာပေ၊
မင်းမဟော်စာပေ၊ မောင်မောင်ပြေစာပေ
မော်လမြိုင်ဖြန့်ချိရေး - ကျော်ကျော်စာပေ
မုံရွာဖြန့်ချိရေး - အောင်မင်္ဂလာစာပေ
တောင်ကြီးဖြန့်ချိရေး - ပြည့်စုံစာပေ
ပျဉ်းမနားဖြန့်ချိရေး - သော်တာစန်းစာပေ



ဆရာကြီး ဦးမင်းအောင်နဲ့ ဆရာနှံ့ဖတို့နောက်ကို ကျုပ်
လျှောက်လိုက်နေတုန်းကဗျ။ ကျုပ်ကိုယ်တိုင် ကြုံခဲ့တဲ့ဖြစ်ရပ်
ကလေးတစ်ခုပေါ့ဗျာ။

# တစ္ဆေမျက်ကန်း

ရှမ်းပြည်ဘက်မှာ ရောက်နေတဲ့ ကဝေပျံ တစ်ယောက်ကို ဆရာကြီး ဦးမင်းအောင် နှိမ်နင်းလိုက်ပြီးလို့ ကျုပ်တို့ ပြန်အလာမှာ လမ်းရွာကလေး တစ်ရွာကို ဝင်ပြီး နေ့လယ်စာ ထမင်းစားကြတယ်။ အဲဒီရွာမှာက ဆရာနွံဖရဲ့ တပည့်တစ်ယောက် ရှိတာကိုးဗျ။

ဆရာကြီးနှစ်ယောက်နဲ့ ကျုပ်နဲ့ ထမင်းစားသောက်ပြီးတဲ့အချိန်မှာ ရွာသူကြီး ရောက်လာပြီး ဆရာတွေကို ဖမ်းတော့တာဗျို့။

"သူကြီး ဘာကိစ္စများ ရှိလို့တုံးဗျ"

ဆရာနွံဖက မေးတာဗျ။ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့ သူကြီးက ပြောတယ်။

"ဒီလိုပါ ဆရာကြီးတို့၊ ကျုပ် အုပ်ချုပ်ရတဲ့ ဒီရွာမှာ ကလေးမလေးတွေ နှစ်ယောက် သုံးယောက် ရှိပြီဗျ၊ အကောင်းသားကနေ မူးကြ၊ ဝေကြ၊ အော့ကြ၊ အန်ကြ ဖြစ်ကြတာ။ ကျုပ်စိတ်ထင်တော့ ဒီကလေးမတွေ လူပြုစားခံရတယ်လို့ ထင်တယ်ဗျ။ အဲဒါ ဆရာကြီး တစ်ဆိတ်လောက်ကြွပြီး စစ်ဆေးပေးပါဗျာ၊ ကျုပ် အိမ်မှာပဲ ခေါ်ထားပါ့မယ်။ တကယ်လို့ စုန်းကိုဖော်လို့ ရရင်တော့ ဒီရွာမှာ မထားဘူး၊ ရွာပြင်ထုတ်ထားမယ်"

"အင်းလေ ကျုပ်လည်း ကြုံနေမှပဲ လိုက်ခဲ့မှာပေါ့ သူကြီးရာ"

ဆရာကြီးတွေနဲ့ ကျုပ်နဲ့ သူကြီးအိမ်ရောက်တော့ သူကြီး

ခေါ်ထားတဲ့ ကလေးမလေးသုံးယောက်နဲ့ သူတို့အမေတွေပါ ရောက်နေကြတာဗျ။ ကလေးမလေးတွေက ဆယ့်လေးငါးနှစ်လောက်ပဲ ရှိမှာပါဗျာ။

ဆရာကြီး ဦးမင်းအောင်က ကလေးမတွေကို ဘုရားကန်တော့ခိုင်းတယ်။ ပြီးတော့ လက်ကို သွေးစမ်းပြီး ရောဂါစစ်တယ်။

“ဟုတ်တယ် သူကြီး၊ ဒီကလေးမတွေ စုန်းပြုစားခံထားရတာ”

“ဟာ ဟုတ်လား ဆရာကြီး၊ ဒါဆိုရင် ပြုစားတဲ့စုန်းမကို ဆရာကြီး ဖော်ပေးပါဗျာ”

“ကောင်းပြီလေ၊ ခင်ဗျားရွာထဲက မိန်းမတွေ ကြီးတာရော ငယ်တာရော အားလုံးဆင့်ခေါ်လိုက်တော့ဗျာ”


ခဏကြာတော့ သူကြီးအမိန့်နဲ့ ရွာထဲကမိန်းမ သုံးလေးဆယ်လောက် သူကြီးအိမ်ကို ရောက်လာတယ်ဗျ။ ကလေးမလေးတွေပါ အကုန်ရောက်လာကြတာဗျို့။

“ကဲ ဆရာကြီး ဟောဒါ ကျုပ်ရွာမှာရှိတဲ့ မိန်းမကုန်ပဲဗျ”

ဆရာကြီး ဦးမင်းအောင်က ခေါင်းညိတ်လိုက်ပြီး သူ့ဆေးအိတ်ထဲက သစ်သားသေတ္တာပုံးကလေးကို ထုတ်ယူလိုက်တယ်။ သေတ္တာကလေးဖွင့်ပြီး အထဲက အနီရောင် ဗုံကလေးကို ထုတ်ယူလိုက်တယ်ဗျ။

# တာဆွဲမျက်ကျိုး

ဗုံကလေးက အရှည်သုံးလက်မလောက်ပဲ ရှိမှာဗျ။ ဗုံရှည်တွေအတိုင်း သားရေနဲ့ ကြက်ထားတာဗျ။ ပြီးတော့ ဗုံတစ်ခုလုံး ဟင်္သာပြဒါးတွေ ရဲနေအောင် သုတ်ထားတာ။ ဗုံတီးတဲ့ တုတ်တံက ဖြူဖြူလေးဗျ။ ဆရာကြီး ဦးမင်းအောင်က ဘာမှ မပြောတော့ဘဲ ဗုံကလေးကို တုတ်တံဖြူဖြူကလေးနဲ့ တီးတော့တာပါပဲဗျာ။ ပါးစပ်ကလည်း ဂါထာလား မန္တန်လား တစ်ခုခုကို ရွတ်နေတယ်ဗျ။



"တုံ၊ တုံ၊ တုံ၊ တုံ"

ဗုံသံက ခပ်တိုးတိုး မြည်တာပေါ့ဗျာ။ ကျုပ် လည်း ဘာများဖြစ်လာမလဲလို့ ကြည့်နေတာဗျ။

"တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ"

ဟော ထိုင်နေတဲ့မိန်းမတွေအထဲက အသက် ဆယ့်ငါး နှစ်လောက်ရှိတဲ့ ကလေးမလေးတစ်ယောက် မတ်တတ်ထရပ်

ရောဗျို့။ ပြီးတော့ ဘာမပြော ညာ မပြောနဲ့ ကတော့တာပါပဲဗျာ။ ကလိုက်တာမှ ကွေးနေအောင် ကတာဗျို့။ ဆရာကြီးက ဗုံကို အဆက်မပြတ် တီးပြီး ပါးစပ်ကလည်း အဆက်မပြတ် ရွတ်နေတာဗျ။

ဒါပေမဲ့ နောက်ထပ် ဘယ်မိနစ်မမှ ထမက တော့ဘူးဗျ။ ဆရာကြီးက ဗုံလေးကို တော်တော်ကြာအောင် တီးပြီးမှ ရပ်လိုက်တယ်။ ဒီတော့မှ အဲဒီကလေးမလေး ကတာ ရပ်သွားတယ်ဗျို့။

"ကဲ ကလေးမ၊ ဒီရှေ့ကို ထွက်ခဲ့ပေတော့"

ဆရာကြီး ဦးမင်းအောင်ရဲ့ အသံအောင်အောင်ကြီးနဲ့ အမိန့်ပေးလိုက်တာနဲ့ အဲဒီကလေးမလေးက ရှေ့ကို ထွက်လာတယ်ဗျ။

"ကဲ ကလေးမ ဘယ်လိုဖြစ်တာတုံး"

ကြုံ့ကြုံ့ကလေးထိုင်နေတဲ့ ကလေးမလေးက ဆရာကြီးကို မကြည့်ဘဲ ပြောတယ်။

"ကျွန်မလည်း မသိပါဘူးရှင်"

ဆရာကြီး ဦးမင်းအောင်က ကလေးမလေးကို သေသေချာချာကြည့်ပြီး သူ့အမေကို ရှေ့ခေါ်ပြီး မေးတယ်။ သူတို့မျိုးရိုးမှာ ဒါမျိုးတွေတတ်တဲ့သူ မရှိတဲ့ အကြောင်း အမေလုပ်တဲ့သူက ပြောပြတယ်။ ဆရာကြီး ဦးမင်းအောင်က ခေါင်းညိတ်ပြီး…

"သူကြီး ဒီကလေးမကို ရွာပြင်ထုတ်လို့တော့ မဖြစ်

ဘူးဗျ၊ ဒါဝမ်းတွင်းစုန်းခေါ်တယ်၊ မွေးကတည်းက ပါလာတာဗျ၊ ဒါမျိုးက အင်မတန် ရှားပါးတယ်၊ သူ ကိုယ်တိုင်တောင် စုန်းဖြစ်နေတာကို သိတာမဟုတ်ဘူး"

"နေပါဦး၊ ကလေးမရဲ့အမေကို ကျုပ် မေးပါရစေ၊ ဒီကလေးမဟာ တစ်ခါတလေ ထမင်းမစားဘဲ သစ်သီးအမှည့်တွေပဲ စားပြီးနေတတ်တယ် မဟုတ်လား"

"ဟာ ဟုတ်တယ် ဆရာကြီး၊ သစ်သီးအမှည့်တွေ့ရင် ထမင်းမစားတော့ဘူး၊ အဲဒါတွေပဲ စားတာ ဆရာကြီးရဲ့"

"အင်း...စုန်းခုနစ်မျိုးမှာ ဒါ ခေါင်းစုန်းလို့ ခေါ်တယ်၊ ဟိုကလေးတွေရဲ့ အရိပ်ကို တစ်ခုခု လုပ်လိုက်တယ် ထင်တယ်ဗျ၊ ခေါင်းစုန်းဆိုတာ ခြေရာတို့ အရိပ်တို့ကနေ ပြုစားရတာ"

"ဟုတ်တယ်၊ ဟိုတစ်နေ့က ကစားတုန်းက ကျွန်မချည်း ရှုံးတာနဲ့ စိတ်ဆိုးပြီး သူတို့အရိပ်တွေကို ဖနောင့်နဲ့ ပေါက်လိုက်တာ"

"ကဲ ဒါဆိုရင် နင့်သူငယ်ချင်းတွေကို နင် ကိုယ်တိုင်ပဲ လက်နဲ့သပ်ချပေးလိုက်ပေတော့"

ကလေးမလေးက ထသွားပြီး ဘုရားစင်ရှေ့မှာ ထိုင်နေတဲ့ သူ့သူငယ်ချင်းမတွေကို တစ်ကိုယ်လုံး လက်နဲ့ သပ်ချပေးလိုက်တယ်။ ဆရာကြီးက သူ့အမေရဲ့ တောင်းပန်မှုကြောင့် ဆေးအိတ်ထဲက ပါလာတဲ့ ဆေးတွေ စုတ်တွေ ထုတ်ပြီး ကလေးမလေးကို ဆေးထိုးပေးတယ်။

## တာတေမျက်ကွင်း

"ကဲ အားလုံးစိတ်ချကြပတော့၊ နောက်ထပ် ဘာမှ မဖြစ်တော့ဘူး သိလား"

အဲဒီရွာက ပြန်ထွက်တော့မှ လမ်းမှာ ဆရာနွံဖ က ဒီဗုံကလေးအကြောင်း ပြောပြတာဗျ။ ဒီဗုံကိုတီးပြီး ဂါထာရွတ်ရင် ဘယ်စုန်းမှ မနေနိုင်ဘဲ ထ,ကကြတာ ဆိုပဲဗျ။ ဗုံအတီး မရပ်မချင်း ကနေတော့တာတဲ့ဗျ။

"တာတေ မင်းမှတ်ထား၊ ဝါးပျံကို အဆစ် နှစ်ဆစ် ကြားက ဖြတ်ယူ၊ ပြီးရင် ကြွက်သရေကြွက်ထားတာနဲ့ စည် ကြက်သလို ကြက်ရတယ်။ ပြီးရင် သစ်စည်းနဲ့ သရိုးကိုင်ပြီး ဟသ်ာပြဒါးသုတ်ရတယ်။ တီးတဲ့တုတ်တံက သစ်သား မဟုတ် ဘူးကွ၊ ကြောင်နက်အရိုး"

"ဗျာ…ကြောင်နက်အရိုး ဟုတ်လား ဆရာနွံဖ"

"အေး ဟုတ်တယ်၊ ရွတ်တဲ့ဂါထာက တခြား မဟုတ် ဘူးကွ၊ ပရိတ်ကြီး ဆယ့်တစ်သုတ်ထဲက ခန္ဓသုတ်ကိုရွတ်ပြီး ဘုံကို အဆက်မပြတ် တီးရတာ၊ ဘယ် စုန်းမှကို မနေနိုင် ပါဘူးကွာ၊ ထပြီး ကကြတာပါပဲကွာ"

ခင်ဗျားတို့ ဗဟုသုတရအောင် ပြောပြတာပါဗျာ။ ဗုံလုပ်ပြီး ကြောင်ရိုးနဲ့လည်း တီးမနေနဲ့ဦးနော်၊ ခင်ဗျားကို စုန်းတွေ ဝိုင်းကိုက်ကုန်ဦးမယ်။

◆ ◆ ◆

တာတေ

သရဲတစ္ဆေ စုန်းကဝေကို စိတ်ဝင်စားကြတဲ့
ကျုပ်ရဲ့ ပရိသတ်တွေအတွက်
ထူးထူးခြားခြားဖြစ်မယ့် ဒီ"တစ္ဆေမျက်လုံး မဂ္ဂဇင်း"ကို
ကျုပ်ကိုယ်တိုင် စီစဉ်ပြီး ထုတ်ဝေနေတယ်ဗျို့.....
ဒီမဂ္ဂဇင်းလေးမှာ ကျုပ်နဲ့အတူ ခင်ဗျားတို့ရဲ့
ထူးထူးခြားခြားအတွေ့အကြုံတွေကို
ပါဝင်ရေးသားနိုင်ပါတယ်။
ပါဝင်ရေးသားလိုသူများအနေနဲ့ ဒီလိပ်စာကို
ပေးပို့နိုင်ပါတယ်ဗျာ....

**တာတေ**

| |
|---|
| အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး |

အမှတ်–၃၅၊ ဓမ္မာသီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉ ၇၃၁၇ ၁၃၈၃၊ ၀၉ ၄၂၁၀ ၅၆၃၅၄၊ ၀၉ ၂၆၃၁၃၇၈၂၂

# ဘိုးတော်ပွင့် နှင့် နဂါးကဝေအစွမ်း

မောင်မိုးတိမ်

နဂါးကဝေမျိုးမည်သည် တွန့်လိမ်ကွေးကောက်ပြီး သူ့အင်္ဂါရပ်နှင့် သူဆောင်ကာ ပူးကပ်ဝင်ရောက်ခြင်း ပြုတတ်ကြသည်။ ထိုနဂါးကဝေမျိုးတွင် ကဝေရှင်မ မညိုလှ ဆိုသည့် အမျိုးသမီးတစ်ယောက်သည် တွေ့လေသမျှ ဆရာများအား အသေသတ်၍ အဆုံးစီရင်လိုသည့် ဝါသနာသည် ကဝေရှင်မ မညိုလှ၏နှလုံးသားတွင် ပျော်ရွှင်စရာများ မှတ်ထင်လေသလား မသိချေ။

မညိုလှသည် တစ်ချိန်က မနေဖြူမြို့ နန်းတော်ကုန်းနေ ဆရာဝ ဆိုသူနှင့် ပညာပြိုင်သည့်အချိန်ကလည်း သူသာလျှင် အနိုင်ရလိုက်သည့်အတွက် အသေသတ် အဆုံးစီရင်လိုက်သည်။

ထိုကဲ့သို့ သူတွေ့ခဲ့သမျှ ဆရာများနှင့် ပညာပြိုင်တိုင်း မညိုလှသာ အနိုင်ရပြီး အသေသတ်၍ ထိုဆေးဆရာများ၏ ဆေးလွယ်အိတ်၊ ဆေးကွမ်းအစ်၊ ဓာတ်လုံးလက်ဖွဲ့ စသည်တို့ကို ယူဆောင်၍ သိမ်းထားသည်မှာလည်း မနည်းပေ။

ငှင်းကဝေရှင်မ မညိုလှသည် မော်လမြိုင်ကျွန်း ခရေပင်ဓောက်ထိုးရွာသို့ ရောက်ရှိနေပေသည်။ ဆရာကြီး ဘိုးတော်ပွင့်နှင့် ဆရာလေး ဦးဘိုးဟန်တို့ ဆရာတပည့်နှစ်ဦးကလည်း ငှင်းခရေပင်ဓောက်ထိုးရွာသို့ ဂန္ဓာရီ လှည့်လည်၍ ရောက်ရှိလာလေတော့သည်။

ကဝေရှင်မ မညိုလှသည် ထူးကဲသော ဆရာ ရောက်လာသည်ဆိုလျှင်ပဲ သူမ၏ နှလုံးသားတွင် စွဲမြဲနေသော ဝါသနာအလျောက် ပညာပြိုင်လိုသောစိတ်ဖြင့် ဆရာကြီး ဘိုးတော်ပွင့်ထံသို့သွား၍ ပညာပြိုင်ရန် ပြောဆိုလေတော့သည်။

ဆရာကြီး ဘိုးတော်ပွင့်ကလည်း…

"တို့အထက်လမ်းတို့မည်သည် ပညာပြိုင်ရိုး ထုံးစံမရှိ၊ ဒါပေမဲ့ နင်ပြိုင်လိုလျှင် ပြိုင်ကြတာပေါ့"

ဟု လက်ခံလိုက်လေသည်။

မညိုလှသည် ပညာပြိုင်လိုစိတ်ကလည်း ပြင်းထန်၊ ကဝေမပင် ဖြစ်သော်လည်း ပစ္စည်းဥစ္စာ ပေါများဟန် ရှိလေသည့်အတွက် သူကိုယ်တိုင် ငွေကြေး အကုန်ခံ၍ ပညာပြိုင်ရန် မဏ္ဍပ်နှစ်လုံး ဆောက်လုပ်ပါသည်။ ဆရာကြီး ဦးပွင့်အတွက် မဏ္ဍပ်တစ်လုံး၊ သူမအတွက် မဏ္ဍပ်တစ်လုံး မဏ္ဍပ်နှစ်လုံး စီရင်ပြီး မညိုလှကပင် စတင်၍ ပညာပြိုင်ပါတော့သည်။

လင်းတသဏ္ဍာန် ဖန်ဆင်းခြင်း၊ ပျားပိတုန်းသဏ္ဍာန် ဖန်ဆင်းခြင်း၊ တောက်တဲ့သဏ္ဍာန်ဖန်ဆင်းခြင်း စသည်တို့ကို

တတ်စွမ်းသမျှ သူမပညာဖြင့် တစ်ခုပြီး တစ်ခု စေလွှတ်လျက် ရှိပါသည်။ ဘယ်လိုပင် စေလွှတ်ပါမူ မညိုလှ၏ ပညာအစွမ်းသည် ဆရာကြီး ဘိုးတော်ပွင့်၏ မဏ္ဍပ်အတွင်းသို့ တစ်စွန်းတစ်စမျှ ဝင်ရောက်နိုင်ခြင်း မရှိပေ။

ထိုအခါ ဆရာကြီး ဘိုးတော်ပွင့်က…

"ဟဲ့ နှင့်ပညာ ဒါအကုန်ပဲလား"

ဟု မေးသော်…

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်မ ပညာအကုန် ပြပြီးပါပြီ"

ဟု ပြောဆိုပြီး သူမ၏ ဦးခေါင်းမှ ဆံပင်ကို ဖြည်ချပြီး ဦးခေါင်းကို ခါရမ်းလိုက်သည်တွင် နဂါးမကြီးအသွင်သို့ ပြောင်းလဲသွားပါတော့သည်။

ဆရာကြီး ဘိုးတော်ပွင့်သည် သူ၏မဏ္ဍပ်အတွင်းရှိ ကုလားထိုင်တွင် ထိုင်၍ ဆရာလေး ဦးဘိုးဟန်က ဘိုးတော်ပွင့်၏ ရှေ့ ကုလားထိုင်ခြေရင်းတွင် တုပ်တွရိုကျိုးပြီး ထိုင်နေလျက်ရှိသော မဏ္ဍပ်အတွင်းသို့ နဂါးကြီး ဝုန်းဒိုင်းကြဲ ဝင်အလာတွင် ဆရာကြီး ဘိုးတော်ပွင့်က ဘယ်လက်ညှိုးဖြင့် ထိုးကာ 'ဟဲ့' ဆိုပြီး ငေါက်လိုက်သည်တွင် နဂါးအမောက် ကျိုးကျသွားပြီး ကဝေမ မညိုလှအဖြစ်သို့ ပြန်လည်ရောက်ရှိသွားလေတော့သည်။

"ဟဲ့ ကုန်ပြီလား"

ဟု ထပ်ဆင့်၍ မေးလိုက်သည်တွင်-

"ဟုတ်ကဲ့ ကျွန်မ ကုန်ပါပြီ၊ ဆရာကြီးရဲ့ ပညာသာ

ပြပါတော့"

ဟု ဆို၏။ ထိုအခါ ဆရာကြီးက…

"ငါ့ပညာကို ပြရတာပေါ့"

ဆိုပြီး လက်ထဲတွင်ရှိသော စမဖြတ်လိုးသော ဓားလေးကို ပွဲနှင့်အသင့်ရှိနေပြီဖြစ်သော ရေစင်ခွက်ထဲသို့ ပေါက်ထည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ကဝေမ မညိုလှ၏ နားထင်မှ သွေးစိမ်းများ စီးကျလာ၍ မြေပြင်သို့ ပုံလျက်သား ခွေကန်လဲကျသွားတော့သည်။

ဆရာကြီးမှ…

"နင့်ပညာ ကုန်ပြီလား၊ ငါ့ကို အကုန်လှူမည်လား"

ဟု မေးသောအခါ…

"ကျွန်မ လှူပါတော့မည်"

ဆိုပြီး သစ္စာပြု၍ လှူအပြီးတွင်-

"နင့်ရဲ့ နားထင်မှာ သွေးမဟုတ်တော့ဘူး၊ ရေတွေပါ"

ဟု ပြောလိုက်ရာ ရေအတိဖြစ်၍ ချမ်းသာရာရပြီး ကဝေမ မညိုလှသည် မှုလရှိရင်းစွဲပညာကို ဖျက်ဆီးဖြို့ချ၍ ဆေးကုသမှုကို ခံယူကာ အထက်လမ်း ပညာရပ်ကို တက်လှမ်းသွားလေတော့သည်။

◆ ◆ ◆

Credit to – ရွှေရင်ကျော်

Post by; မောင်မိုးတိမ်

တစ္ဆေမျက်ကွင်း



# သမိုင်းထဲက တစ္ဆေများ

ကဝေနီ

ကျွန်တော်တို့ ငယ်စဉ်မှစ၍ ယနေ့တိုင် အမျိုးမျိုး အဖုံဖုံသော တစ္ဆေသရဲဇာတ်လမ်းများကို ကြားခဲ့ကြရသည်။ သရဲတစ္ဆေဆိုသည်မှာ အမှန်တကယ်ပင် ရှိသလော။ ဘုရားရှင်လက်ထက်က ဗုဒ္ဓစာပေများတွင်မူ အထင်အရှား ရှိခဲ့သည်မှန်၏။

## တစ္ဆေပျက်ကျိန်

ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းတွင်လည်း သရဲ တစ္ဆေဖြစ်ရပ်များသည် အထင်အရှား သက်သေတည်ရှိခဲ့သည်ကို တွေ့ရ၏။

ပထမဆုံး ကမ္ဘာ့စာပေထက်တွင် သရဲတစ္ဆေအကြောင်းကို တွေ့ခဲ့ရသည်မှာ ရောမလူမျိုး စာရေးဆရာ ပလင်နီ(Pliny the Younger) ဆိုသူ၏ ပေးစာတစ်စောင်ထဲတွင် ဖြစ်သည်။

ပလင်နီက သူ့မိတ်ဆွေတစ်ဦးထံ ပေးပို့သော စာထဲတွင် သရဲခြောက်သည့် အကြောင်းအရာကို အကျယ်တဝင့် ရေးသားဖော်ပြထားခဲ့သည်။

ရောမမြို့တွင် အေသင်မြို့သားတစ်ဦးပိုင် အိမ်တစ်လုံးရှိသည်။ အိမ်မှာ ကြီးမားကျယ်ပြန့်သော လှပသည့် အိမ်ကြီးအိမ်ကောင်းတစ်လုံး ဖြစ်သော်လည်း နေမည့်သူမရှိ ဖြစ်နေလေ၏။ အကြောင်းမှာ အလွန်ဆိုးသွမ်းပြီး စက်ဆုပ်စရာကောင်းသော သရဲအိုကြီးတစ်ကောင် မင်းမူသောင်းကျန်းနေသောကြောင့် ဖြစ်သည်။ သရဲတစ္ဆေကို အယုံအကြည် မရှိသော ဂရိလူငယ်တစ်စုသည် ရဲတင်းစွာဖြင့် ညအိပ်သွားရောက်ကာ စမ်းသပ်ခဲ့ကြသည်။ ထိုည၌ပင် ထိုလူငယ်တစ်စု သွေးပျက်ထိတ်လန့်ကာ အရှုံးပေးထွက်ပြေးခဲ့ရသည်။

လူငယ်တစ်စု ပြန်ပြောကြသည်မှာ ထူးဆန်းထိတ်လန့်ဖွယ် ညည်းညူသံကြီးကို စကြားကြရကြောင်း၊ အော်ဂလီဆန်ဖွယ်ရာ အနံ့ဆိုးတစ်ခုကြီးကိုလည်း ထိုညည်းညူသံကြီးနှင့်အတူ ကပ်လျက်ထွက်ပေါ်လာကြောင်း ထို့နောက် လေးလံသည့် သံကြီး

ကြီးတစ်ခု ပွတ်တိုက်ရွေ့လျားလာသံကို ကြားရသည့်အခါတွင် ကြောက်စိတ်ကို ဘယ်လိုမှ မထိန်းနိုင်ကြတော့ဘဲ ထွက်ပြေးခဲ့ ကြခြင်း ဖြစ်သည်ဟူ၍။

ထို့နောက်ပိုင်းတွင်မှ ၎င်းအိမ်ကြီး ငှားရမ်းမည့်သူတစ်ဦး ပေါ်လာခဲ့လေ၏။ စာရေးဆရာတစ်ဦးဖြစ်သူ အေသင်နိုဒိုရပ်စ် (Athenodorous)ဆိုသူဖြစ်သည်။ သူသည် ထိုအိမ်ကြီး၏ ဆိတ် ငြိမ်မှုကို မြင်မြင်ချင်း အလွန်သဘောကျခဲ့သည်။ ဈေးနှုန်းက လည်း အလွန်ချိုနေခဲ့သည်။

အိမ်က အတိအလင်းပင် ၎င်းအိမ်၌ သရဲတစ်ကောင်ရှိ ကြောင်း ပြောသော်ငြား သူသည် နောက်မဆုတ်ဘဲ ငှားရမ်းခဲ့လေ ၏။

ထိုညက အိမ်ကို ငှားရမ်းလိုက်သူ အေသင်နိုဒိုးရပ်စ် သည် စာအုပ်တစ်အုပ်ထဲ၌ စိတ်ကို နှစ်မြုပ်ကာ ဖတ်ရှုနေချိန်ဖြစ် သည်။

လေးလံသော သံချိန်းကြိုးကြီးတစ်ခု ပွတ်တိုက် ရွေ့လျား သံက ရုတ်တရက် ကျယ်လောင်စွာ ပေါ်လာသည်။

သူ အံ့အားသင့်ပြီး အသံလာရာ ငေးကြည့်နေစဉ်မှာပင် သူ့ရှေ့တည့်တည့်တွင် အရိုးပြိုင်းပြိုင်းကျနေပြီး ဆွေးမြည့်သော အဝတ်အစားဖြင့် အဘိုးကြီးတစ်ယောက် ဘွားကနဲ ပေါ်လာလေ ၏။ အဘိုးကြီးပုံမှာ စက်ဆုပ်ရွံ့ရှာဖွယ်ရာ ဖြစ်နေသည်။ အသား တွေက ဆွေးမြည့်ပုပ်ကျနေသည်။ ပိုမိုချောက်ချားဖွယ်ကောင်းသည်

က အဘိုးကြီး၏ လက်နှစ်ဖက်နှင့် တစ်ကိုယ်လုံးကို ကြီးမားသော သံချိန်းကြိုးကြီးတစ်ခုနှင့် ရစ်ပတ်ကာ ချည်နှောင်ထားခြင်းပင် ဖြစ်သည်။ သံချိန်းကြိုးကြီးမှာလည်း သံချေးတွေ အထပ်ထပ်။

အေသင်နိုဒိုးရပ်စ်သည် သတ္တိကောင်းသူတစ်ယောက် ဖြစ်သည်။ မည်သို့မျှ တုန်လှုပ်ခြင်းမရှိဘဲ အသာအယာပင် လက်တစ်ဖက်ကို ဝှေ့ရမ်းကာ အဘိုးကြီးအား ထွက်သွားစေလိုက်သည်။ ပြီးနောက် စာဆက်ဖတ်နေလိုက်သည်။ သရဲအိုကြီးက ခေါင်းမာသည်။ ထွက်မသွားဘဲ အနားတွင် လှည့်ပတ်လျှက် ချိန်းကြိုးသံများကို ပိုမိုကျယ်လောင်ဆူညံစေကာ ရွှေ့လျားနေသည်။

သတ္တိကောင်းသလောက် စိတ်တိုတတ်သူ အေသင်နိုသည် အနားရှိ တုတ်တစ်ချောင်းကို ကောက်ဆွဲကာ အဘိုးကြီးအား လိုက်ရိုက်လေ၏။ ထိုအခါတွင်မှ သရဲအိုကြီးလည်း အိမ်ရှေ့ခြံထဲသို့ တန်းနေအောင် ပြေးလေတော့၏။

အေသင်နိုက နောက်မှ တုတ်နှင့်လိုက်ရာ ခြံထဲရှိ ချုံတစ်ခုနားအရောက်တွင် ပျောက်ကွယ်လေသည်။

အတွေးအခေါ်ကောင်းသော 'အေသင်နို' သည် သရဲအိုကြီး ပျောက်ကွယ်သွားသော ချုံပုတ်နေရာကို ခဲလုံးတစ်ခုဖြင့် အမှတ်အသားပြုထားခဲ့လေ၏။

နောက်နေ့ မိုးလင်းတော့ အေသင်နိုသည် ရာဇဝတ်တရားသူကြီးတစ်ဦးအိမ်သို့ သွားကာ အကျိုးအကြောင်း ပြောဆို

တိုင်ပင်၏။

ထို့နောက် အေသင်နီနှင့် ရာဇဝတ်တရားသူကြီးတို့သည် အေသင်နီ၏အိမ်မှ ကျွန်များကိုခေါ်ကာ အေသင်နီညက အမှတ်အသားပြုထားသော သရဲအိုကြီး ပျောက်သွားသည့်နေရာကို တူးဖော်စေ၏။

အတန်ကြာ တူးဖော်ပြီးသောအခါ အရိုးစုတစ်ခုကို တွေ့ရ၏။ အရိုးစု၏ လက်နှစ်ဖက်ကိုမူ ကြီးမားသော သံချိန်းကြိုးတစ်ခုနှင့် ခတ်ချည်နှောင်ထားလေ၏။ ရာဇဝတ်တရားသူကြီးသည် ၎င်းအရိုးစုကို လှည့်ကြည့်ပြီး ပြုလုပ်ခဲ့သော မကောင်းမှုတို့ရှိပါက ပြေပျောက်ပါစေကြောင်း အမိန့်ပြန်ပေးလေ၏။

ထို့နောက် အရိုးစုလက်မှ သံချိန်းကြိုးကြီးကို ဖြုတ်ပေးလိုက်သည်။


သင့်တော်သော အခမ်းအနားတစ်ခုဖြင့် ၎င်းအရိုးစုကို မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ကြသည်။

နောက်ပိုင်းတွင် ချိန်းကြိုးသံလည်း မကြားရတော့၊ သရဲအိုကြီးကိုလည်း မတွေ့ရတော့ပေ။

အထက်ပါ အကြောင်းအရာတို့မှာ သမိုင်းတွင် အစောဆုံး မှတ်တမ်းတင်ထားသော ရောမလူမျိုး ပလင်နီ၏ ပေးစာပါ သရဲတစ္ဆေ အကြောင်းအရာများပင် ဖြစ်တော့သည်။

◆ ◆ ◆

ကဝေနီ


JJ

တာဝဍ္ဍမျှော်ကုန်း

# သရဲမွေးသော ခြံဝိုင်းကြီး

## မင်းဟိန်းဆိတ်

ဦးထွန်းအောင် လက်ပတ်နာရီကို ကြည့်သည်။ မနက် ၈ နာရီ ရှိနေပြီဖြစ်၏။ ထို့ကြောင့် မိန်းမဖြစ်သူ ဒေါ်အေးကြွယ်အား ထမင်းချက်ရန် ပြောလိုက်သည်။

"ကိုင်း…ဒေါ်အေးကြွယ်၊ မင်းနဲ့ သမီးကြီး မနက်စာ ထမင်းချက်ကြတော့ကွာ"

"ရှင်ကလည်း လှေဆိပ်က ပစ္စည်းတွေတောင် အကုန် မရောက်သေးဘူးလေ၊ ပစ္စည်းတွေ အကုန်ရောက်မှ ချက်ပြုတ်ရင် မကောင်းဘူးလား"

JR

ဟု ဒေါ်အေးကြွယ်က ပြန်ပြောသည်။

"လှေဆိပ်က ပစ္စည်းတွေကို ကျန့်တဲ့လူတွေ သယ်ကြလိမ့်မယ်ပေါ့၊ လှေဆိပ်က ပစ္စည်းတွေ အကုန်ရောက်မှဆိုရင် နေမွန်းတည့်သွားလိမ့်မယ်၊ တို့က အခုမှ ပြောင်းလာကြတဲ့လူသစ်၊ နေရာသစ်ဆိုတော့ ကြို့တင်ချက်ပြုတ် စားသောက်ထားတာ ကောင်းပါတယ်၊ နေမြင့်မှဆို ကလေးတွေလည်း ဆာကုန်တော့မှာပေါ့၊ အခုလောလောဆယ်တော့ ဟိုသစ်ပင်အောက်မှာပဲ ချက်ပြုတ်လိုက်ကြ။ ရေတွင်းလည်း နီးလည်းနီးတယ်၊ ငါ အိမ်ကြီးဆီကိုသွားပြီး သော့ဖွင့်လိုက်မယ်"

ဟု ပြောပြီး ဦးထွန်းအောင်သည် မြေးသုံးယောက်တို့ဘက်ကို လှည့်ကြသည်။

မြေးသုံးယောက်တို့မှာလည်း နေရာသစ်တစ်ခုသို့ ရောက်နေ၍ စကားပြောခြင်း၊ သွားလာခြင်း၊ မြေးလွှားဆော့ကစားခြင်း မလုပ်ရဲကြသေးဘဲ ငြိမ်ကုပ်ပြီး ထိုင်နေကြသည်။

"ကိုင်း... ငါ့မြေးတွေကလည်း ဆော့ချင်ဆော့ကစားနေကြ၊ သိပ်ပြီး အဝေးတော့ မသွားကြနဲ့ဦး၊ ဒါက ဘိုးဘိုးငွေသုံးရာပေးပြီး ဝယ်ထားတဲ့ ခြံကြီးပါပဲ"

ဟု ပြောထားခဲ့ပြီး ဦးထွန်းအောင် အိမ်ကြီးဆီကို လျှောက်သွားသည်။

ဦးထွန်းအောင်က သစ်ကုန်သည်ကြီး ဖြစ်သည်။ ထို့ကြောင့် သည်ရခိုင်ရိုးမ တောင်ခြေတစ်ခို၌ ပျဉ်းကတိုးသစ်များ

ပေါသဖြင့် သစ်ထုတ်လုပ်ရန်အတွက် သည်နေရာဒေသကို ရွေးချယ်လိုက်သည်။

ထို့နောက် ရွာနှင့် တစ်မိုင်မျှလှမ်းပြီး ပိုမို တောင်ခြေကျသော သည်ခြံနှင့်အိမ်ကြီးကိုပါ ဝယ်ယူလိုက်သည်။ သည်အိမ်ကြီးမှာ နေထိုင်ပြီးပင် သစ်လုပ်ငန်းကို လုပ်ကိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိသားစုကို တစ်ပါတည်း ပြောင်းလာခဲ့ခြင်းဖြစ်သည်။

ဦးထွန်းအောင်မှာ သားကြီး ကျော်ထွန်းအေး၊ သမီးကြီး ငွေရင်အေး၊ သမီးငယ် ငွေရင်ဖြူ ဟု သားသမီးသုံးယောက်ရှိသည်။

သားကြီးနှင့်သမီးကြီးတို့က အိမ်ထောင်ကျပြီး သားကြီးမှာ ကလေးနှစ်ယောက်၊ သမီးကြီးမှာ ကလေးတစ်ယောက်အသီးသီး ရှိနေကြပြီ။ သမီးငယ်က ယခုမှ အသက် ၁၉ နှစ်မျှရှိသေး၍ အိမ်ထောင်လည်း မကျသေးပေ။

ထို့အပြင် အိမ်ကူအဖြစ် အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားသုံးယောက်တို့လည်း ပါလာကြသေး၍ ဦးထွန်းအောင်၏ မိသားစုသည် မနည်းပေ။ ထို့ကြောင့်လည်း လုပ်ငန်းသဘောအရ ကြာကြာနေထိုင်ရန်အတွက် ဦးထွန်းအောင် သည်ခြံနှင့်အိမ်ကြီးကို ဝယ်ယူလိုက်ခြင်း ဖြစ်သည်။

ခြံဝိုင်းကြီးကလည်း ဆယ်ဧကကျော်မျှ ကျယ်ဝန်းသည်။ သည်ခြံကြီးကို စတင်တည်ထောင်ခဲ့သော မူလပိုင်ရှင်

သည် ဂျပန်များ တိုင်းပြည်ထဲသို့ ဝင်ရောက်စ အချိန်တွင် ရောက်ရှိလာပြီး သည်နေရာ၏ မြေလွတ်မြေရိုင်းကြီးကို ခြံအဖြစ် ဖန်တီးကာ လွတ်လပ်ရေးရပြီး၍ တိုင်းပြည် ပြန်လည်ငြိမ်သက်သည်အထိ ကာလတစ်လျှောက်လုံး သူ၏ မိသားစုများနှင့်အတူ ဆယ်နှစ်ကျော်မျှ နေထိုင်သွားခဲ့သည်။ ယခုတစ်ဖန် ဦးထွန်းအောင်က သစ်လုပ်ငန်းကို အကြောင်းပြုပြီး တန်ဖိုးငွေ သုံးရာကျပ်ဖြင့် ပေးဝယ်လိုက်၍ ဦးထွန်းအောင်၏ခြံ ဖြစ်လာခဲ့သည်။ ယခုဆိုလျှင် မူလပိုင်ရှင်များ ပြောင်းရွှေ့သွားကြသည်မှာ သုံးလခန့် ရှိခဲ့ပြီ။

မူလပိုင်ရှင်သည် ငှက်ပျော၊ သရက်၊ ပိန္နဲ၊ မန်ကျည်း၊ မာလကာနှင့် ရှောက်ပင်များကိုလည်း စိုက်ပျိုးထားခဲ့၍ အတော်လေးပင် စည်ပင်ဖွံ့ဖြိုးလျက် ရှိနေလေသည်။ ပင်တိုင်းသီးပြီး အကိုင်း၊ အခက်၊ အရွက် များကလည်း အရိပ်ပေးလျက် ရှိနေပြီ။ ထို့ကြောင့် ဦးထွန်းအောင်အဖို့ အတော်လေးပင် အဆင်ပြေနေလေသည်။

ဦးထွန်းအောင်သည် အိမ်ကြီးကို သော့ဖွင့်ပြီး လျှောက်ကြည့်နေမိ၏။ ဟစ်အိမ်လုံး ကျွန်းကတိုးသစ်များဖြင့် ဆောက်လုပ်ထား၍ ရဲရဲနီနေသည်။ အိမ်ကကြီး/ ကျယ်ပြီး အခန်းအတော်များများကိုလည်း ဖွဲ့ထားသည်။ ရှေးလည်းဆန်သည်။ အတော်လေးပင် ခိုင်ခန့်သပ်ရပ်စွာဖြင့် ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

မူလပိုင်ရှင်သည် သည်မျှအခိုင်အခံ့ ဆောက်လုပ်ထားပြီး ဆယ့်ကိုးနှစ်မျှသာ နေထိုင်ကာ ဦးထွန်းအောင်အား ရောင်းချထားခဲ့၍ သစ်လုပ်ငန်းကို ကြာကြာလုပ်ကိုင်ပြီး နေထိုင်လိုသည့် ဦးထွန်းအောင်အဖို့ အတော်လေးပင် အဆင်ပြေသည်၊ ကံကောင်းသည်ဟုပင် ဆိုရပေတော့မည်။

ထိုအခိုက်မှာပင် ဆူဆူညံညံဖြင့် "အမေရေ… အဖေရေ…"ဟု မြေးတစ်စုတို့၏ အော်ဟစ်ငိုကြွေးပြီး ထွက်ပြေးကြသံကို ကြားလိုက်ရ၍ ဦးထွန်းအောင် အိမ်ကြီးပေါ်မှ ပြေးဆင်းပြီး လိုက်သွား၏။

အိမ်ရှေ့သို့ရောက်၍ ကြည့်လိုက်ရာ ကလေးများသည် ထမင်းဟင်း ချက်ပြုတ်နေကြသော သူ့အမေ နှင့် သူ့အဘွားတို့ အနားတွင် စုရပ်ကာ ကြောက်လန့်တုန်လှုပ်ပြီး မျက်ရည်များ စို့ဝိုင်းနေကြသည်ကို တွေ့လိုက်ရသည်။

"ဟင်…ငါ့မြေးတွေ ဘာဖြစ်ကြတာလဲ၊ အဘိုးကို ပြောကြစမ်း၊ ဘာကိုကြောက်လို့ အော်ဟစ်ကြတာလဲ"

"ဘီလူးကြီး…"

ဟု အကြီးမလေးက အသံတုန်တုန်ဖြင့် ပြော၏။

"ဘာ…"

ဦးထွန်းအောင်၏အသံ ကျယ်လောင်သွား၏။ အကြီးမြေးမလေးက မျက်လုံးလေးများ ပြူးဝိုင်းလျက် ထပ်ပြောသည်။

"ဟိုအနားမှာ ဘီလူးကြီး"

ဟု ပြောပြီး ခြံကြီး၏ အနောက်မြောက်ထောင့်ဘက်ကို လက်ညှိုးထိုးပြသည်။ ထို့ကြောင့် ဦးထွန်းအောင် အပါအဝင် အနားမှာ ရှိနေကြသောလူအားလုံးပင် အကြီးမလေး လက်ညှိုးထိုးပြသည့် ခြံထောင့်ကို အကြည့်ရောက်သွားကြသည်။

ခြံထောင့်သည် ယခုထမင်းချက်နေကြသည့် နေရာနှင့် လူကြီးခဲတစ်ပေါက်ခန့် လှမ်းသည်။ ထိုနေရာတွင် ကျိုးတိုးကျဲတဲ အပင်လေးများပေါက်၍လည်း ရှိသည်။ ဦးထွန်းအောင်သည် ထိုနေရာကို စိုက်ကြည့်ပြီး ဖြည်းဖြည်းမှန်မှန် လျှောက်သွားသည်။

ဦးထွန်းအောင် ထိုနေရာနှင့် ဆယ့်ငါးလံခန့် အနီးသို့ ရောက်လျှင် သက်ကယ်ပင်များ၏အကြားက လူကြီးတစ်ဖက်သာ သာခန့်ရှိသော ဖွဲနုရောင် လူခေါင်းနှင့်တူသော ခေါင်းကြီး တစ်လုံးသည် မြေကြီးထဲသို့ တဖြည်းဖြည်း နိမ့်ဆင်းပြီး ချိုးဝင် သွားသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် ဦးထွန်းအောင်လည်း မျက်လုံးပြူးပြီး ကြက်သီးမွေးညင်းများ ထောင်ထသွားလေသည်။ ခပ်ပါးပါး သက်ကယ်ပင်များ ရှိနေ၍ ထိုခေါင်းကြီးသည် လူဦးခေါင်းနှင့် တူသည်ကို တွေ့လိုက်ရသောကြောင့် မိစ္ဆာကြီးတစ်ကောင် ကောင်၏ ဦးခေါင်းကြီးသာ ဖြစ်နိုင်ကြောင်းကိုလည်း နားလည် လိုက်သည်။

ထိုသို့ စဉ်းစားရင်းက ဦးထွန်းအောင်မှာ သာ၍ပင် ကြောက်လန့်သွားရလေသည်။ ဒုက္ခပဲဟုလည်း အသံတိတ်စွာဖြင့်

တွေးလိုက်မိ၏။ ဤခြံကြီး၏ မူလပိုင်ရှင်သည် အဘယ်သို့ ပြုလုပ်ထားခဲ့သည်မသိ။

သို့သော် သည်အဖြစ်ကို မိသားစုများအား အသိပေး၍ ဖြစ်မည်မဟုတ်ပေ။ အသိပေးလိုက်လျှင် သာ၍ပင် ကြောက်လန့်သွားကြမည်ဖြစ်ပြီး ထိန်းမနိုင် သိမ်းမရသည်အထိ ဖြစ်သွားနိုင်သည်။

ထို့နောက် ဦးထွန်းအောင်သည် ထိုနေရာမှ ပြန်ခေါက်လာပြီး ကလေးများအား နှစ်သိမ့်ပေးလိုက်သည်။

"ငါ့မြေးတွေ မကြောက်ကြနဲ့ကွယ့်၊ ဘာမှလည်း မဟုတ်ပါဘူး၊ အဲဒီနေရာကို အဘိုး သွားကြည့်ပြီးပြီပဲ၊ ဘာမှ မရှိပါဘူး"

"ရှိတယ် အဘိုး၊ သမီးတို့ ပြေးဆော့နေကြတုန်း ချုံဖုတ်ကြားက ချောင်းကြည့်နေတဲ့ အကောင်ကြီးဟာ ဘုန်းကြီးကျောင်းက ဘီလူးကြီးအတိုင်းပဲ"

ဟု မြေးမလေးက ပြန်ပြောသည်။

"တော်စမ်း၊ အဘိုး သွားကြည့်ပြီးပြီ၊ ဘာမှ မရှိပါဘူးဆိုမှ၊ ကြောက်ရင် အဲဒီဘက်ကို မသွားကြနဲ့၊ ဒီအနားမှာပဲ ဆော့နေကြပေါ့"

ဟု ဦးထွန်းအောင်က မြေးမလေးအား ငေါက်ငမ်းပြီး နှုတ်ပိတ်လိုက်သည်။

အဘိုးဖြစ်သော ဦးထွန်းအောင်က ငေါက်ငမ်း ပြောဆို

လိုက်သော်လည်း မြေးကလေးများမှာ ထိုမိစ္ဆာကောင်ကြီးကို ကိုယ်တိုင်မြင်လိုက်ကြ၍ အကြောက်မပြေသေးဘဲ မျက်လုံးကလေးများ ပြူးဝိုင်းပြီး ထိုဘက်ကိုသာ စိုက်ကြည့်နေကြလေသည်။

ဦးထွန်းအောင်၏ စိတ်ထဲတွင်လည်း အတော်လေးပင် လေးတေးတေးကြီးဖြစ်ပြီး ကြောက်လန့်နေမိသည်။ ဤမြွေကြီးကို ဝယ်ယူလိုက်မိသည်မှာ ကြီးစွာသော အမှားကြီးတစ်ခုကို ကျူးလွန်မိသလိုပင် ဖြစ်သွားရလေပြီလားဟုလည်း တွေးနေမိသည်။ သို့သော် သူ၏ ကြောက်နေမိသော အမှုအရာကို အိမ်သူအိမ်သားများ မရိပ်မိစေရန်အတွက် အတတ်နိုင်ဆုံး ထိန်း၍နေသည်။ သည်အဖြစ်ကို နောက်နေ့တွင် ရွာသားများအား ပြောပြပြီး အဖြေရှာမည်ဟုလည်း တေးထားလိုက်သည်။

ထို့နောက် ရေဆိပ်မှ ပစ္စည်းများကို သွားသယ် နေကြသော သား/သမက်၊ အလုပ်သမားများ ရောက်လာကြလျှင် နေ့လယ်စာ ထမင်းစားသောက်ကြသည်။ ထမင်းစားသောက်ပြီးနောက် အိမ်တွင်း၊ အိမ်ပြင်၊ လှည်းကျင်းရှင်းလင်းပြီး ပစ္စည်းများကို အိမ်ပေါ်သို့ ရွှေ့ပြောင်းကြသည်။ အောက်မှာထားမည့် ပစ္စည်းများကိုလည်း သူ့နေရာနှင့်သူ အဆင်ပြေအောင် ထားကြသည်။

ညနေပိုင်းသို့ရောက်လျှင် နေရာသစ်(အိမ်သစ်) ဖြစ်၍ ညနေစာထမင်းကို ခပ်စောစောပင် ချက်ပြုတ်ပြီး စားသောက်ကြသည်။ ညနေစာ စားသောက်ပြီးချိန်၌ နေညိုရုံမျှသာ ရှိ

သေးသည်။

ဦးထွန်းအောင်သည် သွားကြားထိုးရင်း မသိမသာ ပြတင်းပေါက်နားသို့ ကပ်သွားပြီး ခြံကြီး၏ အနောက် မြောက်ထောင့်ဘက်ကို လှမ်းကြည့်ပြန်သည်။ ထိုအခါတွင်လည်း မနက်ပိုင်းက မြင်လိုက်ရသော သက်ကယ်ပင်ဖုတ်များက ဖွဲနု ရောင် မိစ္ဆာခေါင်းကြီးကို မြင်ရပြန်သည်။

ဦးထွန်းအောင် ကြက်သီးဖြန်းဖြန်း ထသွားရပြန်သည်။ နောက်ဘက်က ဝင်လာဆဲ ရွှေရောင်ရှရှနေရောင် ထိုးနေ၍ ခေါင်းကြီးကို သဲကွဲစွာဖြင့် မြင်နေရသည်။ အစိမ်းသရဲများထက် ပိုကြီး (ပိုဆိုး)သော ဖုတ်၊ ပြိတ္တာ၊ အင်းဘီလူး၊ ကျောက်ဘီလူးဟု ကြားဖူးသော မိစ္ဆာအကြီးစားထဲကသာ ဖြစ်ဖွယ်ရှိသည်ဟု ဦးထွန်းအောင် တွေးသည်။

ဦးထွန်းအောင်သည် အိမ်သူအိမ်သားများ ရိပ်မိ သွားကြမည်စိုး၍ ပြတင်းတံခါးကို ပြန်ပိတ်ကာ ဧည့်ခန်းတွင် စကြံလျှောက်နေမိသည်။ စိတ်သည်လည်း အတော်လေးပင် လှုပ် ရှားနေသည်။

တစ်အောင့်လေးအကြာတွင် နေဝင်သွား၏။ ဦးထွန်း အောင် ပြတင်းပေါက်နားသို့ ကပ်သွားပြီး ဖွင့်ကြည့်ပြန်သည်။ ထိုအခါတွင်လည်း ထိုခေါင်းကြီးကို မြင်နေရမြဲဖြစ်သည်။ သက် ကယ်ပင်လေးများ ကျိုးတိုးကျဲတဲ ကွယ်နေ၍ ရှင်းလင်းပြတ် သားစွာဖြင့် မမြင်ရသော်လည်း ထိုမိစ္ဆာကောင်ကြီးသည်

အိမ်ဆီသို့ လှမ်းကြည့်နေသည်မှာ သေချာနေသည်။

ထို့နောက် မိုးချုပ်လာသည်နှင့် ထိုမိစ္ဆာခေါင်းကြီး ရှိနေသော နေရာက မီးကဲ့သို့ ရဲရဲနီလာလေသည်။ ထို့နောက် အိမ်ခေါင်မိုးပေါ်သို့ သဲလိုလို၊ မိုးစက်ပေါက်လိုလို တဖြောက်ဖြောက် ကျလာလေသည်။ အိမ်သူအိမ်သားများက အထူးအဆန်းဖြစ်ပြီး ခေါင်းမိုးပေါ်ကို မော့ကြည့်ရုံမျှသာ ကြည့်နေကြသော်လည်း ဦးထွန်းအောင်ကမူ ဤသည်မှာ မိစ္ဆာကောင်ကြီး၏ လက်ချက်သာဖြစ်သည်ဟု အလိုလိုသိနေသည်။

ထို့နောက် တဖြောက်ဖြောက်သံများသည် ပိုမိုကျယ်လောင်လာ၏။ တဖြောက်ဖြောက်မှ ခဲလုံးများ၊ မြေခဲတုံးများဖြင့် ပစ်ပေါက်သကဲ့သို့ တဘုန်းဘုန်း တအုန်းအုန်း ကျလာလေသည်။ သို့မှ အိမ်သူအိမ်သားများလည်း သရဲခြောက်မှန်းကို သိသွားကြလေသည်။ အိမ်တံခါးများကိုလည်း လုံအောင်ပိတ်ထားလိုက်ကြသည်။

"ငါ့သား၊ ငါ့မြေးတို့ မကြောက်ကြနဲ့ကွ၊ သရဲခြောက်လို့ သေတယ်ဆိုတာလည်း မရှိပါဘူး၊ မကြောက်ဖို့ပဲ လိုတယ်၊ စိတ်ကို တင်းတင်းထားကြ"

ဟုပြောပြီး ဦးထွန်းအောင်သည် နှစ်လုံးပြူးသေနတ်ကြီးကို ကောက်ကိုင်လိုက်၏။

ထိုအချိန်၌ အိမ်ကြီးကို ကိုင်လှုပ်သလို၊ ပြေးတိုက်သလိုပင် ကြမ်းလာလေသည်။ လေးတောင်ဖွင့်၊ လေးခန်း၊

အိမ်ရှေ့အိမ်နောက် လက်ခံပါသော ပျဉ်းကတိုးအိမ်ကြီးသည်ပင် သိမ့်သိမ့်တုန်နေလေသည်။

ထိုအချိန်၌ လရောင်သည်လည်း ခပ်ပါးပါးမျှသာ ရှိသည်။ ဦးထွန်းအောင်သည် တံခါးပေါက်များကို မဖွင့်ရဲဘဲ စာကလေး ဝင်ပေါက်မှ အပြင်ဘက်ကို ချောင်းကြည့်သည်။ အပြင်တွင် လူတို့ထက် လေးငါးဆခန့်ကြီးသော သတ္တဝါကြီး တစ်ကောင်သည် အိမ်ကြီးကို လှည့်ပတ်လျက် ကိုင်လှုပ်ပွတ်တိုက် နေသည်ကို ထင်ထင်ရှားရှား မြင်နေရသည်။

ထို့နောက် ကျယ်လောင်စွာဖြင့်လည်း တက်ခေါက် သေးသည်။ အိမ်သူအိမ်သားများမှာ အိပ်ပင် မအိပ်ရဲကြတော့ဘဲ အိမ်ခန်းအလယ်တွင် စုထိုင်ပြီးသာ တုတ်တုတ်မျှ မလှုပ်ရဲဘဲ ငြိမ်ကုပ်နေကြရသည်။

ဦးထွန်းအောင်၏ တစ်သက်တွင် သည်မျှအထိ ကြမ်းသော ခြောက်လှန့်ခြင်းမျိုးကို မကြုံဖူးသလို ကြားလည်း မကြားဖူးပေ။ ယခင်ကမူ ဦးထွန်းအောင်သည် တစ္ဆေ၊ သရဲများကို သိပ်ပြီး ကြောက်လန့်တတ်သူ မဟုတ်ပေ။ ယခု ပက်ပင်းရင်ဆိုင် သရဲကြမ်းကြီးနှင့် ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်ကြုံလာရသောအခါ မကြောက်၍ မရတော့ပေ။

သရဲကြမ်းကြီးသည် အိမ်ကိုလှည့်ပတ်ပြီး ကိုယ်လုံးကြီးနှင့် ပွတ်တိုက်သည်ကို မြင်နေရသလို၊ ကျယ်လောင်သော တက်ခေါက်သံကြီးကိုလည်း ကြားနေရသည်။ လက်ထဲတွင်

နှစ်လုံးပြူးသေနတ်ကြီးကို ကိုင်ထားပါလျက် မပစ်ရဲသည်မှာလည်း နောက်ဆက်တွဲ ဖြစ်ကောင်းဖြစ်လာနိုင်သော ပြဿနာကို စဉ်းစားမိ၍ဖြစ်သည်။

သေနတ်ဖြင့် ပစ်လိုက်၍ မြင်နေရသော သရဲ မိစ္ဆာကောင်သည် သေသည်ဖြစ်စေ၊ အခြောက်အလှန့် ရပ်တန့်သွားသည်ဖြစ်စေ တော်၏။ မရပ်မတန့်ဘဲ ပိုဆိုးလာခဲ့လျှင် အထိန်းသိမ်းရ ပိုပြီးခက်သွားနိုင်သည်။ တစ်မိသားစုလုံး အသက်အန္တရာယ်ကျရောက်သည်အထိပင် ဖြစ်ကောင်းဖြစ်လာနိုင်သည်။

တစ္ဆေ၊ သရဲများတွင် သတ်၍သေသော တစ္ဆေ၊ သရဲရှိသလို၊ သတ်၍မသေသော တစ္ဆေ၊ သရဲ ဟူ၍လည်း ရှိသည့်အကြောင်းကို ကြားဖူးသည်။ အကုသိုလ်ကံအလျောက် ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ဖြစ်လာသော တစ္ဆေ၊ သရဲများကို သတ်၍ သေကောင်း သေမည်ဖြစ်သော်လည်း အင်းဖုတ် စသော အောက်လမ်းပညာရှင်များ ဖန်တီးထားသည့် တစ္ဆေ၊ သရဲများကိုမူ အခြားလူများ သတ်၍မသေ၊ ဖန်တီးရှင်ကိုယ်တိုင် သတ်မှ သေသည်ဟုဆိုကြသည်။

သတ်၍ မသေနိုင်သော တစ္ဆေ၊ သရဲများကို တိုက်ခိုက်မိပါက ပိုဆိုးကောင်း ဆိုးလာနိုင်သည်။ ဦးထွန်းအောင်က တစ္ဆေ၊ သရဲများနှင့် ပတ်သက်ပြီး မည်သည့်ပညာမျှ မတတ်ပေ။ ထို့ကြောင့်လည်း လက်ထဲတွင် သေနတ်ရှိပါလျက် မိစ္ဆာကောင်ကြီးကိုလည်း မြင်နေရသည့်တိုင်အောင် မပစ်ရဲခြင်းဖြစ်သည်။

မိစ္ဆာကောင်ကြီးသည်လည်း အိမ်ကိုလှည့်ပတ်ပြီး ဝင်တိုက်မြဲ တိုက်နေ၏။ တက်ခေါက်သံကြီးသည်လည်း ကျယ်လောင်နေမြဲဖြစ်၏။ ထိုထက်ပိုဆိုး၍ မလာသောကြောင့် တော်သေးသည်။

ထိုထက်ပိုဆိုးလာလျှင်လည်း ဦးထွန်းအောင် ဘာမျှ ပြန်လုပ်ရဲမည် မဟုတ်ပေ။ လည်စဉ်းခံရဖွယ်သာရှိ ၏။ ထို့ကြောင့် မတတ်နိုင်သည့်အဆုံး တစ်မိသားစုလုံး ငုတ်တုတ်မိုးလင်းရမည့် ကိန်းဆိုက်နေလေသည်။

အရှေ့ဘက်မှ ရောင်နီလာသည်နှင့် မိစ္ဆာကောင်ကြီး၏ တိုက်ခိုက်ခြင်းသည်လည်း ရပ်စဲသွားသည်။ သို့မှ ဦးထွန်းအောင် တို့မိသားစုလည်း သက်သာရာ ရသွားကြသည်။

မိုးစင်စင်လင်းသည်နှင့် ဦးထွန်းအောင် စဉ်းစားသည်။ သည်အတိုင်းနေ၍ မဖြစ်တော့။ ပတ်ဝန်းကျင်နှင့် ဆက်သွယ်ပြီး အကူအညီများ ရယူမှ ဖြစ်ပေတော့မည်။

♦ ♦ ♦

"အဲဒီအိမ်ကြီးအကြောင်းကို ကျွန်တော်လည်း မသိ ဘူးဗျ။ တိုင်းပြည်ထဲသို့ ဂျပန်တွေ ဝင်လာတယ်ဆိုတဲ့ သတင်းကို အတိအကျရတာနဲ့ ကျွန်တော်လည်း မိဘဆွေမျိုးတွေရှိတဲ့ရွာမှာ သွားနေတာပါ။ အခုရွာကို ပြန်လာတာလည်း လပိုင်းလောက်ပဲ ရှိပါသေးတယ်"

ဟု ရွာလူကြီးက ပြောပြသည်။ ရွာလူကြီး ဟူသည်မှာ

အစိုးရ ခန့်ထားသော ရွာသူကြီး မဟုတ်ပေ။ အရပ်လူကြီးမျှသာ ဖြစ်၏။

ထို့နောက် ရွာလူကြီးက ဆက်ပြောသည်။

''အဲဒီအိမ်နဲ့ခြံရဲ့ မူလပိုင်ရှင်ဟာလည်း ကျွန်တော်တို့ ပတ်ဝန်းကျင်ကမဟုတ်ဘဲ တစ်နေရာက ပြောင်းလာပြီး နေထိုင်သွားကြတာလို့ဆိုတယ်။ ကျွန်တော် ရွာကထွက်သွားပြီး မကြာခင်ပဲ သူတို့မိသားစုနဲ့ အပေါင်းအသင်း နှစ်ဆယ်လောက် ရောက်လာကြပြီး အဲဒီခြံကြီးကို ဖန်တီးပြီး နေထိုင်ကြသတဲ့။ သူတို့ ဘာကြောင့် ဒီနေရာကို ပြောင်းလာပြီး နေထိုင်ကြတယ် ဆိုတာလည်း တစ်ယောက်မှ မသိကြဘူး။ သူတို့က ပတ်ဝန်းကျင်နဲ့လည်း သိပ်ပြီး အဆက်အဆံမလုပ်ဘူး လို့ဆိုတယ်။ ယုတ်စွအဆုံး ဟင်းသီးဟင်းရွက်တွေကိုတောင် မဝယ်စားဘဲ ကိုယ်တိုင်သာ စိုက်ပျိုးပြီး စားသောက်ကြတယ်။ ကြက်၊ ဝက်၊ ဆိတ်၊ သိုး တွေကိုလည်း ကိုယ်တိုင်မွေးပြီး သတ်ဖြတ်စားသောက်ကြတယ်။ ငါးဟင်းပုစွန်ဆိုလည်း ပိုက်ကွန်တွေနဲ့ ကိုယ်တိုင်သွားဖမ်းပြီး စားသောက်ကြသတဲ့။ သူတို့မှာ လူအင်အားကတောင့်တော့ ဓားပြတောင် မတိုက်ရဲကြဘူးတဲ့။ ဂျပန်ဝင်လာလို့ ရွာပြို့သွားပြီးနောက် တချို့ရွာထဲမှာ ကျန်နေခဲ့ကြတဲ့ မိသားစုတွေထဲက ကောင်လေးတွေ သူတို့စိုက်ပျိုးထားတဲ့ အပင်အသီးတွေကို ခွင့်မတောင်းဘဲ သွားခူးရင်တော့ လူမမြင်ရဘဲ ပါးရိုက်လွတ်လို့ လန့်ဖျတ်အော်ဟာစ်ပြီး ထွက်ပြေးကြရတဲ့အကြောင်းလည်း ပြောပြ

ကြတယ်။ သာမန်ကလေးတွေကို မဆိုထားနဲ့၊ ဓားပြအဖွဲ့တွေ တောင်မှ သူတို့ခြံနားကို ကပ်လို့မရအောင် အစောင့်အရှောက်တွေ လုပ်ထားတယ်လို့ ဆိုတယ်''

ဦးထွန်းအောင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။ ထို့နောက် မေးသည်။

''ဒီတော့ သူတို့ ဘယ်အရပ်က ပြောင်းလာတယ်လို့ သိရပါသလဲခင်ဗျ''

''အဲဒါလည်း အတိအကျတော့ မပြောနိုင်ကြဘူးလေ၊ သူတို့က ပတ်ဝန်းကျင်နဲ့ သိပ်ပြီးအဆက်အစပ် မလုပ်ကြတော့ သူတို့အကြောင်းကို ဘယ်သိနိုင်ပါ့မလဲ၊ တချို့ကလည်း မင်းမျိုး မင်းနွယ်၊ သူဌေးသူကြွယ်တွေထဲက အရပ်စွန့်ကာ လူရောင် ဖျောက်ပြီး ထွက်ပြေးလာကြတဲ့လူတွေပဲ ဖြစ်မယ်လို့ ထင်ကြ တယ်။ အတိအကျတော့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဒီတော့ အဲဒီအိမ်/ခြံကြီးနဲ့ ပတ်သက်လို့ ဦးထွန်းအောင်ရဲ့ ကိုယ်တွေ့ အကြောင်းတွေကို ကျွန်တော့်ပြောပြပါဦး''

ဟု ရွာလူကြီးက ဆို၍ ဦးထွန်းအောင်က သူတွေ့ကြုံ ရသော ကုန်ခဲ့သည့်မနက်က ကလေးများ လန့်ဖျတ်အော်ဟစ် ထွက်ပြေးကြသည့် ဖွဲနုရောင် မိစ္ဆာဦးခေါင်းကြီးနှင့်တကွ တစ်ည လုံး အခြောက်အလှန့်ခံခဲ့ရသည့် ဖြစ်ကြောင်းကုန်စင်ကို ရွာလူကြီး အား ပြောပြလိုက်သည်။

''ဒါဆို အခြေအနေက တော်တော်ဆိုးတာပဲ၊ အတော်

ကြီး ကြမ်းတာယ်လို့လည်း ပြောနိုင်ပါတယ်၊ ခင်ဗျား အဲဒီခြံကြီးကို မဝယ်ခင် ကျွန်တော်တို့ ရွာသားတွေကို အရင်မေးစမ်း၊ တီးခေါက် ကြည့်သင့်တာပေါ့၊ အခုတော့ ဖွတ်ကြီးဝယ်လိုက်မိလို့ ရှင်းမရ ဖြစ်နေရပြီပဲ မဟုတ်လား''

''ကျွန်တော်လည်း အခုလို ဖြစ်လာလိမ့်မယ်လို့ မထင်ဘူးလေ၊ ပြီးတော့ ကျွန်တော်က မြို့သားဆိုတော့ ဒီရွာအကြောင်း လည်း မသိပါဘူး၊ ဒါကြောင့် အဲဒီခြံပိုင်ရှင် မိသားစုကိုလည်း ဒီရွာသားထဲက မိသားစုတစ်စုလို့ပဲ ထင်တာ၊ ဒါကြောင့်လည်း ကျွန်တော့်သစ်လုပ်ငန်းနဲ့ ပတ်သက်ပြီး လုပ်ငန်းပြီးစီးတဲ့အထိ နှစ်,လကြာကြာ နေထိုင်လို့ အဆင်ပြေမယ့် ခြံနဲ့အိမ်ကြီးဆိုပြီး ဝယ်လိုက်မိတာပါ''

ဟု ဦးထွန်းအောင်က စိုးရိမ်သောကကို ခံစားနေရသော လေသံဖြင့် ပြောလိုက်သည်။

ရွာလူကြီး သက်မတစ်ချက်ကို ချ၏။ မိမိထံသို့ တလေးတစားလာပြီး အကူအညီ အကြံဉာဏ်တောင်းခံ နေသော ဦးထွန်းအောင်ကိုလည်း သနားနေမိသည်။ ထို့နောက် ရွာလူကြီးက ပြောသည်။

''ဒီတော့ ဦးထွန်းအောင် ဒီလိုလုပ်ကြည့်ဗျာ၊ ဦးထွန်း အောင်ရဲ့ အိမ်နဲ့ခြံကြီးက ပုဏ္ဏားကတိုက်၊ ဖုတ်တိုက်၊ ဘီလူးတိုက် ဆိုတာမျိုး ဖြစ်နေလေတော့ ဒီအဖြစ်မျိုးကို တတ်ကျွမ်းနား လည်တဲ့လူ ကျွန်တော်တို့ရွာထဲမှာ တစ်ယောက်တော့ရှိတယ်။

ကျွန်တော် သူ့ကို ခေါ်ပေးမယ်၊ ဦးထွန်းအောင် သူနဲ့တွေ့တဲ့အခါ ဖြစ်ကြောင်းကုန် စဉ်တွေကို ပြောပြပြီး အကူအညီတောင်း ကြည့်ပေါ့၊ အဲလိုဆိုရင် မကောင်းဘူးလား"

"ကောင်းပါတယ်"

"ဟေ့ အကြီးကောင်၊ ဝေရေကို သွားခေါ် လိုက်စမ်း ကွာ၊ ငါခေါ်တယ်၊ ခဏလာခဲ့ပါလို့ ပြောလိုက်"

ရွာလူကြီးက ပြောလိုက်၍ အသက်(၃၀)ခန့် လူရွယ် တစ်ယောက် အိမ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းပြီး ရွာကြားထဲသို့ လျှောက်သွားလေသည်။ ထို့နောက် ရွာလူကြီးက ဆက်ပြောသည်။

"အခု ကျွန်တော် အခေါ်ခိုင်းလိုက်တဲ့ လူက အမှောင့် ပယောဂစတဲ့ ဂမ္ဘီရပညာတွေကို တော်တော် လိုက်စားထား တယ်၊ ဂျပန်ခေတ် တစ်ခေတ်လုံးလည်း အိန္ဒိယ၊ နီပေါ၊ တိဘက်၊ ဘူတန်စတဲ့ နိုင်ငံတွေမှာ သွားနေပြီး အဲဒီပညာတွေကို လေ့လာ သင်ယူခဲ့သေးတယ်ဆိုတော့ တော်တော်စွမ်းမယ့်သဘောလည်း ရှိပါတယ်"

(ဦးဝေရေမှာ ဤစာရေးသူ၏ ဘိုးလေး ဖြစ်သည်။ ငယ်စဉ်ကပင် ဆိုခဲ့သည့် ပညာရပ်များနှင့် ဗိန္ဓောဆေး စသော ပညာများကို ဝါသနာကြီးသည်။ တစိုက်မတ်မတ်လည်း လိုက်စားသည်။ ထိုပညာရပ် များဖြင့်ပင် တစ်သက်ပတ်လုံး အသက်မွေးသွားသည်။ အိန္ဒိယမှ ပြန်လာစတွင် ဆေးပညာ၊ မှော်ပညာများအပြင် အလမ္ဘာယ်လည်း ပြခဲ့ဖူးသည်။ ထို့နောက်

ရောမ မြွေဆိုးကြီးနှင့် ကြုံတွေ့လိုက်ရသောကြောင့် အလမ္မာယ် ပြသည့် အလုပ်ပြုတ်သွားခဲ့သည်။ ထိုအကြောင်းကို နောင်တွင် ရေးသားရန် စိတ်ကူးရှိသည်)

ဦးဝေရေသည် အိန္ဒိယဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ပြီး အိမ်ပေါ်ကို တက်လာသည်။ ထို့ကြောင့် တကယ့်ကုလားပယောဂ ဆရာကြီးတစ်ယောက်နှင့် တူနေပြီး ဆရာကြီးဂိုက်လည်း ကျသည်။

"ကိုင်း…ဝေရေ၊ မင်း ဒီလူနဲ့ စကားပြောကြည့်ပါဦးကွာ၊ ဒီလူက သူ့ခြံထဲမှာ သရဲခြောက်နေလို့တဲ့၊ ကိုင်း… ဦးထွန်းအောင်က ကိုယ်တိုင် တွေ့ကြုံခံစား နေရတဲ့အကြောင်း ဝေရေကို ပြောပြလိုက်ပါ"

ဦးထွန်းအောင်လည်း(ရွာလူကြီးကို ပြောပြ လိုက်သည့်အတိုင်း)ကုန်ခဲ့သည့်မနက်က မြေးမလေးများနှင့် စတင်တွေ့ကြရသော မိစ္ဆာကောင်ကြီးသည် တစ်ညလုံး ခြောက်လှန့်နေသည့်အကြောင်းကို ဦးဝေရေအား လုံးစေ့ပတ်စေ့ ပြောပြလိုက်သည်။

ဦးဝေရေက ဂရုတစိုက် နားထောင်နေ၏။ ထို့နောက် ပြောသည်။

"မူလခြံပိုင်ရှင်က သူမွေးထားခဲ့တဲ့ အကောင်ကို မေ့ပြီး ရပ်မသိမ်းခဲ့မိတာပဲ ဖြစ်မှာပါ၊ ဒီတော့ ခင်ဗျားကိုယ်တိုင် မြင်လိုက်ရတဲ့ ဖွဲနုရောင် ဦးခေါင်းကြီးဆိုတာက ဘယ်လိုနေရာမျိုးမှာလဲ၊ အဲဒါ ကျွန်တော့်ကို ပြောပြပါဦး"

ဇရာမ မြွေဆိုးကြီးနှင့် ကြုံတွေ့လိုက်ရသောကြောင့် အလမ္မာယ်ပြသည့် အလုပ်ပြုတ်သွားခဲ့သည်။ ထိုအကြောင်းကို နောင်တွင် ရေးသားရန် စိတ်ကူးရှိသည်)

ဦးဝေရေသည် အိန္ဒိယဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ပြီး အိမ်ပေါ်ကို တက်လာသည်။ ထို့ကြောင့် တကယ့်ကုလားပယောဂ ဆရာကြီးတစ်ယောက်နှင့် တူနေပြီး ဆရာကြီးဂိုက်လည်း ကျသည်။

"ကိုင်း…ဝေရေ၊ မင်း ဒီလူနဲ့ စကားပြောကြည့်ပါဦးကွာ၊ ဒီလူက သူ့ခြံထဲမှာ သရဲခြောက်နေလို့တဲ့၊ ကိုင်း… ဦးထွန်းအောင်က ကိုယ်တိုင် တွေ့ကြုံခံစား နေရတဲ့အကြောင်း ဝေရေကို ပြောပြလိုက်ပါ"

ဦးထွန်းအောင်လည်း(ရွာလူကြီးကို ပြောပြ လိုက်သည့်အတိုင်း)ကုန်ခဲ့သည့်မနက်က မြေးမလေးများနှင့် စတင်တွေ့ကြရသော မိစ္ဆာကောင်ကြီးသည် တစ်ညလုံး ခြောက်လှန့်နေသည့် အကြောင်းကို ဦးဝေရေအား လုံးစေ့ပတ်စေ့ ပြောပြလိုက်သည်။

ဦးဝေရေက ဂရုတစိုက် နားထောင်နေ၏။ ထို့နောက် ပြောသည်။

"မူလခြံပိုင်ရှင်က သူမွေးထားခဲ့တဲ့ အကောင်ကို မေ့ပြီး ရုပ်မသိမ်းခဲ့မိတာပဲ ဖြစ်မှာပါ၊ ဒီတော့ ခင်ဗျားကိုယ်တိုင် မြင်လိုက်ရတဲ့ ဖွဲနုရောင် ဦးခေါင်းကြီးဆိုတာက ဘယ်လိုနေရာမျိုးမှာလဲ၊ အဲဒါ ကျွန်တော့်ကို ပြောပြပါဦး"





"ခြံကြီးရဲ့ အနောက်မြောက်ထောင့်က သက်ကယ်ပင်တွေရှိတဲ့ နေရာမှာပဲခင်ဗျ"

ဦးဝေရေ တစ်အောင့်ကြာအောင် စဉ်းစားနေသည်။

ရွာသူရွာသားများလည်း တစ်ယောက်ပြီး တစ်ယောက်ရောက်လာကြ၍ ရွာလူကြီး၏ အိမ်ပေါ်တွင် ပွဲတော်ကြီးတမျှဖြစ်ကာ ပြည့်သွားလေသည်။ ကြားနေရသည့် သတင်းက တကယ့်ကြောက်**ခမန်းလိလိ**ကြီးဖြစ်နေ၍ ရွာသူရွာသားများလည်း **အလွန်အမင်း စိတ်**ဝင်စားနေကြသည်။

ထို့ကြောင့် တစ်ယောက်ပြီးတစ်ယောက် အဆက်မပြတ် **ရောက်လာ**နေကြ၍ နောက်မှရောက် လာကြသော **ရွာသူရွာသားများမှာ အိမ်**မဆံ့သဖြင့် ခြံထဲက သစ်ပင်အောက်များမှာသာ ဖြစ်သလိုထိုင်ပြီး နားထောင်နေကြရလေသည်။

"**ဦးထွန်းအောင်** ပြောသလို အဲဒီမိစ္ဆာကောင်ကြီးကို မြင်နေရတဲ့နေရာက အပင်တွေဟာ သက်ကယ်ပင်တွေတော့ ဖြစ်မယ်မထင်ဘူးဗျ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း အနီးတော့ ကပ်မကြည့်ရဲပါဘူး၊ ဒါကြောင့် သက်ကယ်ပင်တွေလို မြင်လို့ပြောတာပါ"

"ပြီးတော့ အဲဒီနေရာက ညမိုးချုပ်လာတာနဲ့ မီးတောက်ကြီးလို မြင်မနေရဘူးလား"

"ဟုတ်ပါတယ်၊ မိုးချုပ်တာနဲ့ အဲဒီနေရာက မီးလုံးကြီးလို ရဲရဲနီနေတာ တွေ့ရပါတယ်"

ဦးဝေရေ တစ်အောင့်ကြာအောင် စဉ်းစား၍နေပြန်သည်။ ထို့ကြောင့် ဦးထွန်းအောင်က ဝင်ပြောသည်။

"ဟုတ်ပါတယ်၊ ဆရာကြီး ပြောတဲ့အတိုင်း အားလုံး မှန်ပါတယ်၊ ဒီတော့ ဆရာကြီးရယ်၊ ကျွန်တော်တို့ မိသားစုကို သနားသောအားဖြင့် လိုက်ပြီးကူညီပေးပါဗျာ၊ ဆရာကြီး တောင်းသလောက် ကျွန်တော် ပေးပါ့မယ်"

ဟု ဦးထွန်းအောင်က အလွန်အမင်း ဦးဝေရေအား အားကိုးသော အမူအရာဖြင့် ပြောသည်။

"ဟုတ်ကဲ့၊ ကျွန်တော် လိုက်ကြည့်ပေးပါ့မယ်"

ဟု ပြောပြီး ရွာလူကြီး၏အိမ်ပေါ်မှ ဆင်းလာကြသည်။ ဦးထွန်းအောင်လည်း အတော်လေးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

သို့သော် ရွာသူရွာသားများက ဘုရားပွဲသွားသလို တန်းရှည်ကြီး လိုက်လာကြ၍ ထိုမျှအထိ မလိုက်ကြရန်ကို ရွာလူကြီးက ပြောဆိုပြီး တားမြစ်ရပြန်သည်။ ထို့နောက် ရွာလူကြီးတို့ သားအဖ၊ ရွာသူကြီး ဦးထွန်းတင်နှင့် ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်း သုံးလေးယောက်မျှခေါ်ပြီး ဦးထွန်းအောင်၏ အိမ်ခြံကြီးရှိရာဘက်ကို လျှောက်လာကြသည်။

ဦးထွန်းအောင်၏ မိသားစုများမှာ အိမ်ပေါ်မှာပင် မနေရဲကြဘဲ အိမ်ရှေ့မှာသာ စုထိုင်နေကြ၏။ ဦးထွန်းအောင် လူအတော်များများနှင့် ခြံထဲသို့ ဝင်လာနေသည်ကိုမြင်လျှင်

ဦးဝေရေ တစ်အောင့်ကြာအောင် စဉ်းစား၍နေပြန်သည်။ ထို့ကြောင့် ဦးထွန်းအောင်က ဝင်ပြောသည်။

"ဟုတ်ပါတယ်၊ ဆရာကြီး ပြောတဲ့အတိုင်း အားလုံး မှန်ပါတယ်၊ ဒီတော့ ဆရာကြီးရယ်၊ ကျွန်တော်တို့ မိသားစုကို သနားသောအားဖြင့် လိုက်ပြီးကူညီပေးပါဗျာ၊ ဆရာကြီး တောင်းသလောက် ကျွန်တော် ပေးပါ့မယ်"

ဟု ဦးထွန်းအောင်က အလွန်အမင်း ဦးဝေရေအား အားကိုးသော အမူအရာဖြင့် ပြောသည်။

"ဟုတ်ကဲ့၊ ကျွန်တော် လိုက်ကြည့်ပေးပါ့မယ်"

ဟု ပြောပြီး ရွာလူကြီး၏အိမ်ပေါ်မှ ဆင်းလာကြသည်။ ဦးထွန်းအောင်လည်း အတော်လေးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

သို့သော် ရွာသူရွာသားများက ဘုရားပွဲသွားသလို တန်းရှည်ကြီး လိုက်လာကြ၍ ထိုမျှအထိ မလိုက်ကြရန်ကို ရွာလူကြီးက ပြောဆိုပြီး တားမြစ်ရပြန်သည်။ ထို့နောက် ရွာလူကြီးတို့ သားအဖ၊ ရွာသူကြီး ဦးထွန်းတင်နှင့် ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်း သုံးလေးယောက်မျှခေါ်ပြီး ဦးထွန်းအောင်၏ အိမ်ခြံကြီးရှိရာဘက်ကို လျှောက်လာကြသည်။

ဦးထွန်းအောင်၏ မိသားစုများမှာ အိမ်ပေါ်မှာပင် မနေရဲကြဘဲ အိမ်ရှေ့မှာသာ စုထိုင်နေကြ၏။ ဦးထွန်းအောင် လူအတော်များများနှင့် ခြံထဲသို့ ဝင်လာနေသည်ကိုမြင်လျှင်





ကြောက်၍လောမသိ၊ မျက်လုံးများ ပြူးဝိုင်းပြီး ကြောင်ကြည့်နေလေသည်။ ထို့ကြောင့် ဦးထွန်းအောင်က ပြောလိုက်သည်။

"ဘာမှမစိုးရိမ်ကြနဲ့ကွယ့်၊ ဒီမှာ ညက ခြောက်လှန့်နေတဲ့ မိစ္ဆာကောင်ကြီးကို ဖြေရှင်းပေးမယ့် ဆရာကြီး ပါလာပြီ"

ဟု ဦးဝေရေကို မေးထိုးပြလိုက်၍ အိမ်သူအိမ်သားများလည်း ကြောက်စိတ်များ လျော့သွားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

ဦးထွန်းအောင်သည် မိသားစုများကို ထိုမျှသာ ပြောထားခဲ့ပြီး မိစ္ဆာကောင်ကြီးကို မြင်တွေ့ရသော နေရာသို့ ဦးဝေရေနှင့် ရွာလူကြီးများအား ခေါ်သွားလေ၏။ အနားသို့ ရောက်လျှင် ထိုနေရာကို ဦးဝေရေအား လက်ညှိုးထိုးပြလိုက်သည်။

"ဟိုနေရာပါ ဆရာကြီး"

ဦးဝေရေ မတ်တတ်ရပ်လိုက်ပြီး ကြည့်၏။ ထို့နောက် ထိုနေရာကို မေးထိုးပြပြီး ဦးထွန်းအောင်အား ပြောသည်။

"အစက ကျွန်တော် မပြောဘူးလား၊ သက်ကယ်ပင်တွေ မဖြစ်နိုင်ဘူးလို့၊ စပါးလင်ပင်တွေပဲလေ"

"ဟုတ်ကဲ့၊ ကျွန်တော် အဝေးက လှမ်းကြည့်တော့ သက်ကယ်ပင်တွေထင်လို့ပါ ဆရာကြီး"

စပါးလင်ဖုတ်ကြီးနားသို့ ကပ်ကြည့်ကြရာ တအံ့တသြ ဖြစ်ပြီး မျက်လုံးပြူးသွားကြလေသည်။ စပါးလင်ဖုတ်ကြီး

တစ်ဖုတ်လုံး အသက်ငင်နေသော လူတစ်ယောက် ပက်လက်အိပ်ပြီး အသက်ရှူရှိုက်နေသကဲ့သို့ နိမ့်ချေမြင့်ချေ ဖြစ်နေလေသည်။

ဦးပေရေသည် ထိုနေရာကို တစ်အောင့်လေး စိုက်ကြည့်နေလိုက်ပြီးနောက် လူအားလုံးတို့အား နောက်သို့ ဆုတ်နေနိုင်းလိုက်၏။ ထို့နောက် ဆေးလွယ်အိတ်ထဲမှ ဆေးကြမ်းတစ်ဆုပ်ကို နှိုက်ယူပြီး တစ်မိနစ်ခန့် မန်းမှုတ်ကာ ထိုနေရာကို ပေါက်ချလိုက်လေသည်။

ထိုအခါ ထိုနေရာမှ ဘီလူးကြီးတစ်ကောင် အော်ညည်းသကဲ့သို့ အသံနက်ကြီး ထွက်ပေါ်လာပြီး မီးလုံးကြီးတစ်လုံး မိုးပေါ်သို့ ထောင်တက်သွားလေသည်။ ထို့ကြောင့် လူအားလုံးလည်း ထိုင်သူထိုင်၊ အော်သူအော်၊ ထွက်ပြေးသူပြေး ဖရိုဖရဲ ဖြစ်သွားကြ၏။ ထို့ကြောင့် ထိုအနားတွင် ဦးဝေရေတစ်ယောက်တည်းသာ ကျန်နေခဲ့ပြီး ဦးထွန်းအောင်အား လှမ်းပြောလိုက်သည်။

"ဦးထွန်းအောင် တူရွင်းဖြစ်ဖြစ် တူးစရာတစ်ခု သွားယူလိုက်ပါ"

ဦးထွန်းအောင် အိမ်သို့ပြေးသွားပြီး ချက်ချင်းပင် သံတူရွင်းကြီးတစ်ချောင်းကို ယူလာခဲ့သည်။ ဦးဝေရေက စပါးလင်ဖုတ်ကြီးကို တူးခိုင်း၍တူးလိုက်ရာ သွေးပုပ်များ ထွက်လာလေသည်။ စပါးလင်ဖုတ်ကြီး၏ အောက်ခြေတွင်လည်း ဘီလူးခေါင်းကြီး ဖြစ်နေသည်ကို တွေ့ကြရသည်။

"ကိုင်း…ဦးထွန်းအောင် ဒီလိုဖျက်ဆီးပစ်လိုက်ရင် ဘာမှပြဿနာ မရှိတော့ဘူး၊ အားလုံး ငြိမ်းချမ်းသွားပါပြီ၊ ကျေနပ်ရဲ့မဟုတ်လား"

ဟု ဦးဝေရေက မေးပြော ပြောလိုက်၏။

"ဟုတ်ကဲ့"

ဟု ဆိုသော်လည်း ဦးထွန်းအောင်အား လွှမ်းမိုးထားသည့် ကြောက်လန့်နေသော စိတ်သည် ပပြေပျောက်၍ မသွားတော့ပေ။ ထို့ကြောင့် သည်ခြံကြီးထဲတွင် ဆက်နေရန် စိတ်ကူး မရှိတော့။ ဦးဝေရေအား ဆရာပူဇော်ခ ငွေငါးဆယ် ထုတ်ပေးလိုက်ပြီးနောက် ထိုခြံကြီးထဲမှ ပြောင်းရွှေ့သွားကြလေသည်။

♦ ♦ ♦

မင်းဟိန်းထိဝ်


တာစခွေ မျက်ကုန်း


ဆက်သွယ်ရန်

၀၉ ၇၃၁ ၇၁၃ ၈၃

၀၉ ၄၂၁၀ ၅၆၃၅၄

၀၉ ၂၆၃၁၃ ၇၈၂၂

# သရဲကြောက်သေးပေါ့



ယခုဖော်ပြပေးလိုက်တဲ့ အဆောင်ပုံလေးဟာ သရဲမကြောက်တတ်တဲ့ သတ္တိကောင်းတဲ့ လူတွေအတွက် မလိုအပ်ပါဘူး။

အမှောင်ထဲ သွားရ လာရ၊ ပြီးတော့ သွားရတဲ့ နေရာတွေမှာလည်း အသံဗလံတွေ ကြားရ၊ ရိုးတိုးရိတ်တိတ်တွေ တွေ့ရမြင်ရလို့ ဇောချွေးတွေပြန်ရ၊ ရင်တွေတုန်ရနဲ့ ကြောက်တတ် လန့်တတ်သူတွေ အတွက်ပါ။

ဖော်ပြပါပုံလေးကို မိတ္တူကူးယူဆောင်ထားရုံနဲ့ သရဲတစ္ဆေတွေ ချောက်လှန့်ခြင်း၊ ကျီစားခြင်းမပြုနိုင်တော့ပါဘူး။

ရှေးဟောင်းတရုတ်လောကီပညာကျမ်းတွေမှာ ဖော်ပြထားတဲ့ HO - TO (ဟိုတူ)လို့ ခေါ်တဲ့ အင်းကွက်လေးဖြစ်ပါတယ်။

ဒီအင်းကွက်ကလေးက သရဲတစ္ဆေမကောင်းဆိုးဝါးဝိညာဉ်တွေကို မောင်းထုတ်ဖယ်ရှားပေးနိုင်စွမ်း ရှိပါတယ်။

တာတေ

AUNTED




Singapore Old Changi Hospital

စင်ကာပူက

# သရဲခြောက်တဲ့ဆေးရုံကြီး

သံရဉ်မိုးဇတ်

ယနေ့အချိန်မှာတော့ ,စင်ကာပူဟာ တိုးတက်လာတဲ့ ကျွန်းနိုင်ငံလေးတစ်ခုပါ။ နောက်ပြီး ကမ္ဘာပေါ်မှာ အလျင်အမြန် တိုးတက်လာတဲ့ နိုင်ငံတစ်ခုဆိုလည်း မမှားပါဘူး။ စင်ကာပူ

လူမျိုးအများစုကတော့ တရုတ်လူမျိုးကနေ ဆင်းသက်လာတာကို လည်း သိပြီးလောက်ပါပြီ။ ၄င်းကျွန်းလေးဟာ အီကွေတာရဲ့ မြောက်ဘက် ၈၅ မိုင်နှင့် အရှေ့တောင်အာရှ Malaysia Peninsula မလေးကျွန်းဆွယ်ရဲ့ တောင်ဘက်ယွန်းယွန်းလေးမှာ တည်ရှိနေပါသည်။ စိတ်မကောင်းစရာကတော့ ဟိုးအရင်က ဖြစ်ခဲ့ဖူးသည့် အတိတ်ဆိုးတွေကြောင့် ဒီနေ့ သိပ္ပံခေတ်ကြီးမှာတောင် နေရာတော်တော်များများမှာ သရဲခြောက်တဲ့ ပြဿနာ ဖြစ်နေပါတယ်။ သရဲခြောက်ပါတယ်ဆိုတဲ့နေရာမှာမှ လူတော်တော်များများ အသိအမှတ်ပြုထားတဲ့ အဆောက်အအုံတစ်ခုက Old Changi Hospital ပဲ ဖြစ်ပါတယ်။ Old Changi Hospital ကို ၁၉၃၅ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး ဗြိတိသျှ အင်ပါယာလက်အောက် ရောက်ရှိနေစဉ်မှာ စစ်ဆေးရုံတစ်ခုအနေနဲ့ရော စစ်တန်းလျားအနေနှင့်ပါ အသုံးချခဲ့ကြပါသည်။

၁၉၄၀ ခုနှစ်မှာ ဗြိတိသျှတွေက စစ်ဌာနချုပ်အနေနှင့် အသုံးပြုနေစဉ်မှာပဲ ၁၉၄၂ ခုနှစ်မှာ ဂျပန်က တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး တစ်နိုင်ငံလုံးကို ထိန်းချုပ်ခဲ့ပါတော့သည်။ ဂျပန်တွေက Changi Hospital ကို အကျဉ်းသား ထိန်းချုပ်ရေးစခန်းအနေနဲ့ အသုံးချခဲ့ကြပြီး Australians Indian, Malaysia လူမျိုး Antijapan ဂျပန် ဆန့်ကျင်သူ မှန်သမျှကို ဂျာမန်အကျဉ်းထောင် Gestapo အတိုင်း ရက်ရက်စက်စက် နှိပ်စက်ခဲ့ကြပါသည်။ ဟီရိုရှီးမား အဏုမြူဗုံးပေါက်ပြီး ဂျပန်တွေ စစ်ရှုံးတော့ ၄င်းဆေးရုံကို ဗြိတိ



ရုပ်ရှင်ရိုက်ကူးနေစဉ် ဘယ်ကလာမှန်းမသိတဲ့လက်ဖြင့်
ထိတွေ့ခံရခြင်း မှတ်တမ်းပုံများ

သူတွေက ပြန်လည်သိမ်းယူပြီး ဗြိတိသျှဆေးရုံအဖြစ် ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ တကယ်တော့ ၁၉၄၀ ခုနှစ်နှောင်းပိုင်းကာလမှာ စတင်ပြီး ဆေးရုံကြီးက သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေပါသည်။

၁၉၉၇ ခုနှစ်မှာတော့ မျက်မြင်သက်သေ လူထောင်ပေါင်းများစွာရဲ့ ထွက်ဆိုချက်အရ ပုံမှန်မဟုတ်တဲ့ လှုပ်ရှားမှုတွေ၊ ပုံမှန်မဟုတ်တဲ့ အဖြစ်အပျက်တွေကြောင့် ၁၉၉၇ ခုနှစ်မှာ ဆေးရုံကြီးကို လူတွေ စွန့်ခွာခဲ့ကြပါတော့သည်။ ဆေးရုံကြီးက ခြောက်လှန့်လွန်းလို့ စင်ကာပူလူမျိုးတွေကိုယ်တိုင် ၄င်းဆေးရုံအနီး

တစ်ဝိုက်ကို ညပိုင်းမသွားရင် ပိုကောင်းမယ်ဟု တစ်ယောက်နဲ့ တစ်ယောက် သတိပေးကြပါတော့သည်။

မျက်မြင်သက်သေများ၏ ပြောပုံတွေအရ အော်သံများ ကြားရခြင်း၊ လူအရိပ်များ တွေ့ရှိခြင်း၊ ထူးဆန်းတဲ့ အလင်းရောင်များ တွေ့ရှိရခြင်း စိတ်မနှစ်မြို့ဖွယ်ရာ အနံ့အသက်များ ကြုံတွေ့ခဲ့ရကြောင်း သိရှိရပါသည်။ နောက်ထပ်မျက်မြင်သက်သေများက တော့ သွေးသံရဲရဲနှင့် ဂျပန်စစ်သားများ၊ နောက်ပြီး လူငယ်လေး တစ်ယောက်ဟာ အမြဲတမ်းထိုင်ပြီး ကောင်းကင်ကြီး မော့ကြည့် နေတာကိုလည်း တွေ့ရှိတတ်တာကြောင့် မြင်တွေ့ရတဲ့ မျက်မြင် သက်သေတွေကိုယ်တိုင် ဝမ်းနည်းရပါသည်ဟု ဆိုထားပါသည်။

၂၀၁၀ ခုနှစ်မှာ Old Changi Hospital အကြောင်းကို ဆေးရုံကြီးမှာ Haunted Changi အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးကြပါ သည်။ တချို့ရိုက်ကွက်များသည် တကယ့်ဖြစ်ရပ်မှန်များဟု ဆိုထားပါသည်။ ရုပ်ရှင်ရိုက်ကူးနေစဉ်မှာပဲ ရိုက်ကူးရေးအဖွဲ့ အသီးသီးမှာ သေပြီးသား ကောင်မလေးကို ပြန်လည်တွေ့ရှိခြင်း၊ ကျယ်လောင်တဲ့ အော်သံများ ကြားရခြင်း၊ ဘယ်ကလာမှန်းမသိ တဲ့လက်ဖြင့် ထိတွေ့ခံရခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ရုပ်ရှင်ထဲမှာပါသည့် အရိပ်တစ်ခုဟာ အမှန်တကယ် တွေ့ရှိခဲ့ရ တာပါ။


◆ ◆ ◆

သံစဉ်မိုးဇော်

ရွှေပြည်သာမြို့နယ်၊ သာမုကန်ကျေးရွာတွင်

# ပုဏ္ဏကတိုက်ခြင်း

ဆရာဇော်လွင်



**ပုဏ္ဏကတိုက်ခြင်း၊ကို နိုင်နင်းသော အစွမ်းထက် ဘုရား၊ရှစ်ဆူအင်း၊**

ငှင်းကို အသုံးပြုလိုလျှင် ခဲရင်းစွာ စီရင်ရသည်မှာ ရှေးဆရာကြီးများ မှာကြားခဲ့သော နည်းအတိုင်းပင် စာရေးသူမှ ဆက်လက်တင်ပြသွားပါမည်။ စီရင်ရာတွင် ရွှေပြား၊ ငွေပြား၊ ခဲမဖြူ၊ ကြေးနီပြားတို့ဖြင့် စီရင်ရမည်။ ငှင်းစီရင်ရာ၌ ဘုရား၊

တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ဆီမီး၊ ပန်း၊ သစ်သီး ဦးစွာ လှူဒါန်းရမည်။ ဒုတိယ သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားအပေါင်း တို့အား ပန်း၊ ရေချမ်း၊ ဆီမီးတို့အား လှူဒါန်းရမည်။ တတိယ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရွာပိုင်၊ ရုက္ခစိုးတို့ကို ဆီမီးလှူ၍ စနေနေ့ ခါးပတ် နက္ခတ်ကြံ့သောအခါ ကိုရွေး၍ သနခြေပါ။ သနခြေပြီး ရေငုံ၍ နူတ်ပိတ် နားပေါက်ပိတ် ထိုးရပါမည်။ ထိုးစဉ်အချိန်၌ ကိုင်ဆောင်မည့်သူသည် ဂုဏ်တော် ကိုးပါးကိုရွတ်၍ အင်းဒေါင့်ဝိဇ္ဇာအား မီးမပြတ်စေဘဲ ထွန်းညှိ ပူဇော်ရမည်။ ဤအင်း၏ အသုံးဝင်ပုံမှာ သူပြု၊ နတ်ပြု၊ ဆရာပြု၊ ရုပ်ထား၊ နာမ်ထား၊ အစာပင် ဖော်ဂနီမျိုး ၂၅ ပါးမှစ၍ ပုဏ္ဏက တိုက်၊ ခုနစ်စဉ်တိုက်၊ အတိုက်မျိုး ၃၀ စပြီးသုံးလေ။ ၎င်းအင်းကို ဗူးမျက်နှာလွှဲနှင့် စုန်ရေ၊ ဆန်ရေ စိမ်ပြီး ခုနစ်ခါခပ်၊ ရှိသော အတိုက်ပြေ၏။ အင်းကို မီးပြသော် ပြုထားသောသူ ဝင်လာ၏။ မီးထဲသို့ ထည့်လျှင် သုံးတတ်သည်။ (မီးထဲသို့ မထည့်ပါနှင့်) သဗ္ဗာရှိစွာ သုံးစွဲပါ။ ကျန်သော အတိုက်ဟူသမျှကို ဆရာ ဉာဏ်ရှိ သလို သုံးစွဲနိုင်ပါသည်။ အလွန်ထက်မြက်သောကြောင့် ဆရာတို့ ဆင်ခြင်၍ သုံးစွဲပါ။ ဤအင်း၏ အစွမ်းပကားကို အောက်တွင် အနည်းငယ် ဖော်ပြပါမည်။

စာရေးသူ ဆရာတော်နှင့် ပညာသင်နေခိုက်အချိန်တွင် ယခင် အင်းစိန်မြို့နယ်၊ ယခု ရွှေပြည်သာမြို့နယ်၊ သာစုကန်ကျေး ရွာ ခုနစ်စဉ်နှင့် ပုဏ္ဏကတိုက်သည့်အချိန်တွင် ဆရာတော်အား

သာစုကန်ရွာမှ ဦးညွန့်၊ ဦးအောင်မင်းတို့မှ ဆရာတော်အား ည ခုနစ်နာရီခန့်အချိန်တွင် လာရောက်၍ ဆရာတော်အား ပင့်လျှောက်ပါသည်။ ဆရာတော်မှ 'အောင်မင်းနှင့်ညွန့် ဘာကိစ္စရှိလဲ' ဟု မေးမြန်း၏။

'မှန်လှပါ ဆရာတော်။ တပည့်တော်တို့ သာစုရွာမှာ ခုနစ်စဉ်တိုက်သည်လား ပုဏ္ဏကတိုက်သည်လား။ မလျှောက်တတ်ပါဘုရား။ ညခုနစ်နာရီထိုးတာနှင့် ရွာအရှေ့ဖျား ညွှန့်အိမ်ကစပြီး အနောက်ဖျားဆုံးတဲ့အထိ တစ်အိမ်ပြီးတစ်အိမ် ဝုန်းဒိုင်းကြဲ၍ ပစ်ခတ်ခြင်းခံရတာ ယနေ့ဆို သုံးရက်မြောက်ပါပြီဘုရား။ အဲဒီကိစ္စကို ဆရာတော် ဖယ်ရှား ရှင်းလင်းပေးသနားတော်မူရန် တပည့်တော်တို့ ရိုသေလေးစားစွာ ခြေတော်ဦးခိုက် လျှောက်ထားသနားခံပါသည်။ ကယ်တော်မူပါ ဆရာတော်ဘုရား'

ထိုအချိန်မှာပင်...

"ဟော့ကောင် ထစမ်း၊ ဘုရားဦး တိုက်၊ ငါ့ကို ဦးတိုက်၊ ဟိုမှာ လွယ်အိတ်၊ အဲဒါကိုယူပြီး ဟိုရေပုလင်းကိုယူ မင်း လိုက်သွား၊ လွယ်အိတ်ထဲမှာ ဘုရားရုပ်ဆူအင်းရှိတယ်၊ အဲဒီရေစိမ်ပြီး ရောက်တာနဲ့ ညွှန့်အိမ်ကစပြီးပတ်၊ ပြီးရင် မီးထွန်း၊ အင်းကို မီးကင်"

ဟု ဆရာတော်မှ စာရေးသူအား စေလွှတ်လိုက်သည်။

စာရေးသူလည်း ဆရာတော်၏ စကားဆုံးလျှင် ပစ္စည်းများ ယူဆောင်၍ ဆရာတော်ကို ကန်တော့ပြီး လှည်းပေါ်သို့တက်

၍ ထိုင်နေ၏။ ဦးအောင်မင်းမှ ကျောင်းတံခါးကို အသံမြည်အောင် ဆောင့်ပိတ်လိုက်သည်။ ထိုစဉ် ဦးအောင်မင်းမှ လှည်းပေါ်သို့တက်ကာ 'ယော့ကောင် မောင်းတော့' ဟု ပြောပြီး မှင်သက်မိသကဲ့သို့ ငိုင်၍လိုက်ပါခဲ့သည်။

တောတိုက်ရွာအလွန် ကြိုစမ်းရွာအနား ရောက်သောအခါ…

"အားကိုးလို့ ပင့်ပါတယ်၊ မတိုင်းကောင်းသလောက်ရှိတဲ့ ဆရာကို ထည့်လိုက်တယ်"

ဟု ပြောပြီး နောက်ထပ် ဘာသံမှ မကြားဘဲ ငြိမ်သက်နေ၏။ ထိုစဉ် စာရေးသူမှ ဦးညွန့်ကို…

"ဦးလေး ဘယ်အိမ်က စဖြစ်တာလဲ၊ ဘယ်လိုစဖြစ်တာလဲ ကျွန်တော့်ကို ပြောပြစမ်းပါ၊ အကြောင်းရင်းကိုသိမှ အလုပ်လွယ်မယ်"

ဟု မေးရာ ဦးညွန့်မှလည်း ဖြစ်ပုံအကြောင်းစုံကို စာရေးသူအား ပြောပြပါသည်။ စာရေးသူက ရယ်၍ အသာတကြည့်လိုက်ပါသွားလေသည်။

သာခုရွာသို့ရောက်သော် စဖြစ်သော ဦးညွန့်အိမ်သို့ ဝင်လိုက်ပြီး ဆရာတော် မှာသည့်အတိုင်း အားလုံးကို လုပ်ဆောင်ပြီးချိန်တွင် မီးဖိုထဲမှ ကျောက်ငရုတ်ဆုံရှေ့သို့ ရောက်လာတယ်။ စာရေးသူမှ 'ငရုတ်ဆုံချည်းပဲ အကျွမ်းမဝင်ဘူး၊ ငရုတ်ကျည်ပွေ့ရှိမှ အကျွမ်းဝင်မှာ' လို့ ပြောလိုက်၏။

# တစ္ဆေမျက်ရုံး

စကားဆုံးချိန်တွင် ကျည်ပွေ့သည် ငရုတ်ဆုံအတွင်းသို့ တည့်မတ်စွာ ကျရောက်လာသည်။ ထိုစဉ် စုန်ရေ၊ ဆန်ရေ ပုလင်းထဲမှ ရေတစ်စက်၊ နှစ်စက်ကို ထည့်၍ ငရုတ်သီးထောင်းသကဲ့သို့ တစ်ယောက်ပြီး တစ်ယောက် လဲထောင်းရာ ခုနစ်ယောက်မြောက် ရောက်သောအချိန်တွင် အနောက်ဘက်မှ ဖြစ်နေသော အသံငြိမ်သက်၍ တစ်ရွာလုံးရှိ ရွာသားအားလုံးတို့ ဦးညွှန့်နေအိမ်နှင့် ခြံဝိုင်းအတွင်းတွင် ဓာတ်ပွဲကြည့်သည့်ပမာ ရောက်ရှိလာကြသည်။

ဆရာတော်မှာသည့်အတိုင်း အင်းကို မီးကင်လိုက်ရာ တိုက်ထားသော ပုဏ္ဏကဘီလူးသည် ပရိသတ်အတွင်းမှ လူသားတစ်ဦးအား စီးနင်း၍ ဝင်လာပြီး 'ကြောက်ပါပြီ ပြန်လွှတ်ပေးပါတော့' ဟု ပြောလျက် မျက်နှာမော့ကာ 'ချုပ်မထားပါနဲ့ ငါပြန်ပါမယ်' ဟု ငိုကြွေး၍ပြောသည်။

စာရေးသူမှလည်း 'မင်း ဘယ်ကလာသလဲ၊ ဘယ်သူခိုင်းလိုက်သလဲ' ဟု မေးပြီး 'မှန်ရာကို ကတိပြု၍ ပြောလျှင် သင့်အား ငါ ပြန်လွှတ်ပေးမယ်၊ ဒါပေမဲ့ မင်းဆရာဆီကို မင်းပြန်ရမယ်၊ မင်းအရေးဟ ဘာကျွေးပြီး ခိုင်းတာလဲ' ဟု မေးရာ 'အမဲသား ၂၅ ကျပ် သားကျွေးပြီး ခိုင်းပါတယ်' ဟု ဖြေလေ၏။

စာရေးသူမှ…

'ဒါဆိုရင် မင်းကို တစ်ပိဿာပွဲ တစ်ပွဲနဲ့ ဒါနပြုမယ်၊ ဘယ့်နှယ်လဲ၊ မင်း ကျေနပ်သလား၊ ကျေနပ်တယ်ဆိုရင် မင်းခဏထွက်၊ ငါတို့ အဆင်သင့်ဖြစ်ရင် ပြန်ခေါ်မယ်၊ ဘယ်မှ

မသွားရဘူး၊ ဒီအိမ်ပေါ်မှာပဲနေ"

ဟု ဆို၍ သစ္စာရေတိုက်ကာ အားလုံး ပြီးချိန်တွင် ထိုပုဏ္ဏားကအား ပြန်လည်ရောက်စေပြီး ဒါနပြုကြသည်။

ဒါနပြုပြီးချိန်တွင် သစ္စာဆို၍ တိုက်သည်။ ငှက်ပျောသီး တစ်လုံးကို သစ္စာဆို၍…

"သစ္စာ မတည်ကြည်ပါက အခွံခွာပြီး ယခု ငှက်ပျောခွံ သုံးစိတ်သုံးမွှာ ကွဲသလို ကျွန်ုပ်ခန္ဓာကိုယ် ကွဲရပါလို၏။ သစ္စာ တည်ကြည်ပါက ဒီငှက်ပျောသီးနှင့် ရေတို့သည် ကျွန်ုပ်ကို ခွန် အားပြည့်ဝစွာ ပေးစွမ်းနိုင်ပါစေသား"

ဟု သစ္စာဆိုပြီး တိုက်ကျွေးပါသည်။

ပြီးလျှင်…

"မင်း ပြန်တော့၊ ဘယ်သူ့ဆီကို ပြန်မလဲ"

ဟု မေးသောအခါ ဆရာထံ ပြန်ပါမည်ဟုပြော၍ ထွက် ဟန်ပြုစဉ် စာရေးသူမှ…

"ခဏလေးနေဦး၊ မင်း ပြန်ရင် ဒီမှာရှိနေတဲ့ လူတွေအား လုံး ကြားအောင် ပုဏ္ဏားကွယ်ကို အသံမြည်အောင် လက်နဲ့ရိုက်၊ ပျဉ်ကျိုးသွားရင် အသစ်လဲမယ်"

ဟု ပြောပြီး စာရေးသူမှ ထွက်ခွင့်ပြုလိုက်သည်။

၅ မိနစ်ခန့်အကြာတွင် ပြောသည့်အတိုင်း ပုဏ္ဏားကွယ် ကို ရိုက်သည့်အသံကို အားလုံး ကြားလိုက်ရသည်။ ထကြည့်သော အခါ ၆ လက်မခန့်ရှိသော ပျဉ်ပြားနှစ်ပြားတွင် လက်ဝါးရာ တွေ့ရှိရ

သည်။ ထိုမျှဉ်ပြားတို့ကို စာရေးသူမှ ဖြုတ်ခိုင်းပြီး ဆရာတော်အား ပြရန် လှည်းပေါ်သို့ တင်စေ၏။

ထိုစဉ် ကျွန်ုပ်အား လာခေါ်သော ဦးညွန့်၊ ဦးအောင်မင်း နှင့် လှည်းမောင်းသူတို့သည် ပြန်ပို့ရန် စီရင်ပြီး ဆရာတော်အား ကန်တော့ရန်တို့ကိုလည်း လှည်းပေါ်သို့တင်ကာ ကျောင်းသို့ ပြန်လာခဲ့ကြသည်။ ကျောင်းသို့ ဆရာတော် အရုဏ်ဆွမ်းဘုဉ်းပေးနေစဉ် ကျောင်းသို့ ရောက်ရှိကြပါသည်။ ကျောင်းပေါ်သို့ ရောက်ပြီး ဘုရားဝတ်ဖြည့်ကာ ဆရာတော်သို့ ဦးတိုက်ကြသည်။ ဆရာတော်မှ ဆွမ်းဘုဉ်းပေးနေရင်း...

"မင်းကိစ္စ ပြီးခဲ့ပြီလား"

ဟု မေး၏။ စာရေးသူမှ...

"ဆရာတော်၏ ဘုန်းတန်ခိုးကြောင့် တပည့်တော် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်ဘုရား"

ဟု ပြန်လျှောက်တင်ပြီး ဆရာတော် ပေးလိုက်သော လွယ်အိတ်ကို ဆရာတော်အား အပ်နှံကာ မူရင်းနေရာသို့ ပြန်လည် ထားစေခဲ့ပါသည်။

ထိုစဉ် ဦးအောင်မင်းမှ...

"မှန်လှပါ ဆရာတော်ဘုရား၊ တပည့်တော် ဆရာတော်အား ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးဖြင့် ပြစ်မှားမိသော အပြစ်တို့ကို ခွင့်လွှတ်ပေးသနားတော်မူပါ"

ဟု လျှောက်ထားရာ ဆရာတော်မှ...

"မင်း ဘာစော်ကားလို့လဲ"

"မှန်လှပါ၊ ဆရာတော် မလိုက်ဘဲ ဒီဆရာလေးကို ထည့်လိုက်တာကြောင့် တပည့်တော်မှ ကိုယ်ရော စိတ်နှတ်တို့မှ ထုတ်၍ ဘုန်းကြီးကလည်း အားကိုးလို့ လာပင့်တာ၊ မတိုင်း ကောင်းသလောက်ရှိတဲ့ ဆရာကို ထည့်လိုက်တယ်။ နိုင်ပါလိမ့် မယ်၊ မသေရင် ကံကောင်းလို့ဟု စော်ကားမိပါတယ်ဘုရား၊ ဒီအပြစ်တွေကို ဝန်ချတောင်းပန်ပါတယ်၊ ကျေနပ်ခွင့်လွှတ်တော်မူ ပါ"

"ငါ စိတ်ချလို့ ယုံကြည်လို့ လွှတ်တာ မင်း ဘာသိလို့ လဲ၊ မင်းတို့ အကုန်လုံး မှတ်ထားလိုက်၊ ဒီဟာမကဘူး၊ နောက်ကြုံ ရင်လည်း သူပဲလိုက်မှာ။ သူပဲ ကုမှာ အဲဒါ ငါ့မျိုးဆက်ပဲ"

ဟု ဆရာတော်မှ မိန့်၏။ စာရေးသူအား ဆရာတော်က…

"ဒါအောင်မြင်လို့ ဘဝင်မမြင့်နဲ့၊ ဒါထက် ခက်တာတွေ ကြမ်းတာတွေ အမျိုးမျိုး၊ လွယ်တာတွေ အမျိုးမျိုးကို မင်း ကြုံတွေ့ ရဦးမှာ"

ဟု မိန့်ကြားလေသည်။ စာရေးသူမှာလည်း တစ်နေ့ ထက် တစ်နေ့ ပညာအား စိတ်ဝင်တစားဖြင့် လေ့လာသင်ယူခဲ့ပြီး ယနေ့ထက်တိုင် ဆရာတော်ကို ဦးထိပ်ထား၍ ကုသပြုလုပ်ဆဲပင် ဖြစ်ပါသည်။

◆ ◆ ◆

ဆရာဇော်လွင်

# တစ္ဆေသရဲ ကြောက်လှန့်ခြင်း

ဒေဝေါ

ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက်နှင့် မျက်စိစုံမှိတ်ပြီး 'တစ္ဆေသရဲမယုံ' ဟု ကြွေးကြော်နေသူ၊ ဝင့်ကြွားနေသူများ ရှိနေသည်ကို တွေ့ရသည်။ ဤကား ဗုဒ္ဓဘာသာဝင်တို့အတွက် ရင်နာစရာကိစ္စတစ်ခုလည်း ဖြစ်သည်။

မြန်မာဗုဒ္ဓဘာသာဝင်များအနေနှင့် နားလည်သင့်သည်မှာ ဗုဒ္ဓတရားအရ တစ္ဆေသရဲဆိုသည်မှာ ပြိတ္တာကို ဆိုခြင်းဖြစ်၏။

ပြိတ္တာဟူသည် အပါယ်လေးဘုံသားများဖြစ်ပြီး အကုသိုလ်အကျိုးကြောင့် ဆင်းရဲဒုက္ခခံစားနေရသူများလည်း ဖြစ်သည်။

ပြိတ္တာဟူသည့် အပါယ်လေးဘုံသားတို့သည် ယနေ့လူများမှ မကျွတ်မလွတ်သူများဟု ခေါ်ဆိုကြသည်။ တစ္ဆေသရဲများ ဖြစ်သည်။

သရဲ တစ္ဆေဖြစ်သည့် ပြိတ္တာဘုံသားတို့သည် သီးခြားဘုံဘဝ ရှိကြ၏။ လူက လူ့ဘုံတွင် လူဘုံသားအဖြစ် လူ့သဘာဝနှင့် နေထိုင်ကြသလို၊ ပြိတ္တာဖြစ်သည့် သရဲတစ္ဆေများသည် သူ့ဘုံ၊ သူ့ဘဝ၊ သူ့လောကနှင့် ရှင်သန်ဖြတ်သန်းသူများ ဖြစ်၏။

ပြိတ္တာဘုံသားတို့က သူတို့ဘုံတွင် သူတို့ သဘာဝနှင့် နေကြရ၏။ ပြိတ္တာဘုံသားဖြစ်သည်။ တစ္ဆေသရဲလောကတွင် သူ၏လူ့ဘဝက ပြုခဲ့သည့် ကုသိုလ်၊ အကုသိုလ် အကျိုးဆက်ကို ခံစားနေရ၏။

အချို့က ဖန်တီးနိုင်သော ဘဝရှိသော်လည်း အချို့က ဆင်းရဲဒုက္ခကို ရင်စည်းခံနေရသည့်သူများဖြစ်သည်။

မိမိနှင့် ပတ်သက်သူများ၏ ပေတအလှူအား မျှော်ကိုးနေသူများပင်။ ကျန်သူတို့ပြုသည့် ကုသိုလ်အမှုအရ ခံစားရသူများ ဖြစ်သည်ကို လူတို့သိသင့်သည်။

♦ ♦ ♦

အမှန်တကယ်ဆိုမူ ပြိတ္တာဘုံသားဖြစ်သည့် တစ္ဆေသရဲများလည်း လူတို့အား ဒုက္ခပေး ခြောက်လှန့်နေသူများအား ခြောက်လှန့်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင်…

တစ်ခါတစ်ရံ လူတို့က ကံနိမ့်စဉ် သူတို့၏ ပကတိ အသွင်ကို လူတို့ မြင်ရခြင်း။

တစ်ခါတစ်ရံ သူတို့၏ ဆင်းရဲဒုက္ခအား လူသားတို့ သိစေရန် ကိုယ်ထင်ပြ၍ အကူအညီ တောင်းခြင်းအပြင် ဆာ

လောင်၍ ပူးကပ်ခြောက်လှန့်ခြင်းများ ရှိ၏။

ဒုက္ခကြီးသူများဖြစ်သဖြင့် သူတို့အား စာနာသနားသင့်သည်။ သူတို့သည် အကုသိုလ်ကြီးသူများဖြစ်သဖြင့် သူတို့အတွက် စာနာသင့်၏။ အလှူပေးခြင်း အမျှပေးဝေခြင်းဖြင့် သူတို့၏ မကျွတ်မလွတ်ဘဝကို ကူညီသင့်၏။

လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောကတွင် လူအမျိုးမျိုး ဘဝအမျိုးမျိုးရှိသဖြင့် ပြိတ္တာဘုံသား ဖြစ်သော သရဲတစ္ဆေဘဝတွင်လည်း ဘဝအမျိုးမျိုးရှိသည်ကို သိသင့်သည်။ စာနာသင့်သည်။

တစ္ဆေသရဲဟူသည် အကုသိုလ်အကျိုးဆက်ကြောင့် ဆင်းရဲတွင်းနက်နေသူ ဖြစ်သဖြင့် သူတို့၏ ဆင်းရဲဒုက္ခအား အလှူဒါနပြုခြင်း အမျှပေးဝေခြင်းဖြင့် ပံ့ပိုးသင့်သည်။

သူတို့၌ လူသားတို့အား ဒုက္ခပေးလိုစိတ် မရှိ။

သူတို့ ခြောက်လှန့်ခြင်းတွင် အကြောင်းရှိသည်ကို သတိပြုပါ။

သို့နှယ်ပင် သေသူအတွက် ရှင်သူတို့တွင် တာဝန်ရှိသည်ကိုလည်း မမေ့ပါနှင့်။

◆ ◆ ◆

တစ္ဆေခြောက်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင် တစ္ဆေသည် အမြဲတမ်း လူသားတို့အား ခြောက်လှန့်ရန်ရှိနေသည့် သတ္တဝါမဟုတ်ပေ။

တစ္ဆေတို့၏ ခြောက်လှန့်ခြင်းနှင့် ပတ်သက်၍ လေ့လာ

လျှင် တစ္ဆေခြောက်လှန့်ရခြင်းတွင် အကြောင်းများ ရှိနေသည်ကို တွေ့ရ၏။

တစ္ဆေခြောက်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင် တစ္ဆေခြောက်ခြင်း (၁၀)မျိုးရှိသည်ကို တွေ့ရ၏။

ယင်းတို့ကား…

၁။ ကံနိမ့်၍ခြောက်ခြင်း

၂။ ပြောင်လှောင်ကျီစယ်လို၍ခြောက်ခြင်း

၃။ ချစ်ခင်၍ခြောက်ခြင်း

၄။ အမျှတန်းဝေခြင်းကို ခံယူလို၍ခြောက်ခြင်း

၅။ ခင်မင်၍ခြောက်ခြင်း

၆။ ကြောက်၍ခြောက်ခြင်း

၇။ စားချင်သောက်ချင်၍ခြောက်ခြင်း

၈။ ဥစ္စာပေးလို၍ခြောက်ခြင်း

၉။ မှာထားလို၍ခြောက်ခြင်း

၁၀။ နှုတ်ဆက်လို၍ခြောက်ခြင်း

စသည်ဖြင့် (၁၀)မျိုး ရှိသည်ကို တွေ့ရ၏။

စင်စစ်ပြောရလျှင် ပြိတ္တာနယ်ဝင် သရဲတစ္ဆေဆိုသည့် သတ္တဝါတို့သည် ဒုက္ခကြီးသော အပါယ်လေးဘုံသား သတ္တဝါများဖြစ်သကဲ့သို့ အစဉ်အမြဲ နေခြင်း၊ စားခြင်း ဒုက္ခများ ခံစားနေရသည့် သတ္တဝါများဖြစ်သည်။ လူသားတို့အား အကြောင်းမဲ့ ဒုက္ခပေးလိုစိတ် မရှိကြခြင်း တွေ့ရ၏။

သရဲတစ္ဆေဟူသည့် သတ္တဝါတို့သည် ကိုယ့်ဘဝကိုယ် ဖန်တီးနိုင်ကြသည့် ဘဝမျိုးမဟုတ်။

သူတစ်ပါးကို အားကိုးနေသည့်ဘဝဖြစ်သည်။ လူတို့ စွန့်ပစ်သည့် အစားအစာများကို စားနေကြရသကဲ့သို့ လှူဒါန်း ကျွေးမွေးမှ စားရသည့် သတ္တဝါမျိုးဖြစ်သည်။

◆ ◆ ◆

တစ်ခါက မိတ်ဆွေတစ်ဦး သရဲပူးခံရသည်ကို မျက်ဝါး ထင်ထင် မြင်ရဖူးသည်။ သူက ပူးပြီး သူ့ရဲ့ ဆင်းရဲဒုက္ခများအား ရင်ဖွင့်ပြောပြ၏။ သူ့ဘဝတွင် ကြုံတွေ့နေရပြီး သူလိုချင်သော သုခချမ်းသာ ရရှိစေရန်အတွက် သူ့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးရန် ရင်ဖွင့်၏။ သည်အခါ မိမိမိတ်ဆွေ၏ ညီမများ၊ ညီများက စိတ်မကောင်း ဖြစ်ရ၏။

"ငါတို့ သူ့အတွက် ဘာမှလုပ်မပေးရသေးဘူး"

ဟု ပြောကြသည်။

တချို့က လူတစ်ယောက် သေဆုံးသွားပြီဆိုလျှင် ပြီး သွားပြီဟု ထင်ကြသည်။ အမှန်ဆိုသော် လူဘုံလူ့ဘဝနှင့် ဗုဒ္ဓ ဘာသာဝင် အမျိုးကောင်းသားသမီးတို့အတွက်မူ လူတစ်ယောက် အတွက် သေဆုံးသွားပြီဆိုသည်နှင့် ဘဝဆုံးသွားပြီဟု မဆိုသင့်။

ဗုဒ္ဓဘာသာတွင် ကံ ကံ၏အကျိုးရှိသည်။ လူတစ်ဦး သည် ကောင်းမှုပြုလျှင် ကောင်းကျိုးခံစားရမည်။ မကောင်းကျိုး ပြုခဲ့လျှင် မကောင်းကျိုးသာ ခံစားရမည်။

ဒီဘဝဒီကိုယ်နှင့် ပြုခဲ့သည်ကိုလည်း နောင်ဘဝ နောင်ကိုယ်နှင့် ခံစားရမှာ ဖြစ်သည်။

တစ်ခါက မိမိအား ဆရာတော်တစ်ပါးက-

"ဒကာ ဒီကနေ့ လူတိုင်း နားလည်ထားသင့်တာက သေသူအတွက် ရှင်သူတွေမှာ တာဝန်ရှိတယ် ဆိုတာပဲ။ သေသူတွေက သူတို့အတွက် ဘာမှမလုပ်နိုင်လို့ ရှင်သူတွေက ပြုပေးရမယ်"

ဟု မိန့်ကြားသည်ကို မှတ်သားရဖူး၏။

စာပေတွင် ရေလာကြည့်ရာ သေဆုံးသူအတွက် ရှင်သူက ပြုပေးသည့်ဒါနသည် ပေတဒါနဖြစ်၏။

သို့သော် တစ်ခုနားလည်ထားရမည်က ဒါနပြုသည် ဆိုသော်လည်း ပေတဒါနက အခြားသော ဒါနမျိုးနှင့် မတူ။

မှန်ကန်တိကျရန်လိုသည်။

အလှူခံသူ မှန်ဖို့လိုသည်။

အဘယ်ကြောင့်ဆိုသော် သေသူအတွက် ရည်စူးအလှူပေးသူက မည်မျှပင် ပြည့်စုံစွာ လှူဒါန်းပေးကမ်းသည်ဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်သည် ကလ္လာဂ္ဂိရဟန်းဖြစ်နေသည်။ သီလမရှိသော ရဟန်း ဖြစ်နေမည်ဆိုလျှင် သေသူအတွက် ဘာမျှ ရမည်မဟုတ်။

သာဓကရှိသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်က အဖသတ်ခဲ့သည့် အပြစ်ကြောင့် သောကဝေကာ အိပ်မရဖြစ်နေသည့်အချိန် ကောင်းကင်မှ



ရုပ်ရှင်ရိုက်ကူးနေစဉ် ဘယ်ကလာမှန်းမသိတဲ့လက်ဖြင့်
ထိတွေ့ခံရခြင်း မှတ်တမ်းပုံများ

သူ့တွေက ပြန်လည်သိမ်းယူပြီး ဗြိတိသျှဆေးရုံအဖြစ် ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ တကယ်တော့ ၁၉၄၀ ခုနှစ်နှောင်းပိုင်းကာလမှာ စတင်ပြီး ဆေးရုံကြီးက သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေပါသည်။

၁၉၉၇ ခုနှစ်မှာတော့ မျက်မြင်သက်သေ လူထောင်ပေါင်းများစွာရဲ့ ထွက်ဆိုချက်အရ ပုံမှန်မဟုတ်တဲ့ လှုပ်ရှားမှုတွေ၊ ပုံမှန်မဟုတ်တဲ့ အဖြစ်အပျက်တွေကြောင့် ၁၉၉၇ ခုနှစ်မှာ ဆေးရုံကြီးကို လူတွေ စွန့်ခွာခဲ့ကြပါတော့သည်။ ဆေးရုံကြီးက ခြောက်လှန့်လွန်းလို့ စင်ကာပူလူမျိုးတွေကိုယ်တိုင် ၄င်းဆေးရုံအနီး

တစ်ဝိုက်ကို ညပိုင်းမသွားရင် ပိုကောင်းမယ်ဟု တစ်ယောက်နဲ့ တစ်ယောက် သတိပေးကြပါတော့သည်။

မျက်မြင်သက်သေများ၏ ပြောပုံတွေအရ အော်သံများ ကြားရခြင်း၊ လူအရိပ်များ တွေ့ရှိခြင်း၊ ထူးဆန်းတဲ့ အလင်းရောင်များ တွေ့ရှိရခြင်း စိတ်မနှစ်မြို့ဖွယ်ရာ အနံ့အသက်များ ကြုံတွေ့ခဲ့ရကြောင်း သိရှိရပါသည်။ နောက်ထပ်မျက်မြင်သက်သေများက တော့ သွေးသံရဲရဲနှင့် ဂျပန်စစ်သားများ၊ နောက်ပြီး လူငယ်လေး တစ်ယောက်ဟာ အမြဲတမ်းထိုင်ပြီး ကောင်းကင်ကြီး မော့ကြည့် နေတာကိုလည်း တွေ့ရှိတတ်တာကြောင့် မြင်တွေ့ရတဲ့ မျက်မြင် သက်သေတွေကိုယ်တိုင် ဝမ်းနည်းရပါသည်ဟု ဆိုထားပါသည်။

၂၀၁၀ ခုနှစ်မှာ Old Changi Hospital အကြောင်းကို ဆေးရုံကြီးမှာ Haunted Changi အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးကြပါ သည်။ တချို့ရိုက်ကွက်များသည် တကယ့်ဖြစ်ရပ်မှန်များဟု ဆိုထားပါသည်။ ရုပ်ရှင်ရိုက်ကူးနေစဉ်မှာပဲ ရိုက်ကူးရေးအဖွဲ့ အသီးသီးမှာ သေပြီးသား ကောင်မလေးကို ပြန်လည်တွေ့ရှိခြင်း၊ ကျယ်လောင်တဲ့ အော်သံများ ကြားရခြင်း၊ ဘယ်ကလာမှန်းမသိ တဲ့လက်ဖြင့် ထိတွေ့ခံရခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ရုပ်ရှင်ထဲမှာပါသည့် အရိပ်တစ်ခုဟာ အမှန်တကယ် တွေ့ရှိခဲ့ရ တာပါ။


◆ ◆ ◆

သံစဉ်မိုးစက်

ရွှေပြည်သာမြို့နယ်၊ သာစုကန်ကျေးရွာတွင်

# ပုဏ္ဏကတိုက်ခြင်း

ဆရာဇော်လွင်



ပုဏ္ဏကတိုက်ခြင်း၊ကို နိုင်နင်း၊စေသော အစွမ်း၊ထက် ဘုရား၊ရုပ်ထုအင်း၊

ငှင်းကို အသုံးပြုလိုလျှင် ခဲရင်းစွာ စီရင်ရသည်မှာ ရှေးဆရာကြီးများ မှာကြားခဲ့သော နည်းအတိုင်းပင် စာရေးသူမှ ဆက်လက်တင်ပြသွားပါမည်။ စီရင်ရာတွင် ရွှေပြား၊ ငွေပြား၊ ခဲမဖြူ၊ ကြေးနီပြားတို့ဖြင့် စီရင်ရမည်။ ငှင်းစီရင်ရာ၌ ဘုရား၊

တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ဆီမီး၊ ပန်း၊ သစ်သီး ဦးစွာ လှူဒါန်းရမည်။ ဒုတိယ သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားအပေါင်း တို့အား ပန်း၊ ရေချမ်း၊ ဆီမီးတို့အား လှူဒါန်းရမည်။ တတိယ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရွာပိုင်၊ ရုက္ခစိုးတို့ကို ဆီမီးလှူ၍ စနေနေ့ ခါးပတ် နက္ခတ်ကြုံသောအခါ ကိုရွေး၍ သနခြေပါ။ သနခြေပြီး ရေငုံ၍ နှုတ်ပိတ် နားပေါက်ပိတ် ထိုးရပါမည်။ ထိုးစဉ်အချိန်၌ ကိုင်ဆောင်မည့်သူသည် ဂုဏ်တော် ကိုးပါးကိုရွတ်၍ အင်းစောင့်ဝိဇ္ဇာအား မီးမပြတ်စေဘဲ ထွန်းညှိ ပူဇော်ရမည်။ ဤအင်း၏ အသုံးဝင်ပုံမှာ သူပြု၊ နတ်ပြု၊ ဆရာပြု၊ ရုပ်ထား၊ နာမ်ထား၊ အစာပင် ဇော်ဂနီမျိုး ၂၅ ပါးမှစ၍ ပုဏ္ဏက တိုက်၊ ခုနစ်စဉ်တိုက်၊ အတိုက်မျိုး ၃၀ စပြီးသုံးလေ။ ၄င်းအင်းကို ဗူးမျက်နှာလွှဲနှင့် စုန်ရေ၊ ဆန်ရေ စိမ်ပြီး ခုနစ်ခါခပ်၊ ရှိသော အတိုက်ပြ၏။ အင်းကို မီးပြသော် ပြုထားသောသူ ဝင်လာ၏။ မီးထဲသို့ ထည့်လျှင် သုံးတတ်သည်။ (မီးထဲသို့ မထည့်ပါနှင့်) သစ္စာရှိစွာ သုံးစွဲပါ။ ကျန်သော အတိုက်ပညာသမျှကို ဆရာ ဉာဏ်ရှိ သလို သုံးစွဲနိုင်ပါသည်။ အလွန်ထက်မြက်သောကြောင့် ဆရာတို့ ဆင်ခြင်၍ သုံးစွဲပါ။ ဤအင်း၏ အစွမ်းပကားကို အောက်တွင် အနည်းငယ် ဖော်ပြပါမည်။

စာရေးသူ ဆရာတော်နှင့် ပညာသင်နေခိုက်အချိန်တွင် ယခင် အင်းစိန်မြို့နယ်၊ ယခု ရွှေပြည်သာမြို့နယ်၊ သာဓုကန်ကျေး ရွာ ခုနစ်စဉ်နှင့် ပုဏ္ဏကတိုက်သည့်အချိန်တွင် ဆရာတော်အား

သာဓုကန်ရွာမှ ဦးညွန့်၊ ဦးအောင်မင်းတို့မှ ဆရာတော်အား ည ခုနစ်နာရီခန့်အချိန်တွင် လာရောက်၍ ဆရာတော်အား ပင့်လျှောက်ပါသည်။ ဆရာတော်မှ 'အောင်မင်းနှင့်ငညွန့် ဘာကိစ္စရှိလဲ' ဟု မေးမြန်း၏။

'မှန်လှပါ ဆရာတော်။ တပည့်တော်တို့ သာဓုရွာမှာ ခုနစ်စဉ်တိုက်သည်လား ပုဏ္ဏကတိုက်သည်လား။ မလျှောက်တတ်ပါဘုရား။ ညခုနစ်နာရီထိုးတာနှင့် ရွာအရှေ့ဖျား ငညွန့်အိမ်ကစပြီး အနောက်ဖျားဆုံးတဲ့အထိ တစ်အိမ်ပြီးတစ်အိမ် ဝုန်းဒိုင်းကြဲ၍ ပစ်ခတ်ခြင်းခံရတာ ယနေ့ဆို သုံးရက်မြောက်ပါပြီဘုရား။ အဲဒီကိစ္စကို ဆရာတော် ဖယ်ရှား ရှင်းလင်းပေးသနားတော်မူရန် တပည့်တော်တို့ ရှိသေလေးစားစွာ ခြေတော်ဦးခိုက် လျှောက်ထားသနားခံပါသည်။ ကယ်တော်မူပါ ဆရာတော်ဘုရား'

ထိုအချိန်မှာပင်...

"ယော့ကောင် ထစမ်း၊ ဘုရားဦး တိုက်၊ ငါ့ကို ဦးတိုက်၊ ဟိုမှာ လွယ်အိတ်၊ အဲဒါကိုယူပြီး ဟိုရေပုလင်းကိုယူ မင်း လိုက်သွား၊ လွယ်အိတ်ထဲမှာ ဘုရားရုပ်ဆူအင်းရှိတယ်၊ အဲဒီရေစိမ်ပြီး ရောက်တာနဲ့ ငညွန့်အိမ်ကစပြီးပတ်၊ ပြီးရင် မီးထွန်း၊ အင်းကို မီးကင်"

ဟု ဆရာတော်မှ စာရေးသူအား စေလွှတ်လိုက်သည်။

စာရေးသူလည်း ဆရာတော်၏ စကားဆုံးလျှင် ပစ္စည်းများ ယူဆောင်၍ ဆရာတော်ကို ကန်တော့ပြီး လှည်းပေါ်သို့တက်

၍ ထိုင်နေ၏။ ဦးအောင်မင်းမှ ကျောင်းတံခါးကို အသံမြည်အောင် ဆောင့်ပိတ်လိုက်သည်။ ထိုစဉ် ဦးအောင်မင်းမှ လှည်းပေါ်သို့တက်ကာ 'ဟော့ကောင် မောင်းတော့' ဟု ပြောပြီး မှင်သက်မိသကဲ့သို့ ငိုင်၍လိုက်ပါခဲ့သည်။

တောတိုက်ရွာအလွန် ကြူစမ်းရွာအနား ရောက်သောအခါ...

"အားကိုးလို့ ပင့်ပါတယ်၊ မတိုင်းကောင်းသလောက်ရှိတဲ့ ဆရာကို ထည့်လိုက်တယ်"

ဟု ပြောပြီး နောက်ထပ် ဘာသံမှ မကြားဘဲ ငြိမ်သက်နေ၏။ ထိုစဉ် စာရေးသူမှ ဦးညွန့်ကို...

"ဦးလေး ဘယ်အိမ်က စဖြစ်တာလဲ၊ ဘယ်လိုစဖြစ်တာလဲ ကျွန်တော့်ကို ပြောပြစမ်းပါ၊ အကြောင်းရင်းကိုသိမှ အလုပ်လွယ်မယ်"

ဟု မေးရာ ဦးညွန့်မှလည်း ဖြစ်ပုံအကြောင်းစုံကို စာရေးသူအား ပြောပြပါသည်။ စာရေးသူက ရယ်၍ အသာတကြည့်လိုက်ပါသွားလေသည်။

သာမုရွာသို့ရောက်သော် စဖြစ်သော ဦးညွန့်အိမ်သို့ ဝင်လိုက်ပြီး ဆရာတော် မှာသည့်အတိုင်း အားလုံးကို လုပ်ဆောင်ပြီးချိန်တွင် မီးဖိုထဲမှ ကျောက်ငရုတ်ဆုံရှေ့သို့ ရောက်လာတယ်။ စာရေးသူမှ 'ငရုတ်ဆုံချည်းပဲ အကျွမ်းမဝင်ဘူး၊ ငရုတ်ကျည်ပွေ့ရှိမှ အကျွမ်းဝင်မှာ' လို့ ပြောလိုက်၏။

စကားဆုံးချိန်တွင် ကျည်ပွေ့သည် ငရုတ်ဆုံအတွင်းသို့ တည့်မတ်စွာ ကျရောက်လာသည်။ ထိုစဉ် စုန်ရေ၊ ဆန်ရေ ပုလင်းထဲမှ ရေတစ်စက်၊ နှစ်စက်ကို ထည့်၍ ငရုတ်သီးထောင်းသကဲ့သို့ တစ်ယောက်ပြီး တစ်ယောက် လဲထောင်းရာ ခုနစ်ယောက်မြောက် ရောက်သောအချိန်တွင် အနောက်ဘက်မှ ဖြစ်နေသော အသံငြိမ်သက်၍ တစ်ရွာလုံးရှိ ရွာသားအားလုံးတို့ ဦးညွှန့်နေအိမ်နှင့် ခြံဝိုင်းအတွင်းတွင် ဓာတ်ပွဲကြည့်သည့်ပမာ ရောက်ရှိလာကြသည်။

ဆရာတော်မှာသည့်အတိုင်း အင်းကို မီးကင်လိုက်ရာ တိုက်ထားသော ပုဏ္ဏကဘီလူးသည် ပရိသတ်အတွင်းမှ လူသားတစ်ဦးအား စီးနင်း၍ ဝင်လာပြီး 'ကြောက်ပါပြီ ပြန်လွှတ်ပေးပါတော့' ဟု ပြောလျက် မျက်နှာမော့ကာ 'ချုပ်မထားပါနဲ့ ငါပြန်ပါမယ်' ဟု ငိုကြွေး၍ပြောသည်။

စာရေးသူမှလည်း 'မင်း ဘယ်ကလာသလဲ၊ ဘယ်သူနိုင်းလိုက်သလဲ' ဟု မေးပြီး 'မှန်ရာကို ကတိပြု၍ ပြောလျှင်သင့်အား ငါ ပြန်လွှတ်ပေးမယ်၊ ဒါပေမဲ့ မင်းဆရာဆီကို မင်းပြန်ရမယ်၊ မင်းဆရာက ဘာကျွေးပြီး ခိုင်းတာလဲ' ဟု မေးရာ 'အမဲသား ၂၅ ကျပ် သားကျွေးပြီး ခိုင်းပါတယ်' ဟု ဖြေလေ၏။

စာရေးသူမှ…

'ဒါဆိုရင် မင်းကို တစ်ပိဿာပွဲ တစ်ပွဲနဲ့ ဒါနပြုမယ်၊ ဘယ့်နှယ်လဲ၊ မင်း ကျေနပ်သလား၊ ကျေနပ်တယ်ဆိုရင် မင်းခဏထွက်၊ ငါတို့ အဆင်သင့်ဖြစ်ရင် ပြန်ခေါ်မယ်၊ ဘယ်မှ

မသွားရဘူး၊ ဒီအိမ်ပေါ်မှာပဲနေ"

ဟု ဆို၍ သစ္စာရေတိုက်ကာ အားလုံး ပြီးချိန်တွင် ထိုပုဏ္ဏားကအား ပြန်လည်ရောက်စေပြီး ဒါနပြုကြသည်။

ဒါနပြုပြီးချိန်တွင် သစ္စာဆို၍ တိုက်သည်။ ငှက်ပျောသီး တစ်လုံးကို သစ္စာဆို၍…

"သစ္စာ မတည်ကြည်ပါက အခွံခွာပြီး ယခု ငှက်ပျောခွံ သုံးစိတ်သုံးမွှာ ကွဲသလို ကျွန်ုပ်ခန္ဓာကိုယ် ကွဲရပါလို၏။ သစ္စာ တည်ကြည်ပါက ဒီငှက်ပျောသီးနှင့် ရေတို့သည် ကျွန်ုပ်ကို ခွန် အားပြည့်ဝစွာ ပေးစွမ်းနိုင်ပါစေသား"

ဟု သစ္စာဆိုပြီး တိုက်ကျွေးပါသည်။

ပြီးလျှင်…

"မင်း ပြန်တော့၊ ဘယ်သူ့ဆီကို ပြန်မလဲ"

ဟု မေးသောအခါ ဆရာထံ ပြန်ပါမည်ဟုပြော၍ ထွက် ဟန်ပြုစဉ် စာရေးသူမှ…

"ခဏလေးနေဦး၊ မင်း ပြန်ရင် ဒီမှာရှိနေတဲ့ လူတွေအား လုံး ကြားအောင် ပုဏ္ဏားကွယ်ကို အသံမြည်အောင် လက်နဲ့ရိုက်၊ ပျဉ်ကျိုးသွားရင် အသစ်လဲမယ်"

ဟု ပြောပြီး စာရေးသူမှ ထွက်ခွင့်ပြုလိုက်သည်။

၅ မိနစ်ခန့်အကြာတွင် ပြောသည့်အတိုင်း ပုဏ္ဏားကွယ် ကို ရိုက်သည့်အသံကို အားလုံး ကြားလိုက်ရသည်။ ထကြည့်သော အခါ ၆ လက်မခန့်ရှိသော ပျဉ်ပြားနှစ်ပြားတွင် လက်ဝါးရာ တွေ့ရှိရ

သည်။ ထိုပျဉ်ပြားတို့ကို စာရေးသူမှ ဖြုတ်ခိုင်းပြီး ဆရာတော်အား ပြရန် လှည်းပေါ်သို့ တင်စေ၏။

ထိုစဉ် ကျွန်ုပ်အား လာခေါ်သော ဦးညွန့်၊ ဦးအောင်မင်းနှင့် လှည်းမောင်းသူတို့သည် ပြန်ပို့ရန် စီရင်ပြီး ဆရာတော်အား ကန်တော့ရန်တို့ကိုလည်း လှည်းပေါ်သို့တင်ကာ ကျောင်းသို့ ပြန်လာခဲ့ကြသည်။ ကျောင်းသို့ ဆရာတော် အရုဏ်ဆွမ်းဘုဉ်းပေးနေစဉ် ကျောင်းသို့ ရောက်ရှိကြပါသည်။ ကျောင်းပေါ်သို့ ရောက်ပြီး ဘုရားဝတ်ဖြည့်ကာ ဆရာတော်သို့ ဦးတိုက်ကြသည်။ ဆရာတော်မှ ဆွမ်းဘုဉ်းပေးနေရင်း…

"မင်းကိစ္စ ပြီးခဲ့ပြီလား"

ဟု မေး၏။ စာရေးသူမှ…

"ဆရာတော်၏ ဘုန်းတန်ခိုးကြောင့် တပည့်တော် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်ဘုရား"

ဟု ပြန်လျှောက်တင်ပြီး ဆရာတော် ပေးလိုက်သော လွယ်အိတ်ကို ဆရာတော်အား အပ်နှံကာ မူရင်းနေရာသို့ ပြန်လည်ထားစေခဲ့ပါသည်။

ထိုစဉ် ဦးအောင်မင်းမှ…

"မှန်လှပါ ဆရာတော်ဘုရား၊ တပည့်တော် ဆရာတော်အား ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးဖြင့် ပြစ်မှားမိသော အပြစ်တို့ကို ခွင့်လွှတ်ပေးသနားတော်မူပါ"

ဟု လျှောက်ထားရာ ဆရာတော်မှ…

"မင်း ဘာစော်ကားလို့လဲ"

"မှန်လှပါ၊ ဆရာတော် မလိုက်ဘဲ ဒီဆရာလေးကို ထည့်လိုက်တာကြောင့် တပည့်တော်မှ ကိုယ်ရော စိတ်နှုတ်တို့မှ ထုတ်၍ ဘုန်းကြီးကလည်း အားကိုးလို့ လာပင့်တာ၊ မတိုင်းကောင်းသလောက်ရှိတဲ့ ဆရာကို ထည့်လိုက်တယ်။ နိုင်ပါလိမ့်မယ်၊ မသေရင် ကံကောင်းလို့ပဲ စော်ကားမိပါတယ်ဘုရား၊ ဒီအပြစ်တွေကို ဝန်ချတောင်းပန်ပါတယ်၊ ကျေနပ်ခွင့်လွှတ်တော်မူပါ"

"ငါ စိတ်ချလို့ ယုံကြည်လို့ လွှတ်တာ မင်း ဘာသိလို့လဲ၊ မင်းတို့ အကုန်လုံး မှတ်ထားလိုက်၊ ဒီဟာမကဘူး၊ နောက်ကြုံရင်လည်း သူပဲလိုက်မှာ။ သူပဲ ကုမှာ အဲဒါ ငါ့မျိုးဆက်ပဲ"

ဟု ဆရာတော်မှ မိန့်၏။ စာရေးသူအား ဆရာတော်က…

"ဒါအောင်မြင်လို့ ဘဝင်မမြင့်နဲ့၊ ဒါထက် ခက်တာတွေ ကြမ်းတာတွေ အမျိုးမျိုး၊ လွယ်တာတွေ အမျိုးမျိုးကို မင်း ကြုံတွေ့ရဦးမှာ"

ဟု မိန့်ကြားလေသည်။ စာရေးသူမှာလည်း တစ်နေ့ထက် တစ်နေ့ ပညာအား စိတ်ဝင်တစားဖြင့် လေ့လာသင်ယူခဲ့ပြီး ယနေ့ထက်တိုင် ဆရာတော်ကို ဦးထိပ်ထား၍ ကုသပြုလုပ်ဆဲပင် ဖြစ်ပါသည်။

◆ ◆ ◆

ဆရာဇော်လွင်

တစ္ဆေမျက်ကန်း

# တစ္ဆေသရဲ
# ခြောက်လှန့်ခြင်း

ဒေဝေါ

ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက်နှင့် မျက်စိစုံမှိတ်ပြီး 'တစ္ဆေသရဲမယုံ' ဟု ကြွေးကြော်နေသူ၊ ဝင့်ကြွားနေသူများ ရှိနေသည်ကို တွေ့ရသည်။ ဤကား ဗုဒ္ဓဘာသာဝင်တို့အတွက် ရင်နာစရာကိစ္စတစ်ခုလည်း ဖြစ်သည်။

မြန်မာဗုဒ္ဓဘာသာဝင်များအနေနှင့် နားလည်သင့်သည်မှာ ဗုဒ္ဓတရားအရ တစ္ဆေသရဲဆိုသည်မှာ ပြိတ္တာကို ဆိုခြင်းဖြစ်၏။

ပြိတ္တာဟူသည် အပါယ်လေးဘုံသားများဖြစ်ပြီး အကုသိုလ်အကျိုးကြောင့် ဆင်းရဲဒုက္ခခံစားနေရသူများလည်း ဖြစ်သည်။

ပြိတ္တာဟူသည့် အပါယ်လေးဘုံသားတို့သည် ယနေ့လူများမှ မကျွတ်မလွတ်သူများဟု ခေါ်ဆိုကြသည်။ တစ္ဆေသရဲများ ဖြစ်သည်။

သရဲ တစ္ဆေဖြစ်သည့် ပြိတ္တာဘုံသားတို့သည် သီးခြားဘုံဘဝ ရှိကြ၏။ လူက လူ့ဘုံတွင် လူ့ဘုံသားအဖြစ် လူ့သဘာဝနှင့် နေထိုင်ကြသလို၊ ပြိတ္တာဖြစ်သည့် သရဲတစ္ဆေများသည် သူ့ဘုံ၊ သူ့ဘဝ၊ သူ့လောကနှင့် ရှင်သန်ဖြတ်သန်းသူများ ဖြစ်၏။

ပြိတ္တာဘုံသားတို့က သူတို့ဘုံတွင် သူတို့ သဘာဝနှင့် နေကြရ၏။ ပြိတ္တာဘုံသားဖြစ်သည်။ တစ္ဆေသရဲလောကတွင် သူ၏လူ့ဘဝက ပြုခဲ့သည့် ကုသိုလ်၊ အကုသိုလ် အကျိုးဆက်ကို ခံစားနေရ၏။

အချို့က ဖန်တီးနိုင်သော ဘဝရှိသော်လည်း အချို့က ဆင်းရဲဒုက္ခကို ရင်စည်းခံနေရသည့်သူများဖြစ်သည်။

မိမိနှင့် ပတ်သက်သူများ၏ ပေတအလှူအား မျှော်ကိုးနေသူများပင်။ ကျွန်သူတို့ပြုသည့် ကုသိုလ်အမှုအရ ခံစားရသူများဖြစ်သည်ကို လူတို့သိသင့်သည်။

◆ ◆ ◆

အမှန်တကယ်ဆိုမူ ပြိတ္တာဘုံသားဖြစ်သည့် တစ္ဆေသရဲများလည်း လူတို့အား ဒုက္ခပေး ခြောက်လှန့်နေသူများအား ခြောက်လှန့်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင်…

တစ်ခါတစ်ရံ လူတို့က ကံနိမ့်စဉ် သူတို့၏ ပကတိအသွင်ကို လူတို့ မြင်ရခြင်း။

တစ်ခါတစ်ရံ သူတို့၏ ဆင်းရဲဒုက္ခအား လူသားတို့ သိစေရန် ကိုယ်ထင်ပြ၍ အကူအညီ တောင်းခြင်းအပြင် ဆာ

လောင်၍ ပူးကပ်ခြောက်လှန့်ခြင်းများ ရှိ၏။

ဒုက္ခကြီးသူများဖြစ်သဖြင့် သူတို့အား စာနာသနားသင့်သည်။ သူတို့သည် အကုသိုလ်ကြီးသူများဖြစ်သဖြင့် သူတို့အတွက် စာနာသင့်၏။ အလှူပေးခြင်း အမျှပေးဝေခြင်းဖြင့် သူတို့၏ မကျွတ်မလွတ်ဘဝကို ကူညီသင့်၏။

လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောကတွင် လူအမျိုးမျိုး ဘဝအမျိုးမျိုးရှိသဖြင့် ပြိတ္တာဘုံသား ဖြစ်သော သရဲတစ္ဆေဘဝတွင်လည်း ဘဝအမျိုးမျိုးရှိသည်ကို သိသင့်သည်။ စာနာသင့်သည်။

တစ္ဆေသရဲဟူသည် အကုသိုလ်အကျိုးဆက်ကြောင့် ဆင်းရဲတွင်းနက်နေသူ ဖြစ်သဖြင့် သူတို့၏ ဆင်းရဲဒုက္ခအား အလှူဒါနပြုခြင်း အမျှပေးဝေခြင်းဖြင့် ပံ့ပိုးသင့်သည်။

သူတို့၌ လူသားတို့အား ဒုက္ခပေးလိုစိတ် မရှိ။

သူတို့ ခြောက်လှန့်ခြင်းတွင် အကြောင်းရှိသည်ကို သတိပြုပါ။

သို့နှယ်ပင် သေသူအတွက် ရှင်သူတို့တွင် တာဝန်ရှိသည်ကိုလည်း မမေ့ပါနှင့်။

◆ ◆ ◆

တစ္ဆေခြောက်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင် တစ္ဆေသည် အမြဲတမ်း လူသားတို့အား ခြောက်လှန့်ရန်ရှိနေသည့် သတ္တဝါမဟုတ်ပေ။

တစ္ဆေတို့၏ ခြောက်လှန့်ခြင်းနှင့် ပတ်သက်၍ လေ့လာ

လျှင် တဏှာခြောက်လှန့်ရခြင်းတွင် အကြောင်းများ ရှိနေသည်ကို တွေ့ရ၏။

တဏှာခြောက်ခြင်းနှင့် ပတ်သက်၍ လေ့လာလျှင် တဏှာခြောက်ခြင်း (၁၀)မျိုးရှိသည်ကို တွေ့ရ၏။

ယင်းတို့ကား···

၁။ ကံနိမ့်၍ခြောက်ခြင်း

၂။ ပြောင်လှောင်ကျီစယ်လို၍ခြောက်ခြင်း

၃။ ချစ်ခင်၍ခြောက်ခြင်း

၄။ အမှုတာန်းဝေခြင်းကို ခံယူလို၍ခြောက်ခြင်း

၅။ ခင်မင်၍ခြောက်ခြင်း

၆။ ကြောက်၍ခြောက်ခြင်း

၇။ စားချင်သောက်ချင်၍ခြောက်ခြင်း

၈။ ဥစ္စာပေးလို၍ခြောက်ခြင်း

၉။ မှာထားလို၍ခြောက်ခြင်း

၁၀။ နှုတ်ဆက်လို၍ခြောက်ခြင်း

စသည်ဖြင့် (၁၀)မျိုး ရှိသည်ကို တွေ့ရ၏။

စင်စစ်ပြောရလျှင် ပြိတ္တာနှယ်ဝင် သရဲတဏှာဆိုသည့် သတ္တဝါတို့သည် ဒုက္ခကြီးသော အပါယ်လေးဘုံသား သတ္တဝါများဖြစ်သကဲ့သို့ အစဉ်အမြဲ နေခြင်း၊ စားခြင်း ဒုက္ခများ ခံစားနေရသည့် သတ္တဝါများဖြစ်သည်။ လူသားတို့အား အကြောင်းမဲ့ ဒုက္ခပေးလိုစိတ် မရှိကြခြင်း တွေ့ရ၏။

## တစ္ဆေမျက်နှာ

သရဲတစ္ဆေဟူသည့် သတ္တဝါတို့သည် ကိုယ့်ဘဝကိုယ် ဖန်တီးနိုင်ကြသည့် ဘဝမျိုးမဟုတ်။

သူတစ်ပါးကို အားကိုးနေသည့်ဘဝဖြစ်သည်။ လူတို့ စွန့်ပစ်သည့် အစားအစာများကို စားနေကြရသကဲ့သို့ လှူဒါန်းကျွေးမွေးမှ စားရသည့် သတ္တဝါမျိုးဖြစ်သည်။

◆ ◆ ◆

တစ်ခါက မိတ်ဆွေတစ်ဦး သရဲပူးခံရသည်ကို မျက်ဝါးထင်ထင် မြင်ရဖူးသည်။ သူက ပူးပြီး သူ့ရဲ့ ဆင်းရဲဒုက္ခများအား ရင်ဖွင့်ပြောပြ၏။ သူ့ဘဝတွင် ကြုံတွေ့နေရပြီး သူလိုချင်သော သုခချမ်းသာ ရရှိစေရန်အတွက် သူ့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးရန် ရင်ဖွင့်၏။ သည်အခါ မိမိမိတ်ဆွေ၏ ညီမများ၊ ညီများက ရှိတ်မကောင်း ဖြစ်ရ၏။

"ငါတို့ သူ့အတွက် ဘာမှလုပ်မပေးရသေးဘူး"

ဟု ပြောကြသည်။

တချို့က လူတစ်ယောက် သေဆုံးသွားပြီဆိုလျှင် ပြီးသွားပြီဟု ထင်ကြသည်။ အမှန်ဆိုသော် လူဘုံလူ့ဘဝနှင့် ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသားသမီးတို့အတွက်မှ လူတစ်ယောက်အတွက် သေဆုံးသွားပြီဆိုသည်နှင့် ဘဝဆုံးသွားပြီဟု မဆိုသင့်။

ဗုဒ္ဓဘာသာတွင် ကံ ကံ၏အကျိုးရှိသည်။ လူတစ်ဦးသည် ကောင်းမှုပြုလျှင် ကောင်းကျိုးခံစားရမည်။ မကောင်းကျိုး ပြုခဲ့လျှင် မကောင်းကျိုးသာ ခံစားရမည်။

ဒီဘာဝဒီကိုယ်နှင့် ပြုခဲ့သည်ကိုလည်း နောင်ဘဝ နောင်ကိုယ်နှင့် ခံစားရမှာ ဖြစ်သည်။

တစ်ခါက မိမိအား ဆရာတော်တစ်ပါးက-

''ဒကာ ဒီကနေ့ လူတိုင်း နားလည်ထားသင့်တာက သေသူအတွက် ရှင်သူတွေမှာ တာဝန်ရှိတယ် ဆိုတာပဲ။ သေသူတွေက သူတို့အတွက် ဘာမှမလုပ်နိုင်လို့ ရှင်သူတွေက ပြုပေးရမယ်''

ဟု မိန့်ကြားသည်ကို မှတ်သားရဖူး၏။

စာပေတွင် လေ့လာကြည့်ရာ သေဆုံးသူအတွက် ရှင်သူက ပြုပေးသည့်ဒါနသည် ပေတဒါနဖြစ်၏။

သို့သော် တစ်ခုနားလည်ထားရမည်က ဒါနပြုသည်ဆိုသော်လည်း ပေတဒါနက အခြားသော ဒါနမျိုးနှင့် မတူ။

မှန်ကန်တိကျရန်လိုသည်။

အလှူခံသူ မှန်ဖို့လိုသည်။

အဘယ်ကြောင့်ဆိုသော် သေသူအတွက် ရည်စူးအလှူပေးသူက မည်မျှပင် ပြည့်စုံစွာ လှူဒါန်းပေးကမ်းသည်ဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်သည် ကလျှဂ္ဂီရဟာန်းဖြစ်နေသည်။ သီလမရှိသော ရဟန်း ဖြစ်နေမည်ဆိုလျှင် သေသူအတွက် ဘာမျှ ရမည်မဟုတ်။

သာဓကရှိသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်က အဖြစ်သတ်ခဲ့သည့် အပြစ်ကြောင့် သောကဝေကာ အိမ်မရဖြစ်နေသည့်အချိန် ကောင်းကင်မှ

ထူးခြားစွာ ပျံသန်းသွားသည့် ပြိတ္တာတစ်ကောင်နှင့် ဆုံရ၏။

မင်းကြီးက ဘယ်အမျိုးဖြစ်သည်ကို မေးလျှင် မိမိသည် မကျွတ်ဘဲ ပြိတ္တာဖြစ်နေသူ ဖြစ်ကြောင်း ယခု သမီး အလှူဒါန ပြုမည်ကြား၍ သာဓုခေါ်ရည်သန်သွားမည်အကြောင်းပြော၏။

မင်းကြီးက ပြိတ္တာအား ပြန်လာလျှင် ဝင်လာရန်နှင့် အကျိုးအကြောင်းပြောရန်ဆို၏။

သို့နှင့် မကြာမီ ပြိတ္တာ ပြန်လာ၏။

"အသင် မည်သို့ရှိသနည်း။ သာဓုခေါ် ခွင့်ရခဲ့သလား"

ဟု မေးသော် ပြိတ္တာက အရှင်မင်းကြီး သမီးငယ် အလှူပေးသည်မှာလည်း မှန်ပါ၏။ သို့သော် သမီးအလှူကို လာကြသည့် ပုဏ္ဏား ရဟန်းများသည် သီလပြည့်စုံသူ မဟုတ်ကြ။ ကိုယ်တိုင်စားပြီး အမျှပေးခြင်း မရှိသဖြင့် သာဓု ခေါ်ခွင့် မရခဲ့ပါ"

ဟု အကြောင်းပြန်ရာ မင်းကြီးက 'ကောင်းပြီ အသင့်အား ကျွန်ုပ် ကူညီမည်' ဟု ဆိုပြီး ဘုရားရှင်အား တိုင်ပင်ကာ ပေတဒါနပြုသဖြင့် ပြိတ္တာသည် ကျွတ်လွတ်သွားခဲ့၏။

ယင်းသမို့ တွေ့သည့်ရဟန်းနှင့် ဒါန မပြုမိပါစေနှင့် ကျောင်းတွင် ကျောင်းထိုင်ဆရာတော်အား ပေတဒါနပြုရန် အကြောင်းမှန်လျှောက်ထားပြီး ပင့်ပါ။

ဆရာတော်က စီစဉ်ပေးလိမ့်မည်။

တရားနာလျှင် သေသူကို ခေါ်ပါ။ နေရာပေးပါ။ သေ

ချာစွာ ရေစက်ချ၊ အမှျပေးဝေပြီး သာဓုခေါ်ပါက အကျိုးထူးမည်ဖြစ်သည်။

ဤကား သေသူအတွက် ရှင်သူတို့ ပြုလုပ်သည့်အခါ အရေးကြီးသည့်အချက် ဖြစ်သည်။

မင်းတုန်းမင်းတရားကြီး၏ လက်ထက်၌ ပိဋကတ်ကျမ်းဂန်များ၊ မဟာဝင်များ၊ ရာဇဝင်များမှ ကောက်နုတ်ဖော်ပြထားသည့် တစ္ဆေတို့အကြောင်း နာနာဘာဝတို့အကြောင်း ပြုစုသူက 'မင်းကြီး မဟာသီဟ'ဘွဲ့ခံ လေသင်းအတွင်းဝန်မင်း၏ 'တစ္ဆေဝတ္ထုဒီပနီကျမ်း' ဖြစ်သည်။

ထိုကျမ်း၌ ပါရှိသည့် နာနာဘာဝ တစ္ဆေ တို့အကြောင်းမှ ရာဇဝင်ကျမ်းလာ တစ္ဆေတို့ အကြောင်းကို ဖော်ပြရလျှင်…

**၁။ စလေမင်းခွေးလက်ထက် တစ္ဆေများ**

**(မြန်မာ သက္ကရာဇ် ၂၀၈-၂၇၇)**

ပုဂံပြည့်ရှင် စလေမင်းခွေး လက်ထက်၌ ထိုမင်း နတ်ရွာစံကာနီးအချိန် ဖြစ်သည်။ ထန်းပင်ပမာဏရှိသည့် ဘီလူးကြီးမောင်ကောင်းသည် ထိုမင်းအား ကိုယ်ထင်ပြသည်ဆို၏။

**၂။ ကျည်စိုးမင်းလက်ထက်တစ္ဆေများ**

**(မြန်မာသက္ကရာဇ် ၃၄၈-၃၅၄)**

ပုဂံပြည့်ရှင် ကျည်စိုးမင်း နတ်ရွာစံကာနီး (၁၅)ရက်အလိုတွင် တစ္ဆေဘီလူးများ၊ နာနာဘာဝများက အုတ်ခဲ၊ ကျောက်ခဲတို့ဖြင့် ပစ်ခတ်ပြီး ခြိမ်းခြောက်ခဲ့သည်။

**၃။ ညောင်ဦးစောရဟန်းမင်းလက်ထက် တစ္ဆေများ**
**(မြန်မာ သက္ကရာဇ် ၅၃၅-၅၈၃)**

ပုဂံပြည့်ရှင် ညောင်ဦးစောရဟန်းမင်းသည် နတ်ရွာစံကာနီးအချိန်၌ တစ္ဆေ၊ ဘီလူး၊ နာနာ ဘာဝများ ကြောက်မက်ဖွယ်ရာ ကိုယ်ထင်ပြ ခြိမ်းခြောက်ခဲ့သည်ဟု ဖော်ပြထားသည်။

**၄။ ကျန်စစ်သားမင်းလက်ထက် တစ္ဆေများ**
**(မြန်မာ သက္ကရာဇ် ၄၄၆-၄၇၄)**

ပုဂံထီးလိုင်ရှင် ကျန်စစ်သားမင်းကြီး နတ်ရွာမစံမီ ရက်အနည်းငယ်အလိုတွင် ရွှေနန်းတော်ပြသာဒ်၌ တစ္ဆေသုံးကောင် ကိုယ်ထင်ပြသည်ဟု ဖော်ပြပါရှိသည်။

**၅။ အလောင်းစည်သူမင်းလက်ထက် တစ္ဆေများ**
**(မြန်မာ သက္ကရာဇ် ၄၇၄-၅၂၉)**

အလောင်းစည်သူမင်းလက်ထက် မြန်မာသက္ကရာဇ် (၄၅၆) ခုတွင် သူပုန်တစ်ရာကျော် တို့သည် ရွှေနန်းတော် သိမ်းပိုက်ရန် ဝင်ရောက် တိုက်ခိုက်ကြသည်။

နန်းတွင်းသားနှင့် စစ်သားတို့က ပြန်လည်တိုက်ခိုက်ရာ ရှုံးနိမ့်ထွက်ပြေးရသည်။ နန်းတော် ရာဇပလ္လင်အနီး၌ သူပုန်ဗိုလ်သုံးဦးအပါအဝင် သူပုန်အများအပြား ကျဆုံးခဲ့ကြသည်။

ထိုသူပုန်တို့သည် တစ္ဆေသရဲ ဖြစ်ကုန်သည်။ ထိုတစ္ဆေတို့သည် ညအချိန်တွင် ကိုယ်ထင်ပြ၍ ခြောက်၏။

သရပါတံခါးကို အနိုင်အထက် ဖွင့်ကြ၏။ တောင်ဘက်

လေသာတံခါးကိုဖွင့်၍ ခြိမ်းခြောက်တတ်သည်ဟု ဖော်ပြထား ပါသည်။

**၆။ အင်းဝမင်းရဲကျော်ထင်လက်ထက်တစ္ဆေများ**
**(မြန်မာ သက္ကရာဇ် ၁၀၃၄-၁၀၆၀)**

အင်းဝမင်းရဲကျော်ထင်လက်ထက် သက္ကရာဇ် ၁၀၃၄ ခုနှစ်၌ ရွှေနန်းတော်ကို သူပုန်များ ဝင်ရောက်စီးနင်းကြ၏။

မအောင်မြင်ဘဲ အကျအဆုံးများစွာနှင့် ဆုတ်ပြေးရသည်။

သူပုန်တစ္ဆေသရဲတို့သည် ကိုယ်ထင်ပြ ခြောက်ကြ၏။ ကျယ်လောင်စွာ ရယ်မော၏။ သစ်သီး၊ သစ်ပွင့်၊ ခဲ၊ အုတ်တို့နှင့် ပစ်ပေါက်၏။ နန်းတွင်းတွင် ဆူဆူညံညံ ခုန်ပေါက်ခြောက် လှန့်၏။

ထိုကိစ္စတို့ကို နတ်စက်ရောင်ဆရာတော်ငရဲ ဘုန်းတော် ကြီး ဦးမွေနန္ဒီတို့က ကုသစီရင်မှ ပျောက်ကင်းသည်ဟူ၏။

**၇။ မွန်ဘုရင် သူရှင်တကာရွက်ပိ**

မြန်မာသက္ကရာဇ် ၈၉၉ ခုနှစ်တွင် တပင်ရွှေထီးနှင့် ဘုရင့် နောင်တို့က ဟံသာဝတီကို တိုက်ခိုက်အောင်မြင်သည်။ မွန်ဘုရင် သူရှင်တကာရွက်ပိသည် ရှုံးနိမ့်သဖြင့် မိမိ၏ ယောက်ဖတော် သူ မိဖုရား၏မောင် ပြည်ဘုရင် နရပတိထံ ခိုဝင်သည်။

ပြည်မြို့တွင် ဘုရင့်နောင်က တိုက်ခိုက်ရာ အောင်မြင်ပြီး ပြန်၏။ မွန်ဘုရင် သူရှင်တကာရွက်ပိသည် တစ်ယောက်တည်း ထွက်ပြေး၍ အင်္ဂပူသိမ်တောသို့ ဆင်ကျော့ထွက်စဉ် တောနက်ထဲ

သို့ ရောက်သွားသည်။

သူရှင်တကာရွက်ပိသည့် ရေအိုင်တစ်ခုတွင် နတ်သမီးတစ်ယောက်နှင့် တွေ့သည်။ (အချို့ ရာဇဝင်စာအုပ်များ၌ နာနာဘာဝတစ္ဆေနှင့်တွေ့သည်ဟု ဆို၏။) ပေါင်းဖော်ဆက်ဆံပြီးနောက် နတ်သမီး ကွယ်ပျောက်သွားသည်။

ထိတ်လန့်စွာ တပ်သို့ ပြန်ရောက်ပြီး ထိုညနေ၌ပင် ကွယ်လွန်သည်ဟု အမျိုးသားပညာဝန် ဦးဖိုးကျား၏ မြန်မာ့ရာဇဝင်အကျဉ်း၌ ဖော်ပြထားသည်ကိုလည်း တွေ့ရ၏။

**၈။ နောင်တော်ကြီးမင်းလက်တစ္ဆေများ**

**(မြန်မာ သက္ကရာဇ် ၁၁၂၂-၁၁၂၅)**

ရတနာသိင်္ခရွှေကိုးပြည့်ရှင် နောင်တော်ကြီး လက်ထက်တွင် သူ၏အမှုတော်ထမ်း ဘတ်ချောင်ဗိုလ်ဥဒီကျော်ခေါင်သည် ဇင်းမယ်ပုန်ကန်သူကို သွားရောက်နှိမ်နင်းစဉ် တိုက်ပွဲကျဆုံး၍ တစ္ဆေဖြစ်သွားသည်။

ထိုဘတ်ချောင်ဗိုလ်တစ္ဆေသည် နောင်တော်မင်းကြီးထံ ဆက်လက်အမှုထမ်းခွင့်ရရန် တောင်းဆိုသောကြောင့် ခွင့်ပြုခဲ့သည်။ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ရာ ဘွဲ့တံဆိပ်များစွာ ချီးမြှင့်ခံရသည်ဆို၏။

နောင်တော်ကြီးလက်ထက်မှာပင် ပယင်းနယ်၊ ချောင်းဦးရွာသား ငဆောင်ထွန်းသည် တောနက်ထဲ၌သွားစဉ် ဘုန်းကြီးတစ္ဆေနှင့်တွေ့၍ လက်ဖွေ့ထိုးသတ်ကြသည်။

ငအောင်ထွန်း လက်မြန်ခြေမြန်ဖြင့် ဘုန်းကြီးတစ္ဆေ ဦးထုပ်ကို ချွတ်ယူထားလိုက်သည်။ ဘုန်းကြီးတစ္ဆေသည် ကိုယ်ပျောက်အစွမ်းပြနိုင်စွမ်း မရှိတော့ ငအောင်ထွန်းထံ ဦးထုပ်နှင့် ငွေအိုး အလဲအလှယ် လုပ်ရသည်။ ဦးထုပ်ပေးပြီး ငွေအိုးယူသည်။

**၉။ အလောင်းဘုရားမင်းလက်ထက် တစ္ဆေများ**

**(မြန်မာသက္ကရာဇ် ၁၁၁၄-၁၁၄၇)**

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက် တပင်းနယ် ဥသျှစ်ကုန်းရွာသား ငချမ်းကောင်းသည် အလွန်သတ္တိကောင်းသူ ဖြစ်သည်။ မကြောက်တတ်သူလည်း ဖြစ်၏။

တစ်ညဦးအချိန်တွင် ရွာနှင့် ခရီး ၂ တိုင် ၄ တိုင်ခန့်ဝေးသော မိမိလယ်ရှာရှိ အိမ်သို့ အလွန် အ[illegible]က်ကောင်းသည့် တောခွေး နှစ်ကောင်နှင့် ပြန်ခဲ့၏။

လမ်းခုလတ် ထိန်ပတ်ကား ရေအိုင်အနီး ညောင်ပင်ကြီးမှ တစ္ဆေသည် အလွန်ကြောက်မက် ဖွယ်ကောင်းရာ အသွင်အမျိုးမျိုးနှင့် ခြောက်လှန့်၏။ သတ္တိကောင်းသော ငချမ်းကောင်းနှင့် တောလိုက်ခွေးတို့သည် တစ္ဆေကိုလိုက်လံတိုက်ခိုက်၏။ တစ္ဆေ ထွက်ပြေးရ၏။

ငချမ်းကောင်းနှင့် ခွေးတို့သည် မရမက တစ္ဆေကို လိုက်ဖမ်း၏။ နောက်ဆုံး ပုစွန်တွင်းထဲ ဝင်သွား၏။ တူးဖော်ရာ ကြောက်လန့်၍ ပုန်းလျှိုးနေသည်။ ပုတ်သင်ကြီးဟန်ပြနေ၏။

သတ်ဖြတ်ပြီး ထန်းရည်ခါးနှင့် မြည်းလိုက်၏။ ထို့နောက်

တိုက်ဆိုင်မှုအနေနှင့် ထန်းရည်ခါးနှင့် မြည်းခဲ့သော ထန်းရည်တဲပိုင်ရှင်၏ဇနီးသည် မကြာမီ ကိုယ်ဝန်ရပြီး ဖွားလာသည့် ကလေးသည် ငချမ်းကောင်း တွေ့လျှင် ငို၏။

စကားပြောတတ်၍ ချော့မော့မေးသော်…

“ငါ့ကို မီးဖုတ်၍ ထန်းရည်ခါးနှင့် မြည်းဖူး၍ သူ့ကို ငါ ကြောက်သည်”ဟု ဆို၏။

ဤကား ‘တစ္ဆေဝတ္ထုဒီပနီကျမ်း’လာ တစ္ဆေတို့ အကြောင်း တည်း။

◆ ◆ ◆

ဒေဝေါ

သရဲတစ္ဆေ၊ စုန်းကဝေကို စိတ်ဝင်စားကြတဲ့ ကျူပ်ရဲ့ပရိသတ်တွေအတွက် ထူးထူးခြားခြားဖြစ်မယ့် ‘တစ္ဆေမျက်လုံး’ကို ကျူပ်ကိုယ်တိုင် စီစဉ်ပြီး ထုတ်ဝေနေတယ်ဗျို့….ဒီ‘တစ္ဆေမျက်လုံး’မှာ ကျူပ်နဲ့အတူ ခင်ဗျားတို့ရဲ့ ထူးထူးခြားခြား အတွေ့အကြုံတွေကို ပါဝင်ရေးသားနိုင်ပါတယ်။ ပါဝင်ရေးသားလိုသူများအနေနဲ့ အရှေ့ဘက်ကောင်းကင်အမှတ် –(၃၅)၊ ဇေယျာသီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန် ကို ပေးပို့နိုင်တယ်ဗျို့…..

တာတေ



တာဆွေမျက်ကျိုး



# ကျက်အောင်းတွင်း

မင်းဘုန်းသိခ်သူ

ပဲခူးရိုးမတောင်ခြေ တောနက်ထဲတွင် ဝါးခုတ်ရန် ရောက်လာသော နွားလှည်းသုံးစီး၊ လူခြောက်ယောက်တို့သည် မွန်းလွဲခါနီး နှစ်ချက်တီးတွင် တောင်ခြေသို့ ရောက်လာကြလေသည်။ နွားလှည်းတစ်စီးလျှင် လူနှစ်ယောက်ဖြစ်သည်။ သူတို့သည် ဝါးခုတ်ရန်အလို့ငှာ ရိုးမဆီသို့ စားအိုးစားခွက် ကိရိယာစုံလင်စွာဖြင့် ရောက်လာကြခြင်းပင်။ မနက်လင်းအားကြီးအချိန်က ရွာမှထွက်လာကြရာ တောင်ခြေသို့ ရောက်ရောက်

ချင်း ယာယီနေထိုင်ရန် တဲဆောက်ကြသည်။ တောထဲတွင် သစ်ဝါး၊ အမိုးအကာ ပေါများလှပေရကား လူခြောက်ယောက် တက်ညီလက်ညီဖြင့် မနိုမကပ်လုပ်ဆောင်လိုက်ကြရာ နေမဝင် လူခြောက်ယောက် ကျယ်ကျယ်ဝန်းဝန်း နေနိုင်သော တဲကလေး တစ်လုံး ရုပ်လုံးပေါ်သွားပေသည်။

သူတို့ခြောက်ယောက်အုပ်စုထဲတွင် လူငယ်တွေက အဘ ဟုခေါ်သော ဦးဘတူသည် အသက် ၅၀ ကျော်သာ ရှိသေးသည်။ ဦးဘတူနှင့် မတိမ်းမယိမ်းတွေကတော့ ကိုဘတူဟု ခေါ်ကြသည်။ ဦးဘတူသည် တောတက်အတွေ့အကြုံရင့်ကျက်သူပီပီ ဝါးခုတ် အဖွဲ့ကို ဦးဆောင်လာခြင်းဖြစ်ရာ သူ့စကားအားလုံးကို သဝေ မတိမ်း လိုက်နာကြရသည်။

"နေမဝင်ခင် အမိုးအကာတွေ ပြီးစီးအောင် လုပ်ကြ ဟေ့၊ မနက်ဖြန်မှ ဝါးခုတ်ကဲ့အလုပ်ကို လုပ်ကြစို့ရဲ့"

"ကျော်ဝင်းရေ…ထမင်း မြန်မြန်ချက်ဟေ့"

သည်အုပ်စုတွင် ကျော်ဝင်းသည် အငယ်ဆုံး ဖြစ်သည်။ ထမင်းချက်ရသည့်တာဝန်၊ စခန်းကို ကြည့်ရှုရမည့် တာဝန်ယူထား သူဖြစ်ရာ ဝါးခုတ်လိုက်ရန် မလိုချေ။ ဦးဘတူအောက် ကိုမြဒင်၊ ကိုလှသောင်းနှင့်အတူ လူငယ်များဖြစ်ကြသည့် ကြည်ဝင်း၊ စိန်ကုလား၊ ကျော်ဝင်းတို့သည် အဖွဲ့ထဲတွင် တက်တက်ကြွကြွ ပါဝင်လာကြခြင်း ဖြစ်သည်။

သည်နေ့တော့ တဲဆောက်ရသည့် တာဝန်၊ ထမင်းဟင်း

ချက်ပြုတ်ရန် နေရာထိုင်ခင်း ပြုလုပ်နေရသဖြင့် အားလုံးတာဝန်ကိုယ်စီ မအားလပ်ကြချေ။ တောထဲတွင် ရက်နှစ်ဆယ်စာခန့် ရိက္ခာခြောက်များမှါ သယ်လာကြရပေရာ နေရာတကျ စီမံထုပ်ပိုးရသည့်ကိစ္စနှင့် နေဝင်သွားခဲ့ပေပြီ။ စိန်ကုလားဆိုသည့် ရွတ်ပေပေ ကောင်လေးကတော့ အရက်တွေ ခိုးဝှက်ယူလာသည်။

သူတို့သည် မောမောပန်းပန်းဖြင့် နီးစပ်ရာ တောဟင်းရွက်များ ခူးဆွတ်ကာ တို့စရာအဖြစ် စားသုံးရင်း ညစာကို ကတိုက်ကရိုက် ပြီးဆုံးစေသည်။ ထုံးစံအတိုင်း ငါးပိလိမ္မာချက်၊ ငါးခြောက်ကို ငရုတ်သီးစပ်စပ် ဖျော်ထားသော ဟင်းတစ်ခွက်သည် သူတို့အဖို့ မည်သည့်ဟင်းနှင့်မျှ မလဲနိုင်ပေ။ မြိန်ရေရှက်ရေ ရှိလှသည်။

ထို့နောက် ထူထဲနက်မှောင်စပြုလာသော ရိုးမ၏အမှောင်ထုအောက်ထဲအတွင်းတွင် အေးချမ်းစွာ ခိုနားရင်း စကားစမြည် ပြောနေကြသည်။ ဆေးလိပ်သောက်သူသောက် ကွမ်းစားသူစားရင်း အိပ်ရာစောစော ဝင်ခဲ့ကြပေသည်။

ရိုးမသည် အမှောင်ထုအောက်ဆီတွင် တစ်စတစ်စ မြုပ်လာပေရာ တစ်ခါတစ်ရံ မာန်ဖီဟိန်းဟောက်လိုက်သော တောကောင်များမှအပ ငြိမ်သက်တိတ်ဆိတ် နေပေသည်။ လေမတိုက်၊ သစ်ရွက်မလှုပ်အောင် ပကတိငြိမ်သက်နေပေရာ ကြောက်မက်ဖွယ် အဆင်းသဏ္ဍာန်ကို ဖော်ဆောင်နေပေသည်။ တစီစီမြည်နေသော ပိုးမွှားကောင် ကလေးများ၏အသံသာလျှင် အဆက်

မပြတ် ထွက်ပေါ်နေ‌ေသည်။ တစ်ခါတစ်ရံ အနီးအနား ချုံထဲမှ ခြေဆိုးတွန်သံ ထွက်ပေါ်နေတတ်သည်။

"တောထဲမှာ လောလောဆယ်... ပေါ့ ကျုပ်တို့ ခြောက်

ယောက်ပဲ ရှိမယ်ပေါ့"

မှန်ပေသည်။ တောသည် နက်ရှိုင်းထူထဲကာ တစ်စ တစ်စ အေးစိမ့်လာလေသည်။ သစ်ရိပ်ဝါးရိပ် စိမ့်စမ်းရေမြေကြောင့် နွေဟုပီပီပြင်ပြင်မဆိုနိုင်။ တိတ်ဆိတ်မှောင်မိုက်လာပေပြီ။

ဦးဘတူသည် ယာယီတဲအပြင်ဘက်သို့ လှမ်းငေးကြည့်လိုက်မိသည်။ နေ့အလင်းရှိစဉ်က အချိုးအဆစ် အပိုင်းနိမ့်မြင့်များဖြင့် တန်ဆာဆင်ထားသော တောရိပ်ရှုခင်းသည် ယခုတော့ အမှောင်အောက်တွင် တစ်သားတည်း ဖြစ်နေလေပြီ။ ကြည့်လေရာရာ အမှောင်ထု။ လူတို့ရပ်ရွာသည် လောကတစ်ခုဟုဆိုလျှင် လူသူမနီး တောတောင်သည်လည်း မြင်အပ်မမြင်အပ်သည့် အရာတို့နှင့် ပြည့်နှက်နေမည့် လောကတစ်ခု ဖြစ်လိမ့်မည်။ တစ်နည်းအားဖြင့် ဩကာသလောကပင်။

ဦးဘတူသည် ဆေးပေါ့လိပ်ကို တစ်ဖွာ နှစ်ဖွာ ရှိုက်ကာ စောင်ကို ခြေဖျားလုံသည်အထိ ဆွဲချခြုံလိုက်ပေသည်။ လူငယ်တွေကို လှမ်းကြည့်လိုက်တော့ သုံးယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပေပြီ။ ကိုမြဒင်၊ ကိုလှသောင်းတို့ကတော့ အိပ်ရာပေါ်တွင် တုံးလုံးလှဲကာ အတွေးကြွယ်နေဟန် ရှိသည်။ ကိုမြဒင်

က ကွမ်းဝါးနေသည်။ စိန်ကုလားသည် အရက်ခိုးသောက်ရင်း အိပ်ပျော်သွားပြီလော။

"ကိုဘတူ အိပ်တော့လေ၊ မနက် ဝါးခုတ်ကွက်တွေ လိုက်ကြည့်ရဦးမယ်လေ"

"အိပ်မယ်ကွ၊ နည်းနည်းအေးစိမ့်စိမ့် ရှိတာနဲ့"

"တောကနက်တာကိုး၊ လမိုက်ညဆိုတော့ ပိတ်ပိတ်ပိန်းပဲဗျို့၊ ခုတ်ကွက်လည်း ရှင်းတယ်"

"ဟုတ်တယ် လှသောင်း၊ ဒီခုတ်ကွက်ကို ငါ တစ်ခါမှ မခုတ်ဖူးသေးဘူးကွ"

"ဟုတ်တယ်ဗျ၊ ကြည့်ရတာ ကြံသောင်း ဝါးတွေများတယ်၊ ဖြောင့်နေတာပဲဗျို့"

"ကဲပါကွယ်၊ အိပ်ကြစို့ရဲ့"

ညသည် တိတ်ဆိတ်မှုကို သယ်ဆောင်ကာ ညင်သာစွာ ရွေ့လျားနေသည်။ အမှောင်ထဲတွင် တော ပန်းတောင်ပန်းရနံ့များ ညင်သာစွာ စီးမျောလာသည်။

◆ ◆ ◆

အသံတစ်သံ။

ခန္ဓာကိုယ်နှင့် အသိကင်းကွာသွားချိန်တွင် အာရုံထဲသို့ ဝင်လာသောအသံသည် ခန္ဓာကိုယ်နှင့် အသိ ပူးကပ်သွားသည်နှင့် ရင်ထဲမှာ လစ်ဟာ၍ ကျန်ရစ်ခဲ့သည်။ မှန်ပေသည်။ အသံတစ်သံဆိုသည်မှာ သေချာပေသည်။ နားနှင့်ဆတ်ဆတ်မျှ သေချာစွာ

ကြားလိုက်ရသောအသံ ဖြစ်သည်။

ကျော်ဝင်းသည် ထိုအသံကြောင့် အိပ်ရာမှ နိုးလာခြင်း ဖြစ်သည်။ မျက်စိဖွင့်လိုက်ချိန်တွင် ပကတိအမှောင်ထု သိပ်သည်း စေးပျစ်သော အမှောင်။ သူ့တစ်ကိုယ်လုံး အမှောင်ထုထဲတွင် နစ်ဝင်နေကာ အသက်ရှူကြပ်လာသကဲ့သို့ ခံစားလိုက်ရသည်။ ဘေးပတ်ပတ်လည်တွင် ထူပိန်းသော အမှောင်သာ လွှမ်းမိုးနေပြီး အိပ်ပျော်နေသူတို့၏ ဟောက်သံ၊ အသက်ရှူသံသာ လွှမ်းမိုးနေသည်။ သူ့ဘေးမှာ အိပ်နေသော ဦးလှသောင်းကို စမ်းကြည့်လိုက်တော့ တခူးခူး အိပ်ပျော်နေသည်။ တုတ်တုတ်မျှပင် မလှုပ်ပေ။ ထို့နောက် တစီစီမြည်သော ပိုးပုရစ်သံများ၏ အသံသာ ကြားနေရသည်။

စောစောက သူကြားလိုက်ရသော အသံသည် အိပ်မက်များလား။ ထိုအိပ်မက်ဆိုလျှင် အိပ်မက်ထဲတွင် မိန်းကလေး နှစ်ယောက် သို့မဟုတ် အထက်အသံများကို သေသေချာချာ နားနှင့်ဆတ်ဆတ် ကြားလိုက်ရခြင်းဖြစ်သည်။ မိန်းကလေးများသည် တစ်စုံတစ်ရာသော အကြောင်းအရာ ဝမ်းသာအားရ မဖောနိုင်မပန်းနိုင် ငြင်းခုန်ပြောဆိုလာကြခြင်းပေတကား။

ကျော်ဝင်းသည် ဆက်အိပ်၍ မရတော့ဘဲ ခေါင်းရင်းတွင်ထားသည့် ကြေးဝါရောင် မီးခြစ်ကိုစမ်းကာ လဲလျောင်းနေရာမှ အသာလူးလဲထသည်။ ခေါင်းရင်းဘက် ဝါးကပ်ကြားမှ အေးမြသော လေစိမ်းတွေ ဝင်လာသည်။ လှဲနေရာမှ ထလိုက်

တော့ ကြမ်းခင်းပြင်သည် တိတ်ဆိတ်သော ညယံတွင် ကျိုးကျိုး ကျိုကျို မြည်သွားသည့်တိုင်အောင် မည်သူမျှ မနိုးကြချေ။ အားလုံးပင်ပန်းကြီးစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြလေပြီ။ အမှောင်ထုအောက် နေရာအနှံ့တွင် ဟောက်သံတွေ ထွက်ပေါ်နေခြင်းဖြစ်သည်။ တဲကလေးသည် ယာယီတဲ ဆိုသော်လည်း လုံခြုံလှသည်။ သူတို့ အုပ်စုထဲတွင် ဝါးထရံယက်တတ်သူ၊ တောင်း၊ ပလုံးများ ယက်တတ်သူတွေပါကြကာ တစ်ညနေခင်း အချိန် ကလေးမှာပင် ခိုင်ခံ့သေသပ်သော ဝါးအိမ်ကလေး တည် ဆောက်ပြီးစီးသွားပေပြီ။

ကျော်ဝင်းသည် ဝါကျင်ကျင်မီးခွက် အလင်းဖြင့် နေရာမှ အသာထရပ်ကာ ခေါင်းရင်းထရံတွင် ချိတ်ဆွဲထားသော အိတ်ဆောင်နာရီအိုကြီးကို ဆွဲကြည့်လိုက်တော့…

နံနက် ၄ နာရီ။

သူ့တာဝန်သည် ထမင်းချက် ဟင်းချက် တာဝန်။ ရေနွေးတည်ရသည့်တာဝန်။ လေးနာရီဆိုလျှင် ရေနွေးအိုးကျို၊ ထမင်းချက်ရန် အချိန်ကျလေပြီ။ သူသည် မီးခွက်ကို ခေါင်းပေါ်သို့ မြှင့်တင်ကာ နောက်ဖေးဘက်သို့ လှမ်းကြည့်လိုက်စဉ်မှာပင် ခေါင်းရင်းဘက်ဆီမှ လျှောက်လာသော ခြေသံတွေကို ကြားလိုက် ရပေသည်။

"ဖျပ်…ဖျပ်…ဖျပ်…ဖျပ်…"

သူသည် မီးခွက်ကို ယောင်ယမ်းကာ မှုတ် လိုက်မိ

သည်။ ရင်ထဲတွင် ဒိန်းခနဲ သွေးခုန်နှုန်း ဆောင့်တက်သွားကာ တဆတ်ဆတ် ခုန်နေသည်။ ခြေသံသည် အုပ်စုလိုက် လျှောက်လာသော ခြေသံတွေ၊ တိရစ္ဆာန်ရိုင်းများ၏ ခြေသံမဟုတ်၊ ဒါဆို လူလော…ဆိုလျှင် တဲအနီးသို့ ကပ်လာသော မသမာသူလော။ လောလောဆယ်သည် ပတ်ဝန်းကျင်တွင် သစ်ခုတ်၊ ဝါးခုတ်သူများ ရောက်မလာသေး။ မည်သူ၏ ခြေသံများနည်း။ တကယ်တော့ ကျော်ဝင်းသည် ကြောက်လန့်ကာ မီးခွက်ကို မှုတ်လိုက်ခြင်း ဖြစ်သည်။

"ခေါင်းဆောင်မင်းသမီးက ချောလိုက်တာတော်၊ ဓာတ်ရှင်မင်းသမီးလားပဲ"

"ဟုတ်ပ၊ ခေါင်းဆောင်မင်းသားက ပြဇာတ်အကကောင်း၊ အသားက ပြာနှမ်းနှမ်းပေမဲ့ အသံက အသံကောင်းတော်ရေ့"

"ညည်းကြိုက်တယ်ပေါ့"

"ခစ်…ခစ်…ခစ်…"

"ဟော့ တော်ကြစမ်းဟဲ့၊ အိမ်နားရောက်ပြီ၊ တစ်လမ်းလုံး စကားများလာကြတာ တော်ရောပေါ့၊ တော်ကြတော့၊ အိမ်နားရောက်ပြီ"

ကျော်ဝင်းသည် အံ့ဩတကြီး တုန်လှုပ်သွားမိသည်။ ပထမအသံနှစ်သံသည် မိန်းကလေးနှစ်ယောက် အချီအချပြောသည့်အသံ။ နောက်ဆုံး ထွက်ပေါ်လာသော အသံသည်

ထူးခြားစွာ ပျံသန်းသွားသည့် ပြိတ္တာတစ်ကောင်နှင့် ဆုံရ၏။

မင်းကြီးက ဘယ်အမျိုးဖြစ်သည်ကို မေးလျှင် မိမိသည် မကျွတ်ဘဲ ပြိတ္တာဖြစ်နေသူ ဖြစ်ကြောင်း ယခု သမီး အလှူဒါန ပြုမည်ကြား၍ သာဓုခေါ်ရည်သန်သွားမည်အကြောင်းပြော၏။

မင်းကြီးက ပြိတ္တာအား ပြန်လာလျှင် ဝင်လာရန်နှင့် အကျိုးအကြောင်းပြောရန်ဆို၏။

သို့နှင့် မကြာမီ ပြိတ္တာ ပြန်လာ၏။

"အသင် မည်သို့ရှိသနည်း။ သာဓုခေါ် ခွင့်ရခဲ့သလား"

ဟု မေးသော် ပြိတ္တာက အရှင်မင်းကြီး သမီးငယ် အလှူပေးသည်မှာလည်း မှန်ပါ၏။ သို့သော် သမီးအလှူကို လာကြသည့် ပုဏ္ဏား ရဟန်းများသည် သီလပြည့်စုံသူ မဟုတ်ကြ။ ကိုယ်တိုင်စားပြီး အမျှပေးခြင်း မရှိသဖြင့် သာဓု ခေါ်ခွင့် မရခဲ့ပါ"

ဟု အကြောင်းပြန်ရာ မင်းကြီးက 'ကောင်းပြီ အသင့်အား ကျွန်ုပ် ကူညီမည်' ဟု ဆိုပြီး ဘုရားရှင်အား တိုင်ပင်ကာ ပေတဒါနပြုသဖြင့် ပြိတ္တာသည် ကျွတ်လွတ်သွားခဲ့၏။

ယင်းသမို့ တွေ့သည့်ရဟန်းနှင့် ဒါန မပြုမိပါစေနှင့် ကျောင်းတွင် ကျောင်းထိုင်ဆရာတော်အား ပေတဒါနပြုရန် အကြောင်းမှန်လျှောက်ထားပြီး ပင့်ပါ။

ဆရာတော်က စီစဉ်ပေးလိမ့်မည်။

တရားနာလျှင် သေသူကို ခေါ်ပါ။ နေရာပေးပါ။ သေ

ချာစွာ ရေစက်ချ၊ အမျှပေးဝေပြီး သာဓုခေါ်ပါက အကျိုးထူး မည်ဖြစ်သည်။

ဤကား သေသူအတွက် ရှင်သူတို့ ပြုလုပ်သည့်အခါ အရေးကြီးသည့်အချက် ဖြစ်သည်။

မင်းတုန်းမင်းတရားကြီး၏ လက်ထက်၌ ပိဋကတ်ကျမ်းဂန်များ၊ မဟာဝင်များ၊ ရာဇဝင်များမှ ကောက်နုတ်ဖော်ပြထားသည့် တစ္ဆေတို့အကြောင်း နာနာဘာဝတို့အကြောင်း ပြုစုသူက 'မင်းကြီး မဟာသိင်္ခ' ဘွဲ့ခံ လေ့သင်းအတွင်းဝန်မင်း၏ 'တစ္ဆေဒီပနီကျမ်း' ဖြစ်သည်။

ထိုကျမ်း၌ ပါရှိသည့် နာနာဘာဝ တစ္ဆေ တို့အကြောင်းမှ ရာဇဝင်ကျမ်းလာ တစ္ဆေတို့ အကြောင်းကို ဖော်ပြရလျှင်...

**၁။ စလေမင်းခွေးလက်ထက် တစ္ဆေများ**

**(မြန်မာ သက္ကရာဇ် ၂၀၈-၂၇၇)**

ပုဂံပြည့်ရှင် စလေမင်းခွေး လက်ထက်၌ ထိုမင်း နတ်ရွာစံကာနီးအချိန် ဖြစ်သည်။ ထန်းပင်ပမာဏရှိသည့် ဘီလူးကြီး မောင်ကောင်းသည် ထိုမင်းအား ကိုယ်ထင်ပြသည်ဆို၏။

**၂။ ကျည်စိုးမင်းလက်ထက်တစ္ဆေများ**

**(မြန်မာသက္ကရာဇ် ၃၄၈-၃၅၄)**

ပုဂံပြည့်ရှင် ကျည်စိုးမင်း နတ်ရွာစံကာနီး (၁၅)ရက်အလိုတွင် တစ္ဆေဘီလူးများ၊ နာနာဘာဝများက အုတ်ခဲ၊ ကျောက်ခဲတို့ဖြင့် ပစ်ခတ်ပြီး ခြိမ်းခြောက်ခဲ့သည်။

၃။ ညောင်ဦးစောရဟန်းမင်းလက်ထက် တစ္ဆေများ
(မြန်မာ သက္ကရာဇ် ၃၃၅-၃၈၃)

ပုဂံပြည့်ရှင် ညောင်ဦးစောရဟန်းမင်းသည် နတ်ရွာစံ ကာနီးအချိန်၌ တစ္ဆေ၊ ဘီလူး၊ နာနာ ဘာဝများ ကြောက်မက် ဖွယ်ရာ ကိုယ်ထင်ပြ ခြိမ်းခြောက်ခဲ့သည်ဟု ဖော်ပြထားသည်။

၄။ ကျန်စစ်သားမင်းလက်ထက် တစ္ဆေများ
(မြန်မာ သက္ကရာဇ် ၄၄၆-၄၇၄)

ပုဂံထီးလိုင်ရှင် ကျန်စစ်သားမင်းကြီး နတ်ရွာမစံမီ ရက်အ နည်းငယ်အလိုတွင် ရွှေနန်းတော်ပြသာဒ်၌ တစ္ဆေသုံးကောင် ကိုယ် ထင်ပြသည်ဟု ဖော်ပြပါရှိသည်။

၅။ အလောင်းစည်သူမင်းလက်ထက် တစ္ဆေများ
(မြန်မာ သက္ကရာဇ် ၄၇၄-၅၂၉)

အလောင်းစည်သူမင်းလက်ထက် မြန်မာသက္ကရာဇ် (၄၅၆) ခုတွင် သူပုန်တစ်ရာကျော် တို့သည် ရွှေနန်းတော် သိမ်းပိုက်ရန် ဝင်ရောက် တိုက်ခိုက်ကြသည်။

နန်းတွင်းသားနှင့် စစ်သားတို့က ပြန်လည်တိုက်ခိုက်ရာ ရှုံးနိမ့်ထွက်ပြေးရသည်။ နန်းတော် ရာဇပလ္လင်အနီး၌ သူပုန်ဗိုလ် သုံးဦးအပါအဝင် သူပုန်အများအပြား ကျဆုံးခဲ့ကြသည်။

ထိုသူပုန်တို့သည် တစ္ဆေသရဲ ဖြစ်ကုန်သည်။ ထိုတစ္ဆေတို့ သည် ညအချိန်တွင် ကိုယ်ထင်ပြ၍ ခြောက်၏။

သရုပါတံခါးကို အနိုင်အထက် ဖွင့်ကြ၏။ တောင်ဘက်

လေသာတံခါးကိုဖွင့်၍ ခြိမ်းခြောက်တတ်သည်ဟု ဖော်ပြထား ပါသည်။

**၆။ အင်းဝမင်းရဲကျော်ထင်လက်ထက်တာစွေများ**
**(မြန်မာ သက္ကရာဇ် ၁၀၃၄-၁၀၆၀)**

အင်းဝမင်းရဲကျော်ထင်လက်ထက် သက္ကရာဇ် ၁၀၃၄ ခုနှစ်၌ ရွှေနန်းတော်ကို သူပုန်များ ဝင်ရောက်စီးနင်းကြ၏။

မအောင်မြင်ဘဲ အကျအဆုံးများစွာနှင့် ဆုတ်ပြေးရသည်။

သူပုန်တစ္ဆေသရဲတို့သည် ကိုယ်ထင်ပြ ခြောက်ကြ၏။ ကျယ်လောင်စွာ ရယ်မောဏ်။ သစ်သီး၊ သစ်ပွင့်၊ ခဲ၊ အုတ်တို့နှင့် ပစ်ပေါက်၏။ နန်းတွင်းတွင် ဆူဆူညံညံ ခုန်ပေါက်ခြောက် လှန့်၏။

ထိုကိစ္စတို့ကို နတ်စက်ရောင်ဆရာတော်ငရဲ ဘုန်းတော်ကြီး ဦးမွေနန္ဒီတို့က ကုသစီရင်မှ ပျောက်ကင်းသည်ဟူ၏။

**၇။ မွန်ဘုရင် သူရှင်တကာရွက်ပိ**

မြန်မာသက္ကရာဇ် ၈၉၉ ခုနှစ်တွင် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့က ဟံသာဝတီကို တိုက်ခိုက်အောင်မြင်သည်။ မွန်ဘုရင် သူရှင်တကာရွက်ပိသည် ရှုံးနိမ့်သဖြင့် မိမိ၏ ယောက်ဖတော်သူ မိဖုရား၏မောင် ပြည်ဘုရင် နရပတိထံ ခိုဝင်သည်။

ပြည်မြို့တွင် ဘုရင့်နောင်က တိုက်ခိုက်ရာ အောင်မြင်ပြီး ပြန်၏။ မွန်ဘုရင် သူရှင်တကာရွက်ပိသည် တစ်ယောက်တည်း ထွက်ပြေး၍ အင်္ဂပူသိမ်တောသို့ ဆင်ကျော့ထွက်စဉ် တောနက်ထဲ

သို့ ရောက်သွားသည်။

သူရှင်တကာရွက်ပိသည် ရေအိုင်တစ်ခုတွင် နတ်သမီးတစ်ယောက်နှင့် တွေ့သည်။ (အချို့ ရာဇဝင်စာအုပ်များ၌ နာနာဘာဝတစ္ဆေနှင့်တွေ့သည်ဟု ဆို၏။) ပေါင်းဖော်ဆက်ဆံပြီးနောက် နတ်သမီး ကွယ်ပျောက်သွားသည်။

ထိတ်လန့်စွာ တပ်သို့ ပြန်ရောက်ပြီး ထိုညသ္မပင် ကွယ်လွန်သည်ဟု အမျိုးသားပညာဝန် ဦးဖိုးကျား၏ မြန်မာ့ရာဇဝင်အကျဉ်း၌ ဖော်ပြထားသည်ကိုလည်း တွေ့ရ၏။

**၈။ နောင်တော်ကြီးမင်းလက်တစ္ဆေများ**
**(မြန်မာ သက္ကရာဇ် ၁၁၂၂-၁၁၂၅)**

ရတနာသိမ်ရွှေကိုးပြည့်ရှင် နောင်တော်ကြီး လက်ထက်တွင် သူ၏အမှုတော်ထမ်း ဘတ်ချောင်ဗိုလ်ဥဒီကျော်ခေါင်သည် ဇင်းမယ်ပုန်ကန်သူကို သွားရောက်နှိမ်နင်းစဉ် တိုက်ပွဲကျဆုံး၍ တစ္ဆေဖြစ်သွားသည်။

ထိုဘတ်ချောင်ဗိုလ်တစ္ဆေသည် နောင်တော်မင်းကြီးထံဆက်လက်အမှုထမ်းခွင့်ရရန် တောင်းဆိုသောကြောင့် ခွင့်ပြုခဲ့သည်။ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ရာ ဘွဲ့တံဆိပ်များစွာ ချီးမြှင့်ခံရသည်ဆို၏။

နောင်တော်ကြီးလက်ထက်မှာပင် ပယင်းနယ်၊ ချောင်းဦးရွာသား ငဆောင်ထွန်းသည် တောနက်ထဲ၌သွားစဉ် ဘုန်းကြီးတစ္ဆေနှင့်တွေ့၍ လက်ဖွဲ့ထိုးသတ်ကြသည်။

ငအောင်ထွန်း လက်မြန်ခြေမြန်ဖြင့် ဘုန်းကြီးတစ္ဆေ ဦးထုပ်ကို ချွတ်ယူထားလိုက်သည်။ ဘုန်းကြီးတစ္ဆေသည် ကိုယ်ပျောက်အစွမ်းပြနိုင်စွမ်း မရှိတော့ ငအောင်ထွန်းထံ ဦးထုပ်နှင့် ငွေအိုး အလဲအလှယ် လုပ်ရသည်။ ဦးထုပ်ပေးပြီး ငွေအိုးယူသည်။

**၉။ အလောင်းဘုရားမင်းလက်ထက် တစ္ဆေများ**

**(မြန်မာသက္ကရာဇ် ၁၁၁၄-၁၁၄၇)**

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက် တပင်းနယ် ဥဿျစ်ကုန်းရွာသား ချမ်းကောင်းသည် အလွန်သတ္တိကောင်းသူ ဖြစ်သည်။ မကြောက်တတ်သူလည်း ဖြစ်၏။

တစ်ညဦးအချိန်တွင် ရွာနှင့် ခရီး ၂ တိုင် ၄ တိုင်ခန့်ဝေးသော မိမိလယ်ရှာရှိ အိမ်သို့ အလွန် အမဲလိုက်ကောင်းသည့် တောခွေး နှစ်ကောင်နှင့် ပြန်ခဲ့၏။

လမ်းခုလတ် ထိန်ပတ်ကား ရေအိုင်အနီး ညောင်ပင်ကြီးမှ တစ္ဆေသည် အလွန်ကြောက်မက် ဖွယ်ကောင်းရာ အသွင်အမျိုးမျိုးနှင့် ခြောက်လှန့်၏။ သတ္တိကောင်းသော ချမ်းကောင်းနှင့် တောလိုက်ခွေးတို့သည် တစ္ဆေကိုလိုက်လံတိုက်ခိုက်၏။ တစ္ဆေ ထွက်ပြေးရ၏။

ချမ်းကောင်းနှင့် ခွေးတို့သည် မရမက တစ္ဆေကို လိုက်ဖမ်း၏။ နောက်ဆုံး ပုစွန်တွင်းထဲ ဝင်သွား၏။ တူးဖော်ရာ ကြောက်လန့်၍ ပုန်းလျှိုးနေသည်။ ပုတ်သင်ကြီးဟန်ပြုနေ၏။

သတ်ဖြတ်ပြီး ထန်းရည်ခါးနှင့် မြည်းလိုက်၏။ ထို့နောက်

တိုက်ဆိုင်မှုအနေနှင့် ထန်းရည်ခါးနှင့် မြည်းခဲ့သော ထန်းရည်တဲပိုင်ရှင်၏ဇနီးသည် မကြာမီ ကိုယ်ဝန်ရပြီး ဖွားလာသည့် ကလေးသည် ချေမ်းကောင်း တွေ့လျှင် ငို၏။

စကားပြောတတ်၍ ချော့မော့မေးသော်...

"ငါ့ကို မီးဖုတ်၍ ထန်းရည်ခါးနှင့် မြည်းဖူး၍ သူ့ကို ငါ ကြောက်သည်" ဟု ဆို၏။

ဤကား 'တစ္ဆဝတ္ထုဒီပနီကျမ်း' လာ တစ္ဆေတို့ အကြောင်းတည်း။

◆ ◆ ◆

ဒေဝေါ

> သရဲတစ္ဆေ၊ စုန်းကဝေကို စိတ်ဝင်စားကြတဲ့ ကျုပ်ရဲ့ပရိသတ်တွေအတွက် ထူးထူးခြားခြားဖြစ်မယ့် 'တစ္ဆေမျက်လုံး' ကို ကျုပ်ကိုယ်တိုင် စီစဉ်ပြီး ထုတ်ဝေနေတယ်ဗျို့....ဒီ 'တစ္ဆေမျက်လုံး' မှာ ကျုပ်နဲ့အတူ ခင်ဗျားတို့ရဲ့ ထူးထူးခြားခြား အတွေ့အကြုံတွေကို ပါဝင်ရေးသားနိုင်ပါတယ်။ ပါဝင်ရေးသားလိုသူများအနေနဲ့ အရှေ့ဘက်ကောင်းကင် အမှတ် –(၃၅)၊ ဧယျာဿီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန် ကို ပေးပို့နိုင်တယ်ဗျို့.....
>
> တာတေ



ဟာသရွှေမျက်ကျိုး



# ကျက်အောင်းတွင်း

မင်းဘုန်းသိခ်သူ

ပဲခူးရိုးမတောင်ခြေ တောနက်ထဲတွင် ဝါးခုတ်ရန် ရောက်လာသော နွားလှည်းသုံးစီး၊ လူခြောက်ယောက်တို့သည် မွန်းလွဲခါနီး နှစ်ချက်တီးတွင် တောင်ခြေသို့ ရောက်လာကြလေသည်။ နွားလှည်းတစ်စီးလျှင် လူနှစ်ယောက်ဖြစ်သည်။ သူတို့သည် ဝါးခုတ်ရန်အလို့ငှာ ရိုးမဆီသို့ စားအိုးစားခွက် ကိရိယာစုံလင်စွာဖြင့် ရောက်လာကြခြင်းပင်။ မနက်လင်းအားကြီးအချိန်က ရွာမှထွက်လာကြရာ တောင်ခြေသို့ ရောက်ရောက်

ချင်း ယာယီနေထိုင်ရန် တဲဆောက်ကြသည်။ တောထဲတွင် သစ်ငါး၊ အမိုးအကာ ပေါ်များလှပေရကား လူခြောက်ယောက် တက်ညီလက်ညီဖြင့် မနိုမကပ်လုပ်ဆောင်လိုက်ကြရာ နေမဝင် လူခြောက်ယောက် ကျယ်ကျယ်ဝန်းဝန်း နေနိုင်သော တဲကလေး တစ်လုံး ရုပ်လုံးပေါ်သွားပေသည်။

သူတို့ခြောက်ယောက်အုပ်စုထဲတွင် လူငယ်တွေက အဘ ဟုခေါ်သော ဦးဘတူသည် အသက် ၅၀ ကျော်သာ ရှိသေးသည်။ ဦးဘတူနှင့် မတိမ်းမယိမ်းတွေကတော့ ကိုဘတူဟု ခေါ်ကြသည်။ ဦးဘတူသည် တောတက်အတွေ့အကြုံရင့်ကျက်သူပီပီ ဝါးခုတ် အဖွဲ့ကို ဦးဆောင်လာခြင်းဖြစ်ရာ သူ့စကားအားလုံးကို သဝေ မတိမ်း လိုက်နာကြရသည်။

"နေမဝင်ခင် အမိုးအကာတွေ ပြီးစီးအောင် လုပ်ကြ ဟေ့၊ မနက်ဖြန်မှ ဝါးခုတ်တဲ့အလုပ်ကို လုပ်ကြစို့ရဲ့"

"ကျော်ဝင်းရေ…ထမင်း မြန်မြန်ချက်ဟေ့"

သည်အုပ်စုတွင် ကျော်ဝင်းသည် အငယ်ဆုံး ဖြစ်သည်။ ထမင်းချက်ရသည့်တာဝန်၊ စခန်းကို ကြည့်ရှုရမည့် တာဝန်ယူထား သူဖြစ်ရာ ဝါးခုတ်လိုက်ရန် မလိုချေ။ ဦးဘတူအောက် ကိုမြဒင်၊ ကိုလှသောင်းနှင့်အတူ လူငယ်များဖြစ်ကြသည့် ကြည်ဝင်း၊ စိန်ကုလား၊ ကျော်ဝင်းတို့သည် အဖွဲ့ထဲတွင် တက်တက်ကြွကြွ ပါဝင်လာကြခြင်း ဖြစ်သည်။

သည်နေ့တော့ တဲဆောက်ရသည့် တာဝန်၊ ထမင်းဟင်း

ချက်ပြုတ်ရန် နေရာထိုင်ခင်း ပြုလုပ်နေရသဖြင့် အားလုံးတာဝန် ကိုယ်စီ မအားလပ်ကြချေ။ တောထဲတွင် ရက်နှစ်ဆယ်စာခန့် ရှိကွာခြောက်များပါ သယ်လာကြရပေရာ နေရာတကျ စီမံထုပ် ပိုးရသည့်ကိစ္စနှင့် နေဝင်သွားခဲ့ပေပြီ။ စိန်ကုလားဆိုသည့် ရွတ်ပေ ပေ ကောင်လေးကတော့ အရက်တွေ ခိုးဖှက်ယူလာသည်။

သူတို့သည် မောမောပန်းပန်းဖြင့် နီးစပ်ရာ တောဟင်း ရွက်များ ခူးဆွတ်ကာ တို့စရာအဖြစ် စားသုံးရင်း ညစာကို ကတိုက်ကရိုက် ပြီးဆုံးစေသည်။ ထုံးစံအတိုင်း ငါးပိလိမ္မာချက်၊ ငါးခြောက်ကို ငရုတ်သီးစပ်စပ် ဖျော်ထားသော ဟင်းတစ်ခွက် သည် သူတို့အဖို့ မည်သည့်ဟင်းနှင့်မျှ မလဲနိုင်ပေ။ မြိန်ရေရှက်ရေ ရှိလှသည်။

ထို့နောက် ထူထဲနက်မှောင်စပြုလာသော ရိုးမ၏အမှောင် ထုအောက်ထဲအတွင်းတွင် အေးချမ်းစွာ ခိုနားရင်း စကားစမြည် ပြောနေကြသည်။ ဆေးလိပ်သောက်သူသောက် ကွမ်းစားသူစား ရင်း အိပ်ရာစောစော ဝင်ခဲ့ကြပေသည်။

ရိုးမသည် အမှောင်ထုအောက်ဆီတွင် တစ်စတစ်စ မြုပ်လာပေရာ တစ်ခါတစ်ရံ မာန်ဖီဟိန်းဟောက်လိုက်သော တောကောင်များမှအပ ငြိမ်သက်တိတ်ဆိတ် နေပေသည်။ လေမ တိုက်၊ သစ်ရွက်မလှုပ်အောင် ပကတိငြိမ်သက်နေပေရာ ကြောက် မက်ဖွယ် အဆင်းသဏ္ဌာန်ကို ဖော်ဆောင်နေပေသည်။ တစီစီမြည် နေသော ပိုးမွှားကောင် ကလေးများ၏အသံသာလျှင် အဆက်

မပြတ် ထွက်ပေါ်နေပေသည်။ တစ်ခါတစ်ရံ အနီးအနား ချုံထဲမှ မြွေဆိုးတွန်သံ ထွက်ပေါ်နေတတ်သည်။

"တောထဲမှာ လောလောဆယ်တော့ ကျုပ်တို့ ခြောက်ယောက်ပဲ ရှိမယ်ဟော့"

မှန်ပေသည်။ တောသည် နက်ရှိုင်းထူထဲကာ တစ်စတစ်စ အေးစိမ့်လာလေသည်။ သစ်ရိပ်ဝါးရိပ် စိမ့်စမ်းရေမြေကြောင့် နွေဟုပီပီပြင်ပြင်မဆိုနိုင်။ တိတ်ဆိတ်မှောင်မိုက်လာပေပြီ။

ဦးဘတူသည် ယာယီတဲအပြင်ဘက်သို့ လှမ်းငေးကြည့်လိုက်မိသည်။ နွေအလင်းရှိစဉ်က အချိုးအဆစ် အပိုင်းနိမ့်မြင့်များဖြင့် တန်ဆာဆင်ထားသော တောရိပ်ရှုခင်းသည် ယခုတော့ အမှောင်အောက်တွင် တစ်သားတည်း ဖြစ်နေလေပြီ။ ကြည့်လေရာရာ အမှောင်ထု။ လူတို့ရပ်ရွာသည် လောကတစ်ခုဟုဆိုလျှင် လူသူမနီး တောတောင်သည်လည်း မြင်အပ်မမြင်အပ်သည့် အရာတို့နှင့် ပြည့်နှက်နေမည့် လောကတစ်ခု ဖြစ်လိမ့်မည်။ တစ်နည်း အားဖြင့် ဩကာသလောကပင်။

ဦးဘတူသည် ဆေးပေါ့လိပ်ကို တစ်ဖွာ နှစ်ဖွာ ရှိုက်ကာ စောင်ကို ခြေဖျားလုံသည်အထိ ဆွဲ၍ခြုံလိုက်ပေသည်။ လူငယ်တွေကို လှမ်းကြည့်လိုက်တော့ သုံးယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပေပြီ။ ကိုမြဒင်၊ ကိုလှသောင်းတို့ကတော့ အိပ်ရာပေါ်တွင် တုံးလုံးလှဲကာ အတွေးကြွယ်နေဟန် ရှိသည်။ ကိုမြဒင်

က ကွမ်းဝါးနေသည်။ စိန်ကုလားသည် အရက်ခိုးသောက်ရင်း အိပ်ပျော်သွားပြီလား။

"ကိုဘတူ အိပ်တော့လေ၊ မနက် ဝါးခုတ်ကွက်တွေ လိုက်ကြည့်ရဦးမယ်လေ"

"အိပ်မယ်ကွ၊ နည်းနည်းအေးစိမ့်စိမ့် ရှိတာနဲ့"

"တောကနက်တာကိုး၊ လမိုက်ညဆိုတော့ ပိတ်ပိတ်ပိန်းပဲဗျို့၊ ခုတ်ကွက်လည်း ရှင်းတယ်"

"ဟုတ်တယ် လှသောင်း၊ ဒီခုတ်ကွက်ကို ငါ တစ်ခါမှ မခုတ်ဖူးသေးဘူးကွ"

"ဟုတ်တယ်ဗျ၊ ကြည့်ရတာ ကြသောင်း ဝါးတွေများတယ်၊ ဖြောင့်နေတာပဲဗျို့"

"ကဲပါကွယ်၊ အိပ်ကြစို့ရဲ့"

ညသည် တိတ်ဆိတ်မှုကို သယ်ဆောင်ကာ ညင်သာစွာ ရွေ့လျားနေသည်။ အမှောင်ထဲတွင် တော ပန်းတောင်ပန်းရနံ့များ ညင်သာစွာ စီးမျောလာသည်။

◆ ◆ ◆

အသံတစ်သံ။

ခန္ဓာကိုယ်နှင့် အသိကင်းကွာသွားချိန်တွင် အာရုံထဲသို့ ဝင်လာသောအသံသည် ခန္ဓာကိုယ်နှင့် အသိ ပူးကပ်သွားသည်နှင့် ရင်ထဲမှာ လစ်ဟာ၍ ကျန်ရစ်ခဲ့သည်။ မှန်ပေသည်။ အသံတစ်သံ ဆိုသည်မှာ သေချာပေသည်။ နားနှင့်ဆတ်ဆတ်မျှ သေချာစွာ

ကြားလိုက်ရသောအသံ ဖြစ်သည်။

ကျော်ဝင်းသည် ထိုအသံကြောင့် အိပ်ရာမှ နိုးလာခြင်း ဖြစ်သည်။ မျက်စိဖွင့်လိုက်ချိန်တွင် ပကတိအမှောင်ထု သိပ်သည်း စေးပျစ်သော အမှောင်။ သူ့တစ်ကိုယ်လုံး အမှောင်ထုထဲတွင် နစ်ဝင်နေကာ အသက်ရှူကြပ်လာသကဲ့သို့ ခံစားလိုက်ရသည်။ ဘေးပတ်ပတ်လည်တွင် ထူပိန်းသော အမှောင်သာ လွှမ်းမိုးနေပြီး အိပ်ပျော်နေသူတို့၏ ဟောက်သံ၊ အသက်ရှူသံသာ လွှမ်းမိုးနေ သည်။ သူ့ဘေးမှာ အိပ်နေသော ဦးလှသောင်းကို စမ်းကြည့်လိုက် တော့ တခူးခူး အိပ်ပျော်နေသည်။ တုတ်တုတ်မျှပင် မလှုပ်ပေ။ ထို့နောက် တစီစီမြည်သော ပိုးပုရစ်သံများ၏ အသံသာ ကြား နေရသည်။

စောစောက သူကြားလိုက်ရသော အသံသည် အိပ်မက် များလား။ ထိုအိပ်မက်ဆိုလျှင် အိပ်မက်ထဲတွင် မိန်းကလေး နှစ်ယောက် သို့မဟုတ် အထက်အသံများကို သေသေချာချာ နားနှင့်ဆတ်ဆတ် ကြားလိုက်ရခြင်းဖြစ်သည်။ မိန်းကလေးများ သည် တစ်စုံတစ်ရာသော အကြောင်းအရာ ဝမ်းသာအားရ မမောနိုင်မပန်းနိုင် ငြင်းခုန်ပြောဆိုလာကြခြင်းပေတကား။

ကျော်ဝင်းသည် ဆက်အိပ်၍ မရတော့ဘဲ ခေါင်းရင်း တွင်ထားသည့် ကြေးဝါရောင် မီးခြစ်ကိုစမ်းကာ လဲလျောင်း နေရာမှ အသာလူးလဲထသည်။ ခေါင်းရင်းဘက် ဝါးကပ်ကြားမှ အေးမြသော လေစိမ်းတွေ ဝင်လာသည်။ လှဲနေရာမှ ထလိုက်

တော့ ကြမ်းခင်းပြင်သည် တိတ်ဆိတ်သော ညယံတွင် ကျိုးကျိုး ကျဲကျဲ မြည်သွားသည့်တိုင်အောင် မည်သူမျှ မနိုးကြချေ။ အားလုံးပင်ပန်းကြီးစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြလေပြီ။ အမှောင်ထုအောက် နေရာအနှံ့တွင် ဟောက်သံတွေ ထွက်ပေါ်နေခြင်းဖြစ်သည်။ တဲကလေးသည် ယာယီတဲ ဆိုသော်လည်း လုံခြုံလှသည်။ သူတို့ အုပ်စုထဲတွင် ဝါးထရံယက်တတ်သူ၊ တောင်း၊ ပလုံးများ ယက်တတ်သူတွေပါကြကာ တစ်ညနေခင်း အချိန် ကလေးမှာပင် ခိုင်ခံ့သေသပ်သော ဝါးအိမ်ကလေး တည်ဆောက်ပြီးစီးသွားပေပြီ။

ကျော်ဝင်းသည် ဝါကျင်ကျင်မီးခွက် အလင်းဖြင့် နေရာမှ အသာထရပ်ကာ ခေါင်းရင်းထရံတွင် ချိတ်ဆွဲထားသော အိတ်ဆောင်နာရီအိုကြီးကို ဆွဲကြည့်လိုက်တော့…

နံနက် ၄ နာရီ။

သူ့တာဝန်သည် ထမင်းချက် ဟင်းချက် တာဝန်။ ရေနွေးတည်ရသည့်တာဝန်။ လေးနာရီဆိုလျှင် ရေနွေးအိုးကျို၊ ထမင်းချက်ရန် အချိန်ကျလေပြီ။ သူသည် မီးခွက်ကို ခေါင်းပေါ်သို့ မြှင့်တင်ကာ နောက်ဖေးဘက်သို့ လှမ်းကြည့်လိုက်စဉ်မှာပင် ခေါင်းရင်းဘက်ဆီမှ လျှောက်လာသော ခြေသံတွေကို ကြားလိုက်ရပေသည်။

"ဖျပ်…ဖျပ်…ဖျပ်…ဖျပ်…"

သူသည် မီးခွက်ကို ယောင်ယမ်းကာ မှုတ် လိုက်မိ

သည်။ ရင်ထဲတွင် ဒိန်းခနဲ သွေးခုန်နှုန်း ဆောင့်တက်သွားကာ တဆတ်ဆတ် ခုန်နေသည်။ ခြေသံသည် အုပ်စုလိုက် လျှောက်လာသော ခြေသံတွေ၊ တိရစ္ဆာန်ရိုင်းများ၏ ခြေသံမဟုတ်၊ ဒါဆိုလူလော…ဆိုလျှင် တဲအနီးသို့ ကပ်လာသော မသမာသူလော။ လောလောဆယ်သည် ပတ်ဝန်းကျင်တွင် သစ်ခုတ်၊ ဝါးခုတ်သူများ ရောက်မလာသေး။ မည်သူ၏ ခြေသံများနည်း။ တကယ်တော့ ကျော်ဝင်းသည် ကြောက်လန့်ကာ မီးခွက်ကို မှုတ်လိုက်ခြင်း ဖြစ်သည်။

"ခေါင်းဆောင်မင်းသမီးက ချောလိုက်တာတော်၊ ဓာတ်ရှင်မင်းသမီးလားပဲ"

"ဟုတ်ပ၊ ခေါင်းဆောင်မင်းသားက ပြဇာတ်အကကောင်း၊ အသားက ပြာနှမ်းနှမ်းပေမဲ့ အသံက အသံကောင်းတော်ရေ့"

"ညည်းကြိုက်တယ်ပေါ့"

"ခစ်…ခစ်…ခစ်…"

"ဟော့ တော်ကြစမ်းဟဲ့၊ အိမ်နားရောက်ပြီ၊ တစ်လမ်းလုံး စကားများလာကြတာ တော်ရောပေါ့၊ တော်ကြတော့၊ အိမ်နားရောက်ပြီ"

ကျော်ဝင်းသည် အံ့ဩတကြီး တုန်လှုပ်သွားမိသည်။ ပထမအသံနှစ်သံသည် မိန်းကလေးနှစ်ယောက် အချီအချပြောသည့်အသံ။ နောက်ဆုံး ထွက်ပေါ်လာသော အသံသည်

ယောက်ျားကြီးတစ်ယောက်၏ အလိုမကျ မြည်တွန်တောက်တီးသံ။

သူတို့သည် အနီးပတ်ဝန်းကျင်ရွာတစ်ရွာမှ အငြိမ့်ပွဲတစ်ပွဲကို ကြည့်ရှုပြီး ပြန်လာကြခြင်းပေတကား။ မိန်းကလေးငယ်တစ်ယောက်သည် ကြည့်ရှုခဲ့ရသည့် ပြဇာတ်ကကွက်ကို ကျေနပ်တင်းတိမ်မှု မရှိသေးဘဲ အိမ်အပြန် စမြုံ့ပြန်လာခြင်းပင်တည်း။ နောက်တော့ အသံတွေ ရုတ်ခြည်းတိတ်ဆိတ်သွားပေသည်။ ခြေသံပင် ဝေး၍ဝေး၍ သွားပေသည်။ ထို့နောက်ညသည် ပကတိငြိမ် သက်တိတ်ဆိတ်သွားတော့သည်။

ထို့နောက် ကျော်ဝင်းသည် မီးခွက်ကို ပြန်ထွန်းကာ ရေနွေးအိုးကျို၊ ထမင်းချက်ရန် ပြင်ဆင်ရတော့သည်။ ရေနွေးအိုးတည်ရန် မီးမွေးနေရင်းမှ စောစောက အဖြစ်အပျက်ကို ပြန်စဉ်းစားမိသည်။ ညမှောင်မှောင် လမိုက်မိုက် ရိုးမတောကြမ်းကြီးတစ်နေရာတွင် ပွဲကြည့်မှ ပြန်လာသော မိန်းကလေးနှစ်ယောက်နှင့် လူကြီးတစ်ယောက်က ဘယ်သူတွေနည်း။ သူတို့သည် ညဉ့်နက်နက်ကြီးမှာပင် မည်သည့်အရာကိုမှ အကြောက် အလန့်မရှိဘဲ အေးအေးလူလူ စကားပြောကာ နေအိမ်သို့ ပြန်လာကြခြင်းပင်။ ကြောက်မက်ဖွယ် တောလမ်း၊ လျှိုမြောင်ခရီးကို ဖြတ်ကျော်လာခြင်းဖြစ်သည်။

သူ လေ့လာကြည့်ရသလောက်သည် အနီးအနားမှာ လူနေအိမ်ခြေ ရွာသိမ်ရွာငယ်ပင် မရှိ။ မိုင်များစွာဝေးသော

တောင်ခြေတွင်တော့ ရွာရှိကောင်း ရှိနိုင်သည်။ ဒါကလည်း မသေချာ။ သူ့ရင်ထဲမှာ ပဟေဠိများဖြင့် ရှုပ်ထွေးလေးလံသွားသည်။

မနက်ကျမှ ဦးဘတူကို မေးမြန်းကြည့်ရမည်။ ဦးဘတူသည် တောတွင်းအတွေ့အကြုံ ပြည့်ဝသော သက်ကြီးတစ်ယောက် မဟုတ်လား။

ဒါပေမဲ့ ကျော်ဝင်းရင်ထဲမှာ ပုံတင်ထပ်ကာ ကျန်ရစ်ခဲ့သော ယောက်ျားကြီး၏ စကားက စွန်းထင်းကျန်နေသည်။

"တော်ကြစမ်းဟဲ့၊ အိမ်နားရောက်ပြီ"

ကျော်ဝင်းသည် မီးဖိုမှ မီးညွန့်ဝါဝါများ၏ ယိမ်းယိုင်နေသော ကကွက်ကိုကြည့်ရင်း ပခုံးကို တစ်ချက်တွန့်လိုက်သည်။ ထိုအချိန်တွင် အိပ်ပျော်နေသော လူအုပ်စုထဲမှ ချောင်းဟန့်သံကို ကြားလိုက်ရသည်။

"အဘတူ နိုးပြီလားခင်ဗျ"

"အေးကွ ကျော်ဝင်းရ"

◆ ◆ ◆

ဦးဘတူသည် ကျော်ဝင်းစကားဆုံးသောအခါ စားလက်စ ထမင်းကြော်ကို မစားတော့ဘဲ ဇွန်းကို အသာချကာ စိုက်ကြည့်နေသည်။ ကိုမြဒင်သည် ဆေးပေါ့လိပ်ကို ခပ်ကြမ်းကြမ်း တစ်ချက်ရှိုက်ကာ ပြုံးစေ့စေ့ မျက်နှာနှင့်...

"ဟာကောင် ကျော်ဝင်း၊ မင်း နေမှကောင်းရဲ့လား"

"ကောင်းပါတယ် အဘ"

"မင်း အိပ်မက် မက်နေတာ နေမှာပါကွာ"

ကျော်ဝင်းသည် မျက်မှောင်တစ်ချက် ကြုတ်ကာ ဦးဘတူကို ငေးကြောင့်ကြည့်နေသည်။

"အဘရယ်…ကျွန်တော်က ပထမတော့ ငါ အိပ်မက် မက်နေတာများလား မသိဘူးဆိုပြီး လန့်နိုးသွားတာ၊ နာရီကို ကြည့်လိုက်တော့ ၃ နာရီ မကတော့ဘူး၊ ပတ်ဝန်းကျင်မှာလည်း မှောင်ပိန်းနေတာပဲ၊ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်နေတာပါ၊ ကြည်ဝင်းနဲ့ စိန်ကုလားတို့က အားကိုးရမလားမှတ်တယ်၊ အိပ်နေလိုက်တာများ အဘရယ်၊ ဟောက်တောင်နေတယ်"

"မင်းက ဘယ်လိုကြားလိုက်ရတာတုံးကွ"

ကိုမြင့်ဒင်က ဝင်မေးသည်။

"ဒါနဲ့ ထမင်းအိုးတည်ဖို့ မီးခြစ်ရှာ၊ မီးခွက် ထွန်းနေတုန်း ရှိသေးတယ်၊ ကောင်မလေး နှစ်ယောက်ရဲ့အသံ ပြန်ကြားရတော့တာပဲ၊ ကျွန်တော် အိပ်နေတဲ့ ခေါင်းရင်းဘက်က ကြားနေရတာ၊ ပွဲကြည့်က ပြန်လာတာမှတ်တယ်။ မင်းသားမင်းသမီး အကြောင်းပြောပြီး ရယ်လိုက် မောလိုက် ပြန်လာကြတာ။ ဒါနဲ့ သူတို့နဲ့ ပါလာတဲ့ လူကြီးတစ်ယောက်က အိမ်နားရောက်နေပြီ တိတ်ကြတော့ပြောမှ ငြိမ်သွားကြတာ၊ ကျွန်တော့်နားနဲ့ သေသေချာချာ ကြားလိုက်ရတာပါ။ ခြေသံတောင် ကြားလိုက်ရသေးတယ်

အဘာ"

ဦးဘတူသည် ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။ ကိုမြဒင်ကို တစ်ချက်တော့ လှမ်းကြည့်လိုက်သေးသည်။ သည်ကောင်ကလေး ကျော်ဝင်း လိမ်ညာ၍ ပြောမည့်အစားထဲကတော့ မဟုတ်။ သွေးလေချောက်ချားကာ ကယောင်ကတမ်း ပြောမည့် အစားထဲက မပါ။ သူမြင်ကြားရသည်ကို အမှန်ပြောပြနေခြင်း ဖြစ်ပေလိမ့်မည်။

"မင်း တကယ်ပြောတာနော်"

"တကယ်ပါ ဦးမြဒင်ကြီးရာ၊ ကျွန်တော် လိမ်ပြောပါ့မလားဗျ"

ဦးဘတူသည် ချထားသော ထမင်းကြော်ပန်းကန်ကို ပြန်ယူသည်။

"တောကြီးတောင်ကြီးထဲမှာ ဆန်းကြယ်တဲ့ အရာတွေ ရှိတယ်၊ တောစည်းတောင်စည်းဆိုတာ အလကားမဟုတ်ဘူး၊ သူ့နေရာနဲ့သူကွ၊ တောခြောက်တာ၊ တောမှောက်တာရှိတယ်၊ ကိုယ့်ဘက်က မမှားဖို့ စည်းကမ်းကို လိုက်နာဖို့လိုတယ်၊ မြင်အပ်မမြင်အပ်တဲ့ အရာတွေ ရှိတယ်၊ ဘုရားတရား မမေ့ကြနဲ့၊ ဘာလဲတော့ ငါလည်း တတ်အပ်သေချာ မသိသေးဘူး၊ သတိ ဝီရိယနဲ့နေ၊ ဒီညကစပြီး မီးဖိုထားတာ ကောင်းလိမ့်မယ်ထင်တယ်၊ မီးရောင်ရှိတော့ တောကောင်တွေလည်း မလာရဲ၊ မကပ်ရဲကြဘူးပေါ့ကွာ၊ ဒီတောက သူပုန် သူကန် ဓားပြတော့ မရှိဘူးကွ၊

တို့လို တောတက်တဲ့ လူတွေတော့ရှိတယ်။ ရှိရင် အသိပေးကြ၊ အမှတ်အသား ထားခဲ့ကြတာချည်းပဲ။ ကဲ…မြဒင်၊ မင်း တဲစောင့်ဦး၊ ဓားတွေသွေးဖို့ ရှိတယ်မဟုတ်လား၊ ဓားသွေးထားနှင့်၊ ငါ ကျော်ဝင်းကိုခေါ်ပြီး ဝါးတောဘက် လှည့်ချဦးမယ်"

"သွားလေ…ကိုဘတူ၊ ကျူပ် လုပ်စရာတွေ ရှိသေးတယ်၊ ကြည်ဝင်းနဲ့ စိန်ကုလားကတော့ စောစော ကတည်းက ထွက်သွားကြပြီ"

"ကဲ…ကဲ…ထမင်းကြော် စားလိုက်ဦးမယ်၊ ကျော်ဝင်း ငါနဲ့ လိုက်ခဲ့"

"ဟုတ်ကဲ့ အဘ"

♦ ♦ ♦

နေထွက်သည်နှင့် တိရစ္ဆာန်ကလေးများ၏ တွန်သံ၊ ဘာသာဘာဝအော်မြည်သံများသည် နေရာအနှံ့မှ ထွက်ပေါ်လာလေသည်။

ဦးဘတူနှင့် ကျော်ဝင်းသည် ကိုင်းခုတ်ဓား ကိုယ်စီကိုင်ကာ တောထဲသို့ ဝင်လာကြသည်။ ကျော်ဝင်းသည် လုံချည် အဟောင်းတစ်ထည်ကို စလွယ်သိုင်းကာ စား၍ရသမျှ ဟင်းရွက် ဟင်းသီးများကို ခူးဆွတ်လေသည်။ ဆူးပုတ်၊ ကင်းပုံ၊ ကြောင်လျှာ စသည့် အသီးအရွက်များသည် သူတို့အတွက် လုံလုံလောက်လောက် စားသောက်ရမည့် တောဟင်းရွက်ဟင်းသီးပင် မဟုတ်ပါလား။

"ဟင်းသီးဟင်းရွက်တွေကလည်း ပေါမှပေါ၊ ဝါးတွေကလည်း ဖြောင့်နေတာပဲဟော့၊ ခုတ်လို့တောင် နိုင်မှာ မဟုတ်ဘူးကွ၊ နော"

"ဟုတ်တယ် အဘ၊ ကဲ ခုတ်ကွက်တွေလည်း တွေ့ပြီ၊ တဲကို ခဏပြန်ကြစို့ အဘရေ"

ထိုအချိန်တွင် နံနက် ၉ နာရီခန့် ရှိပေပြီ။ အပြန်ဘွင် လာလမ်းအတိုင်း မဟုတ်ဘဲ တောင်ကုန်း တစ်ခုဖြတ်ကာ လမ်းသစ်မှ ပြန်လာကြခြင်း ဖြစ်သည်။ သူတို့ ယာယီဝါးတဲကလေးမှာ ကညင်ပင်ကြီးအောက်တွင် ရှိသည်။ ကညင်ပင်ကိုပင် လှမ်းမြင်နေရသည်။

"အဘ...ဒီလမ်းက ရှင်းတယ်နော်၊ တောလမ်းဖြစ်နေတယ် ထင်တယ်"

တစ်နေရာတွင် ချုံပုတ်ပုပုကလေးများ ဝိုင်းရံ ထားသော မြေကွက်လပ်တစ်ခုကို ရုတ်တရက်တွေ့ လိုက်ကြသည်။ ပေနှစ်ဆယ်သာသာ အပြောင်ရှင်းနေသော မြေဝိုင်းကလေးဖြစ်သည်။ မြေပြောင်ပြောင် ကွက်လပ်ကလေးထဲတွင် မည်သည့်သစ်ရွက်ခြောက် အမှိုက်သရိုက်မှ မရှိဘဲ လတ်တလော မိနစ်ပိုင်းအတွင်းကမှ ရှင်းလင်းသုတ်သင်ထားသကဲ့သို့ ပြောင်ရှင်းနေခြင်းပင် ဖြစ်သည်။ ထိုအချက်သည် ထူးဆန်းလှသည်။ ကျေးငှက်များ၏ အော်သံ ထွက်ပေါ်လာသည်။

ဦးဘတူနှင့် ကျော်ဝင်းသည် တစ်ယောက်မျက်နှာ

တစ်ယောက်ကြည့်ကာ အတန်ကြာမျှ ငေးမောမိ နေကြသေးသည်။ ရှေ့သို့ မလျှောက်ကြသေး။ ရပ်တန့် ငေးမောနေမိကြသည်။

"ထူးဆန်းတယ်၊ ဘယ်သူ လာရှင်းသွားတာလဲ မသိဘူး"

"ကြည်ဝင်းတို့ ဒီဘက်ကို လာကြတာ မဟုတ်ဘူး၊ သူတို့အားလုံးက အရှေ့ဘက်ကို စုပြုံသွားကြတာ ကြည့်စမ်း ထူးဆန်းတယ်ဟေ့၊ ဒါ တစ်ခုခုပဲကွ၊ ကျော်ဝင်းရ"

သူတို့နှစ်ယောက်သည် မှန်သားပြင်ကဲ့သို့ ပြောင်လက်မာကျစ် ချောမွေ့နေသော မြေပြောင်ပြောင် ကလေး၏ဘေးတွင် ဇဝေဇဝါဖြင့် ရပ်နေကြပေသည်။

"ဒီလိုတောခေါင်ခေါင် ရှုပ်ထွေးလှတဲ့ နေရာမယ် အမှိုက်ဆံခြည်တစ်မျှင်မှ မရှိဘဲ ပြောင်ရှင်းနေတာ ထူးဆန်းတယ်၊ အင်း…တစ်ခုခုတော့ တစ်ခုခုပဲဟေ့"

ဦးဘတူသည် မြေဝိုင်းကလေးကို လှည့်ပတ် ကြည့်ရှုနေသည်။ စေ့စေ့စပ်စပ်ချာစွာ စစ်ဆေးနေခြင်း ဖြစ်သည်။ ကျော်ဝင်းသည် မယောင်မလည် ရပ်နေသည်။ မြေဝိုင်းကလေး၏ တစ်နေရာတွင် ဦးဘတူသည် တစ်စုံတစ်ရာကို တွေ့ရှိသွားဟန်ဖြင့် ထိုင်ချလိုက်သည်ကို တွေ့လိုက်ရပေသည်။

ခဏကြာလျှင် ကျော်ဝင်းကို အရေးတကြီး လက်ရပ်ခေါ်လေသည်။

"ကျော်ဝင်း ဒီကိုလာကွယ့်"

ကျော်ဝင်းသည် ပြောင်ရှင်းသော ကွက်လပ်ပြင်ကို ခပ်ဖွဖွ မဝံ့မရဲနင်းကာ ဦးဘတူဆီသို့ လျှောက်လာသည်။

"ဟော့ ကျော်ဝင်းရေ…ယောင်လို့မှ မြေ ပြောင်ပြောင် ပေါ် တံတွေး ထွေးမချလိုက်လေနဲ့"

ပြောကာမှ ကျော်ဝင်း ပို၍လန့်ဖျပ်သွားသည်။ ဒီအဘိုး ကြီး ဘာတွေပြောနေပါလိမ့်။

"ဒီမှာကြည့်စမ်း မထူးဆန်းဘူးလား"

ဦးဘတူပြသော အရာကလေးကို ကြည့်လိုက်တော့ မြေကြွက်တွင်းပေါက်လို တွင်းပေါက်ကလေးကို တွေ့လိုက်ရ သည်။ တွင်းပေါက်ကလေးသည် ကွက်လပ်၏အစွန်တွင်ရှိပြီး စက်ဖြင့် ဖောက်ထားသကဲ့သို့ ဝိုင်းစက် ညီညာကာ ချောမွတ်နေ သော တွင်းပေါက်ကလေး တစ်ပေါက်သာ ဖြစ်သည်။

"ဝိုင်းစက်နေတာပဲဗျ၊ လှလိုက်တာ၊ ဘာလုပ်တာလဲ မသိဘူး အဘ"

"သွားမကိုင်နဲ့ အန္တရာယ်ပဲ"

"ဗျာ ဒီလောက်ပြောင်ချောလှပတဲ့ ပစ္စည်းကလေးက အန္တရာယ်ရှိတယ် ဟုတ်လား"

ကျော်ဝင်းသည် ယောင်ယမ်းကာ ထိုင်နေရာမှ နောက်သို့ တစ်လှမ်းစာမျှ ရွှေ့လိုက်၏။

လူသူမနီး တောတောင်ထဲမှာ ဒီလိုမြေပြောင်ပြောင်

တွင်းကလေးလှလှဟာ အန္တရာယ် အကြီးဆုံးပေါ့ကွယ်၊ ဒီလို ကောင်လေးရ မနက်လင်းအားကြီးအချိန်မှာ လူကလေး တွေ့ကြုံလိုက်ရတဲ့ ခြေသံတွေ၊ ကောင်မလေးတွေရဲ့ စကားပြော သံတွေကို ဆက်စပ်ပြီး စဉ်းစားနေတာကွ၊ ဒါ ကျတ်တွင်း၊ ကျတ်တစ္ဆေတွေနေတဲ့ ကျတ်အောင်းတွင်း"

"ခင်ဗျာ"

ကျော်ဝင်းသည် ယောင်ယမ်းကာ မတ်တတ် ရပ်လိုက် သည်။ တွင်းပေါက်ထဲမှ တစ်စုံတစ်ခု ထူးဆန်းသည့် အရာတစ်ခု ထွက်ပေါ်လာလေမည်လားဟု စိုက်ကြည့်လိုက်မိသည်။ အစွယ် ပြူးပြူးနှင့် တစ္ဆေတစ်ကောင်လား ဒါမှမဟုတ် ပုံပြင်ထဲက ဥစ္စာစောင့်မ ချောချောကလေးများ သီချင်းသီကာ ထွက်ပေါ် လာလေမလား၊ ဒါမှမဟုတ် အာလာဒင် ဆီမီးခွက်ထဲကလို ဘီလူးဝဝတစ်ကောင်များ ထွက်ပေါ်လာလေမည်လားဟု အတွေးပေါက်ကာ အလန့်တကြား စောင့်ကြည့်လိုက်ခြင်းသာ ဖြစ်သည်။

သို့သော် မည်သည့်ထူးထူးဆန်းဆန်း သတ္တဝါမှ ထွက်ပေါ်မလာပေ။ မည်သည့်အရိပ်အယောင် အငွေ့အသက်မှ မမြင်ရပါချေ။ သည်အဘိုးကြီး တောနက်ထဲမှာ လူငယ်တွေကို တမင်ကြောက်လန့်အောင် ခြောက်လှန့်နေတာလား။

"ကဲပါကွယ်၊ သူတို့လည်း သူတို့ လောကမှာ အေးအေး ချမ်းချမ်း နေပါစေ၊ လွတ်လွတ်လပ်လပ် နေပါစေ၊ သွားပြီး

မနှောင့်ယှက်ပါနဲ့"

ကျော်ဝင်းသည် သိပ်တော့ကျေနပ်ပုံ မပြပေ။

"အချိန်ရမှ နောက်တစ်ခေါက်လာပြီး သူတို့ကို အကျေး အမွေးလေး လုပ်ရမယ်ကွ"

"ဘာတွေများ ကျွေးမွေးရမှာလဲ အဘ"

"တောစည်းကမ်း တောင်စည်းကမ်းအရ ထမင်းဟင်း ချက်ပြီး ဖက်ရွက်နဲ့ပုံပြီး စတီသဘောမျိုး ကျွေးမွေးမှာပါကွာ၊ သိပ်ပြီး ကရိကထ မများလှပါဘူး၊ ကဲ လာကွာ ပြန်ကြပါစို့"

သူတို့နှစ်ယောက်သည် နေရာကို သတ်မှတ် မှတ်သား ကာ တဲသို့ပြန်လာကြသည်။ သူတို့ တောတက်ခြင်း၏ အဓိကမှာ ဝါးခုတ်ရန်သာဖြစ်သည်။ ဝါးခုတ်ခြင်းလုပ်ငန်းကို စတင်ရပေ တော့မည်။

ခဏကြာလျှင် ဦးမြဒင်နှင့် ဦးဘတူ ထွက်သွာ သည်။ ကျော်ဝင်းကတော့ ထမင်းဟင်း ချက်ပြုတ်ရန် နွားတွေ အစာ ကျွေး၊ ရေတိုက်ရန် ပြင်ဆင်ရတော့သည်။

ထိုနေ့တစ်နေ့လုံး လက်လှမ်းမီသလောက် ဝါးခုတ် ကွက်တွေ ရှာဖွေကာ အသီးသီး တာဝန်ယူကာ ခုတ်ကြသည်။ ကိုင်ဖျားကိုင်းနားတွေ ရှင်းကြသည်။ လှည်းလမ်းနှင့် အနီးဆုံး နေရာသို့ သယ်ကြရသည်။

ညနေစောင်းတွင် ဦးဘတူသည် ကျော်ဝင်းကို ခေါ်ကာ မနက်ပိုင်းက တွေ့ခဲ့ကြသည့် ကျတ်တွင်းသို့ တစ်ခေါက်ထပ်

သွားသည်။ သည်တစ်ခါတော့ စားဦး စားဖျား အင်ဖက်နှင့် ထုပ်ယူလာသော ထမင်းနှင့်ဟင်းများ ဗန်းနှင့် သယ်ယူသွား ကြသည်။

"ကဲ…အန္တရာယ်ကင်း ဘေးကင်း တွင်း အောင်းကျတ် တွေကို ကျွေးကြရအောင်"

သူတို့သည် မြေပြောင်ပြောင် တွင်းပေါက်အနီးတွင် အင်ဖက်ထဲသို့ ထမင်းဟင်းများထည့်ကာ မမြင်အပ်သော ပုဂ္ဂိုလ်များကို ပင့်ဖိတ်ကျွေးမွေးကြသည်။

◆ ◆ ◆

တဲစောင့်ကျော်ဝင်းမှလွဲ၍ ကျန်သူများ ဝါးခုတ်ကွက် များတွင် အသီးသီးနေရာယူကြကာ လုပ်ငန်းခွင် ဝင်ကြတော့ သည်။

ဦးဘတူ၊ မြဒင်နှင့် ကြည်ဝင်းက ခုတ်ကွက် တစ်ခုထဲ တွင် ဝိုင်းခုတ်ကြသည်။ ကျန်သည့် ခုတ်ကွက်တွင် ဦးလှသောင်း နှင့် စိန်ကုလား။

ထိုနေ့ညနေခင်းထိ ဝါးခုတ်ကြသည်။ ဝါးခုတ်ရာတွင် အသက်အန္တရာယ်များလှသည်။ ဝါးခုတ် မကျွမ်းကျင်ပါက မတော်တဆ ဝါးချွန်ထိုးမိ၍ သေကြသည်။

ညနေစောင်းတွင် ဦးလှသောင်းနှင့် စိန်ကုလားတို့ ခုတ်ကွက်တွင် ဝါးများရှင်းလင်းသန့်စင်နေစဉ်မှာပင် စိန်ကုလားက ဦးလှသောင်းကို ခွင့်ပန်ကာ တစ်နေရာသို့ ထွက်သွားသည်။

စိန်ကုလားသည် ယခု တောတက် ဝါးခုတ်အဖွဲ့များ အုပ်စုတွင် လူငယ်မက လူကြီးမမည်သော စကောစကအရွယ်သာ ဖြစ်သည်။ တစ်ရွာလုံးတွင် အရက်သောက်ရာတွင် စံမတူနှစ်ယောက် မရှိအောင် အသောက်ကြမ်းသူဖြစ်သည်။ ကျန်သည့် လူငယ်များ အရက်နှင့် မကင်းကြသော်လည်း စိန်ကုလားလို ခုံခုံမင်မင် စွဲစွဲလမ်းလမ်းတော့ မဟုတ်ကြပေ။

ယခုလို တောတက်ကာလတွင် အရက်ကို အားလုံးမသောက်ကြသည်မှာ တစ်ရွာလုံး သတိပေးစရာမလို၊ ပြောပြစရာမလိုသော စည်းကမ်းချက်တစ်ခုဖြစ်သည်။ တောထဲတောင်ထဲတွင် အရက်သေစာ သောက်စားခြင်းဖြင့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်တတ်သဖြင့် တောတက်စဉ် အရက်သေစာ၊ သားကြီး ငါးကြီး ရှောင်ကြဉ်သည်က အကောင်းဆုံးနှင့် အန္တရာယ်အကင်းဆုံး ဖြစ်ပေသည်။ ယခုလည်း စိန်ကုလားသည် ဦးလှသောင်းကို ပြောကာ တောင်ခြေရွာတစ်ရွာသို့ အရက်ရှာ(ဒါမှမဟုတ်) အရက်သောက်ရန် ထွက်ခွာသွားခြင်း ဖြစ်ပေသည်။ စိန်ကုလားသည် တစ်ခုတော့ ခြွင်းချက်ရှိသည်။ ထိုအရာကား သူတကာထက် ပို၍ အလုပ်လုပ်နိုင်ခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ သန်မာထွားကြိုင်းခြင်းဟူသော ဝိသေသဂုဏ်ထူးများပင်ဖြစ်၏။ ဦးလှသောင်းကလည်း ဝါးခုတ်ကျွမ်းကျင်လှကာ သူတို့နှစ်ယောက်၏ ထူးခြားစွမ်းရည်ကို ဦးဘတူတို့ ယှဉ်၍မရခြင်းပင်တည်း။

ဦးလှသောင်းသည် စိန်ကုလား တောင်ခြေ ထွက်သွားက

တည်းက အလုပ်လက်စသတ်ကာ တဲရှိရာသို့ ပြန်လာသည်။ ဦးဘတူတို့အုပ်စုဝင် သုံးယောက်ကား လက်စမသတ်နိုင်သေးချေ။ ညနေ ၃ နာရီပင် ကျော်ပေပြီ။ ဘာပဲဖြစ်ဖြစ် လက်ကျန်အပင် ၁၀ ပင် အုပ်စုကလေး ခုတ်ထွင်ပြီးလျှင်တော့ လက်စသတ်လောက်ပေပြီ။ အချိန် ၃ နာရီ ဆိုသည်မှာ တောထဲတောင်ထဲတွင် လျှင်မြန်စွာ အမှောင်ရောက်တတ်သည်မှာ ဓမ္မတာပင်တည်း။

"မြဒင်နဲ့ မောင်ကြည်ဝင်းရေ ဒီအပင်စု ကလေး ခုတ်ပြီးရင် လက်စသတ်ကြစို့ကွယ်"

"လင်းတုန်းပဲ ရှိပါသေးတယ် အဘရဲ့"

"အော်ကွယ် တစ်နေကုန် ခုတ်နေတာကလားကွယ်၊ နောက်နေ့တွေလည်း ရှိသေးတယ်၊ လောဘမကြီးစမ်းနဲ့ကွယ် မောင်ကြည်ဝင်း"

ကြည်ဝင်းသည် ကိုင်းဖျားကိုင်းနားတွေ ရှင်း လင်းလျက်ကပင်...

"လောဘမကြီးပါဘူး အဘ၊ များများခုတ်ထားတော့ နောက်နေ့တွေ သက်သာတာပေါ့"

"ဒါတော့လည်း ဒါပေါ့ကွယ်"

စကားသံတွေ တိတ်ဆိတ်သွားကြသည်။ ထိုစဉ် ခပ်ဝေးဝေး ကောင်းကင်ယံမှ ငှက်တစ်ကောင် အနီးရှိ ကညင်ပင်ပေါ်သို့ ထိုးစိုက်လာနားကာ ချက်ချင်းပင် 'ဂီး'ခနဲ အလန့်တကြား အော်ကာ ပျံသွားသည်။

■

"ဟ…ဒီကောင် ဘာဖြစ်တာလဲ၊ ငှက်ခါး ထင်တယ်"

ကိုမြဒင်က လှမ်းကြည့်ရင်း ပြောသည်။ ဦးဘတူသည် ပျံထွက်သွားသော ငှက်ကိုကြည့်ကာ တစ်စုံတစ်ရာပြောရန် အားယူလိုက်စဉ်မှာပင် နားထဲသို့ လေတိုးသံလိုလို၊ သစ်ရွက်တွေ တဖျောဖျော မြည်သံလိုလို အသံတစ်သံ ကြားလိုက်ရသည်။

ဦးဘတူသည် ခုတ်လက်စကို ရပ်တန့်ကာ အသံလာရာသို့ နားစွင့်ထောင်သည်။ လေတိုးသံလိုလို၊ သစ်ရွက်မြည်သံလိုလိုမှ စကားပြောသံမှန်း သတိပြုမိလိုက်သည်။ ဦးဘတူ၏ ရင်ထဲတွင် ဖြန်းခနဲ တုန်ခါသွားသည်။ ကိုမြဒင်ကို လှည့်ကြည့်လိုက်တော့ ဦးဘတူနည်းတူပင် ဓားကို ကိုင်လျက်က အသံလာရာသို့ လှမ်းကြည့်နေသည်။ ကြည်ဝင်းသည် ဘာမှမကြားရသလို အလုပ်ကို ဆက်လုပ်မြဲ ဆက်လုပ်နေသည်။

"ဘာသံလဲဗျ"

"မသိဘူး၊ မင်းကော ဘာကြားလိုက်သတုံး"

"စကားပြောသံဗျ ကိုဘတူ"

"ဟုတ်တယ် စကားပြောသံကွ၊ တစ်ယောက်က တစ်ယောက်ကို ပြောနေတဲ့ အချီအချမျိုးဟ၊ ထူးဆန်းတယ်၊ ငါတို့ နားကြားမလွဲပါဘူးနော်"

"နှစ်ယောက်တောင် ကြားတာဗျာ၊ အနားကပ် ပြောနေသလိုပဲ၊ သရဲခြောက်တာလား"

ဦးဘတူသည် ပုဆိုးကို ပြင်ဝတ်လိုက်သည်။

"ကဲ…အသံကြားတဲ့ဆီ လိုက်ကြည့်ရအောင် ဟေ့"

ကိုမြဒင်သည် နှစ်ကြိမ်မခေါ်ရ။ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

"ဝါးရုံစပ်ကဗျို့"

ဦးဘတူသည် လူငယ်တစ်ယောက်ပမာ ရှေ့မှ ဇိုးဇိုး ဇတ်ဇတ် ထွက်သွားသည်။ ကိုမြဒင်က သူ့နောက်က လိုက်သွား သည်။ ကြည်ဝင်းက မရိပ်မိ။ သူ့အလုပ်သူ ဆက်လုပ်နေသည်။

အဘတူတို့ ဝါးရုံစပ်ရောက်တော့ စောစောက စကား ပြောသံ ရပ်သွားသည်။

"အသံပျောက်သွားပြီကွ မြဒင်"

"ဟုတ်တယ် ချက်ချင်းပျောက်သွားတာ၊ စကားပြော သံမှ စကားပြောသံ ပီပီသသဗျ"

သူတို့နှစ်ယောက် စူးစိုက်နားထောင်နေစဉ်မှာ ပင် ရုတ် တရက် စကားပြောသံ ပေါ်လာပြန်သည်။ ဒီတစ်ခါ စကား ပြောသံသည် ဝါးရုံပင်နှင့် ဝါးတစ်ရိုက်ခန့်ရှိ ကပ်စေးနဲ့ချုံစပ်မှ ထွက်ပေါ်လာခြင်းပင်။ ကိုမြဒင်သည် အသံကြားရာသို့ လွှားခနဲပြေးကာ ချုံဘေးပတ် ပတ်လည်ကို ငုံ့၍ရှာသည်။ အရိပ် အယောင်မျှပင် မရှိသည်သာမက စကားပြောသံပင် တိတ်သွားပြန် သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် မေးဆတ်ပြရင်း…

"တချွေးခြောက်ပြီထင်တယ် ဦးဘတူ"

"သိပ်သေချာတာပေါ့ကွာ၊ တောတောင်ထဲမှာ လူမမြင်ရဘဲ စကားပြောသံတွေ အနီးကပ် ကြားနေရတော့မှ တစ္ဆေခြောက်ပြီပေါ့ဟာ"

ထိုစဉ် ယောက်ျားမိန်းမအုပ်စု၏ စကားပြောသံ ဗလုံးဗထွေးများသည် လှိုဏ်ကလေးမှ ထွက်ပေါ်လာပြန်သည်။ လှိုဏ်ကလေးသည် ဦးဘတူတို့ ရပ်တန့်စကားပြောနေသော နေရာနှင့် ပေ ၃၀ မျှ မဝေးပေ။ သူတို့ ငုံ့ကြည့်လိုက်တော့ စကားပြောသံ တီးတိုးသံတွေ ထွက်ပေါ်နေခြင်း ဖြစ်သည်။ လူမမြင်ရ။ ဘယ်သူမှ မရှိ။ ရယ်သံတွေပင် ပါလိုက်သေးသည်။

ကိုမြဒင်သည် ဦးဘတူကို အံ့သြတကြီး ကြည့်နေမိသည်။ စကားမဆိုနိုင်။

"တောက်...ကျုပ်တို့ကို သရဲမတွေ သရဲထီး တွေ အရူးလုပ်နေတာဗျို့"

ထိုအခါ ဦးဘတူက ပျာပျာသလဲ လက်ကာပြသည်။ ဟန့်တားလိုက်ခြင်းဖြစ်သည်။

"ဟော့ ဟော့ မပြောနဲ့ကွယ့်၊ တို့က သူတို့ ပိုင်နက်ထဲမှာ အလုပ်လာလုပ်နေကြတာ၊ သူတို့နဲ့ ဆန့်ကျင်ဘက် မလုပ်မိစေနဲ့"

ကိုမြဒင် ငြိမ်သက်သွားသည်။

"ပြန်ကြမယ် ဦးဘတူ၊ ကြက်သီးတွေ ထလာပြီဗျို့"

"ဟုတ်တယ်၊ ပြန်ကြစို့"

ဦးဘတူသည် ပြန်ရန် ခြေလှမ်းတစ်လှမ်း နောက်သို့

ဆုတ်လိုက်မိစဉ် ခါးပုံစထဲတွင် ထည့်ထားသော မီးခြစ်က ပြုတ်ကျသွားသည်။ ခါးပုံစထဲမှ လျှော၍ကျသွားခြင်းဖြစ်သည်။ ကျကျခြင်း ငုံ့၍လှမ်း ဖမ်းလိုက်သော်လည်း မမီလိုက်။ ခြေတောက်အောက်ရှိ မြေကျစ်စာခဲနှစ်ခုကြားသို့ ဝင်သွားခြင်းဖြစ်သည်။

"အယ်…ဒီမီးခြစ်နှယ်ကွယ်၊ ဘယ်လိုများ ကျရပါလိမ့်၊ အရေးထဲမှ"

မီးခြစ် အဖျားကလေးကိုပင် ကျစ်စာခဲကြားတွင် ညပ်နေသည်ကို လှမ်းမြင်နေရသေးသည်။ ဘတူသည် ငုံ့ကာ ကျစ်စာခဲကို လှန်၍ကြည့်လိုက်သည်။ အစွန်းကလေးကိုပင် မြင်နေရသော ကြေးဝါရောင် မီးခြစ် ကလေး မတွေ့ရတော့။

"ဘုရားရေ…ခုပဲကျ ခုပဲမြင်နေရတဲ့ မီးခြစ်ကွယ် မျက်စိရှေ့မှာတင် ပျောက်ခြင်းမလှ ပျောက်ရပါပကော"

ဦးဘတူသည် တစ်ချက်မျှ ညည်းညူကာ အောက်ခြေရှင်းရှင်းလင်းလင်းကလေးပင်ရှိသော မြေကျစ်စာခဲကို ကွဲကျေလုမတတ် လှန်လှောရှာဖွေသည်။ ဦးမြဒင်ကပါ ဝိုင်းကူရှာဖွေသည်။

"မျက်စိရှေ့တွင်ဗျာ"

ကြေးဝါမီးခြစ်ကလေးသည် မျက်မှောက်ရှေ့မှာ တင်ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေပြီတကား။ အတောင်ပေါက်ကာ ငှက်ပမာ ပျံထွက်သွားလေပြီတကား။

"ဒေါသထွက်စရာကွာ၊ ဘယ်မှ ခြေထောက်ပေါက်ပြီး

ဒီမီးခြစ်က ပျောက်စရာ မရှိဘူးဟ၊ ငါ့နယ်နော် ဆန်းကြယ်လှပါဘိ၊ ကဲပါကွယ် နောက်မှထပ်ရှာတော့မယ်"

ဦးဘတူသည် စိတ်ပျက်လက်ပျက်ဖြစ်ကာ မချိတင်ကဲ မကျေမနပ်ဖြင့် ရှာဖွေမှုကို ရပ်လိုက်ကာ တဲရှိရာသို့ ပြန်လာသည်။ လမ်းလျှောက်ရင်း ကိုမြဒင်က…

"မျက်လှည့်ပြလိုက်သလား မှတ်တယ်ဗျာ၊ အံ့ရောပဲ"

◆ ◆ ◆

နောက်တစ်နေ့မနက် ရှစ်နာရီမထိုးမီမှာပင် ကျော်ဝင်းမှလွဲ၍ အားလုံးခုတ်ကွက်အသီးသီးသို့ ရောက်ရှိသွားကြသည်။ အသက်ကြီးရင့်လာပြီဖြစ်သော ဦးဘတူသည် ပေါ့ပါးသော အလုပ်များကိုသာ တစ်ပိုင်တစ်နိုင် လုပ်နိုင်သည်။ ကိုင်းဖျားကိုင်းနား ဖြတ်ခြင်း၊ အမှိုက်များ စုပုံပေးခြင်း စသည့်အလုပ်များကိုသာ လုပ်နိုင်တော့သည်။

ဦးဘတူသည် ဝါးပိုးဝါးတစ်ပင် ခုတ်ပြီး၍ ချွေးသုတ်နေသော ကိုမြဒင်ကို လှမ်း၍စကား ပြောမိသည်။

"မြဒင်"

"ဗျာ"

"မင်းကို ငါ အံ့ဩစရာကောင်းတဲ့ ကိစ္စတစ်ခု ပြောပြမယ်"

ကိုမြဒင်သည် ဝါးခုတ်ဓားကို သစ်ငုတ်ဆုံပေါ်သို့ အသာချလိုက်သည်။

"ပြောလေ ကိုဘတူ"

"ဒီလိုကွ၊ မနေ့ညနေက မီးခြစ်ပျောက်သွား တဲ့ကိစ္စကွာ အဲဒါ…"

"မီးခြစ်က ကိစ္စပြတ်ကို ဖြစ်သွားတာ"

ဦးဘတူ ခေါင်းယမ်းပြလိုက်သည်။

"မပြတ်ဘူး ဟေ့ကောင်၊ ညက ငါ အိပ်မက် မက်တယ်၊ အသက်လေးဆယ်လောက် ရှိတော့မယ့် လူတစ်ယောက်ကွ၊ တို့တဲပေါက်ဝကို ရောက်လာတယ်၊ ပြီးတော့ ငါ့ကို 'ခင်ဗျား ကျုပ်တို့ကို စားဦးစားဖျား လာကျွေးတာ ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာတယ်ဗျာ၊ ကျုပ်တို့ကို ဒီလို စားဦးစားဖျား လာမ ကျွေးကြတာ ကြာပြီဗျ၊ ပြီးတော့ သားစိုသားစိမ်းကလေးတွေ လည်း ကြုံတုန်း စားချင်သဗျ၊ ဝမ်းတွင်းကလီစာ ပိုကြိုက်တယ်ဗျာ၊ ဩော်…ဒါထက် ခင်ဗျားရဲ့ ကြေးဝါမီးခြစ်ကလေး မပျောက်ပါဘူးဗျာ၊ ကျွန်တော် ခင်ဗျားကို ခင်မင်လို့ ကြည်စားတာပါ၊ မပျောက်ရပါဘူး၊ စိတ်ချပါ၊ ကျုပ် ပြန်ထားလိုက်ပါပြီ၊ ခင်ဗျား လှန်ပြီးရှာခဲ့တဲ့ မြေကျစ်စာခဲ အပေါ်မှာ ကျုပ် ပြန်တင် ထားလိုက်ပါပြီ၊ မနက်ကျတော့ သွားယူလိုက်ပါ၊ ဒါပါပဲဗျို့' လို့ပြောပြီး ပျောက်သွားရော မြဒင်ရေ…အေး မနက်ကျတော့ ခပ်စောစော သွားယူလိုက်ဖို့ အိပ်ရာက ထထချင်း မနေ့က ပျောက်သွားတဲ့ နေရာကို ကမန်းကတန်း သွားရှာလိုက်တော့ ဟုတ်တယ်ဟေ့၊ ငါ့မီးခြစ်ကလေး မြေကျစ်စာခဲ အပေါ်ဆုံးမှာ

အဆင်သင့်ပဲ တွေ့ရတယ်ဟေ့''

ကိုမြဒင်သည် ငေးနေသည်။

''တော်တော်ဆန်းကြယ်တာပဲ''

''ဟုတ်တယ်၊ ကျုတ်တွေက နောက်ပြောင်ထားတာ ပေါ့ မြဒင်''

''သူတို့ ဒီပတ်ဝန်းကျင်မှာ ရှိနေတယ် ဆိုတာကိုလည်း ပြတာပဲ မဟုတ်လား''

''ဟုတ်တာပေါ့ မြဒင်၊ ဩော်··ဒါထက် ကောင်လေး တွေကိုလည်း သတိပေးဦးဟေ့၊ မူးမူးနဲ့ ဆဲတာဆိုတာတွေ ဆင်ခြင်ကြဖို့''

''ကျွန်တော်လည်း ပြောထားတာပဲ ကိုဘတူ၊ ခိုးကြောင် ဝှက်ကြောင်နဲ့ အရက်သောက်လာတော့ မတတ်နိုင်ဘူးလေ၊ ဆုံးမတာပဲဗျာ၊ ပြောလို့မှ မရတာ၊ ချုံထဲမှာ ပုလင်းတွေ ဖွက်ထားသေးတယ်''

◆ ◆ ◆

နောက်နှစ်ရက်ဆိုလျှင် လိုအပ်သမျှ ဝါးအရေ အတွက် ပြည့်မီတော့ပေမည်။ အိမ်ပြန်ရက်နီးလေ အားကြိုးခွန်စိုက် အလုပ်လုပ်ကြလေ ဖြစ်သည်။ ပါလာသော ရိက္ခာများလည်း တိုင်းထွာယူလာသောကြောင့် တဖြည်းဖြည်း လျော့ပါးလာပေပြီ။ အချို့လှည်းပေါ်သို့ တင်ထားသည်။ လှည်းသုံးစီးပြည့်လုပြည့်ခင် ဖြစ်နေပြီ ဖြစ်သည်။

ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုက ဖြစ်ပွားသွားခဲ့လေသည်။ ဝါးခုတ်ရာမှ စိန်ကုလား၏ ဘယ်ဘက်ပေါင်ကို ဝါးငုတ်စိုက်ဝင်မိခြင်းပင်တည်း။ ပြတ်ကျသွားသော ဝါးငုတ်တစ်ဖက်က တစ်ဖက်သို့ ယိုင်၍အကျ သူ၏ပေါင်ကို ဝါးချွန်ဖြင့် ပက်ထုတ်သလို ဖြစ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ဝါးချွန်စဖြင့် ပေါင်ရင်းသို့ သုံးလက်မခန့် စိုက်ဝင်ပြီး ငါးလက်မခန့် အသားပြဲထွက်သွားခဲ့သည်။

"အား"

ကြည်ဝင်း၊ လှသောင်းတို့သည် စိုက်ဝင်ကာ လဲကျသွားသော စိန်ကုလားကို ပြေးပွေ့ကြသည်။ စိန်ကုလားသည် သတိလစ်မတတ် တစ်ကိုယ်လုံး တုန်ခိုက်ကာ ပေါင်ရင်းမှ သွေးတွေတရဟော ထွက်ကျနေသည်။ ကြည်ဝင်းနှင့် လှသောင်းက တဲသို့ပွေ့ယူလာကာ နီးစပ်ရာ ကုက္ကိုရွက်များ၊ ဗိစပ်ရွက်များထောင်းကာ ဒဏ်ရာကို စည်းနှောင်ပေးကြသည်။

"ဒဏ်ရာများတယ်ကွာ၊ ဖြစ်မှဖြစ်ရတယ်၊ ကဲ…ရသလောက်ဝါးတွေနဲ့ပဲ ရွာပြန်ကြစို့"

စိန်ကုန်လားသည် သတိမရတစ်ချက် ရတစ်ချက်ဖြင့် ကယောင်ကတမ်းတွေ စပြောလာသည်။ သတိလက်လွတ်ဖြစ်လာသည်။

"ကြောက်ပါပြီဗျ၊ ကြောက်ပါပြီဗျ၊ နောက် ဒါမျိုး မလုပ်တော့ပါဘူး"

စိန်ကုလားသည် တအင်းအင်း ညည်းညူနေတော့သည်။

ဘတူနှင့် ကျော်ဝင်းသည် စိန်ကုလား၏ ဒဏ်ရာကို ပုဆိုးစုတ်နှင့် စည်းနှောင်ပေးရင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

"ကိုလှသောင်း…သူ ဘာကို ကြောက်တယ် ပြောနေတာလဲဗျ၊ နောက် ဒါမျိုးမလုပ်တော့ပါဘူးဆိုတာ ဘာကို ပြောနေတာလဲ"

ထိုအခါ ကိုလှသောင်းသည် မနေ့ညနေဘက် ပိုင်းသူမြင်သမျှကို ဓာတ်စုံခင်းတော့၏။

"ဒီလိုဗျ၊ ဒီလို မနေ့ညနေပိုင်းက မြေပြောင်ပြောင် ကျတ်တွင်းမှာ သူ့ကို ကျုပ် တွေ့လိုက်တယ်၊ ဘာလုပ်တယ် မှတ်သလဲ၊ အဲဒီတွင်းပေါက်ထဲကို ကျင်ကြီးတွေ စွန့်ချတယ်လေ၊ တားဖို့ အချိန်မရတော့ဘူး"

အားလုံး မျက်စိမျက်နှာ ပျက်ကုန်သည်။

"ဟာ…"

"ဒုက္ခပါပဲ"

"ဒီလောက်တောင် မိုက်ရိုင်းရသလားကွာ"

"အရက်မူးပြီး တွင်းထဲပါချတာနေမှာပေါ့"

ဦးဘတူသည် ခေါင်းကို သွက်သွက်ခါယမ်းကာ…

"ကဲ…ကိုယ့်လူဘက်က စော်ကားသလို ဖြစ် သွားပြီ ဟော့၊ ကဲ…နေမဝင်ခင် ရွာရောက်အောင် ခပ်သွက်သွက် သွား

ကြစို့၊ လှည်းပြင်တော့"

သူတို့အားလုံး တာဝန်ကိုယ်စီ ခပ်သွက်သွက် လှုပ်ရှားလိုက်ကြတော့သည်။

"နွားတွေ ရေတိုက်ကြ၊ အစာဝအောင် ကျွေးကြပော့၊ ခပ်မြန်မြန်"

◆ ◆ ◆

လှည်းသုံးစီးသည် ရွာဆီသို့ ဝါးများကိုတင်ကာ အလျှင်စလို မောင်းလာကြသည်။ ရှေ့ဆုံးလှည်းတွင် ကိုလှသောင်း၊ ကြည်ဝင်းနှင့် ဒဏ်ရာများဖြင့် သတိရတစ်ချက် မရတစ်ချက် သွေးရူးသွေးတန်း ကယောင်ကတမ်းတွေ ရေရွတ်ကာ လူမမာတစ်ယောက် ပါလာသည်။

ကြည်ဝင်းသည် စိန်ကုလားကို ပွေ့ထားသည်။ စိန်ကုလားသည် တစ်ချက်တစ်ချက် မျက်ဖြူလန်ကာ အကြောဆွဲသလိုဖြစ်သွားသည်။ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်တက်ကာ ကြောက်ပါပြီဗျ၊ ကြောက်ပါပြီဗျဟု ညည်းညူသည်။ ညည်းညူအော်ဟစ်ရင်း ပါးစပ်ခြမ်းရွဲ့သွားကာ ပါးစောင်မှ သွားရေတွေ စီးကျလာသည်။ မျက်လုံးလှန်ကာ ကြည်ဝင်းကို မမြင်ဘူး သည့် သူစိမ်းတစ်ယောက်လို ကြည့်သည်။ ထို့နောက် မျက်လုံးကြီးပြူးထွက်ကာ...

"အောင်မယ်လေး...ဘီလူးကြီးဗျ"

ကြည်ဝင်းလက်ထဲမှ အတင်းရုန်းကန်ရင်း သတိလစ်

မေ့မြောသွားသည်။

လှည်းသည် ရွာထဲသို့ တရကြမ်း မောင်းဝင်လာသည်။ ရွာတံခါးကို ကျော်ဝင်လိုက်သည်နှင့် စိန်ကုလား၏ ခန္ဓာကိုယ်သည် တီကောင်ကို ငရဲမီးပက်လိုက်သလို ဖျတ်ဖျတ်လူးဖြစ်ကာ ရုတ်ခြည်းငြိမ်ကျသွားတော့သည်။

◆ ◆ ◆

ကျေးရွာ၏ ဓလေ့ထုံးစံအရ ရွာတွင်း သေဆုံးသည့် အလောင်းမို့ ငါးရက်ထားရန် မိသားစုများက ဆုံးဖြတ်ကြသည်။

နာရေးကိစ္စမှန်သမျှ လက်ရဲဇက်ရဲ လုပ်ကိုင်ကြသော ကာလသားအချို့က အရက်မူးအောင် သောက်ကြကာ စိန်ကုလား၏ ရင်ကိုခွဲရန် ပြင်ကြသည်။ ရေနံဆီ၊ မီးခြစ်ကျောက် စသည့် မပုပ်မသိုး တာရှည်ခံရန် လက်လှမ်းမီသမျှ ပစ္စည်းများကို ရှာဖွေစုဆောင်းထားကြရသည်။ ရင်ကိုခွဲပြီး ပုပ်သိုးလွယ်သော ဝမ်းတွင်း ကလီစာ အူအသည်းများကိုထုတ်ပြီး ရေနံဆီ၊ မီးခြစ်ကျောက်များ လောင်းထည့်ရန်ဖြစ်သည်။ သို့မှသာ ငါးရက်ထား၍ ရပေမည်။

အရက်မူးယစ်နေသော လူသုံးယောက်သည် ရင်ညွန့်ရိုးမှ ချက်အထိ ဓားထက်ထက်ဖြင့် မျဉ်းတစ်ဖြောင့်တည်း ခွဲချကာ ဗိုက်ကိုဖွင့်လိုက်ကြသည်။ ထက်ခြမ်းပွင့်သွားသော ဝမ်းဗိုက်ကို ငုံ့ကြည့်နေသော သူတို့၏ မျက်ဝန်းများ ရုတ်တရက် ပြူးကျယ်သွားသည်။ ပါးစပ်များဟသွားကြသည်။ ဝမ်းဗိုက်ကို ခွဲသူ၏ မျက်ဝန်းများ အဆမတန် ပြူးထွက်ကာ လက်ထဲမှ ဓားသည်

ယောင်ယမ်းကာ လွှတ်ကျသွားသည်။ ကျွန် နှစ်ယောက်က နောက်သို့ အလန့်တကြား ဆုတ်လိုက်သည်။

အရက်မူးသမားသုံးယောက်သည် စောစောက မှတင် တစ်ဝသောက်မျိုထားသော ယစ်ရွှေရည်၏ အာနိသင်များသည် ရုတ်ခြည်းလွင့်စဉ်သွားတော့၏။ စိန်ကုလား၏ ဝမ်းဗိုက်ထဲမှ အရှင်လတ်လတ် မြွေပွေး တစ်ကောင် ထွက်လာခြင်းလည်း မဟုတ်၊ ခေါင်းနှစ်လုံးနှင့် အစွယ်ပြူးပြူး ဘီလူးကလေး တစ်ကောင် ငုတ်တုတ်ထထိုင်နေခြင်းလည်းမဟုတ်။

သုံးယောက်သောသူတို့၏ မျက်လုံး ခြောက်လုံးသည် စိန်ကုလား၏ ဝမ်းဗိုက်ထဲသို့ တစ်ဖန် ပြုတ်ကျသွားပြန်၏။ ထက်ခြမ်းပွင့်သွားသော စိန်ကုလား ၏ ရင်ဘတ်ထဲတွင် ဘာမှမရှိ။ ဝမ်းတွင်းကလီစာ၊ အူ၊ အသည်း နတ္ထိဖြစ်နေသည့် ဟောင်းလောင်းပေါက် ဝမ်းဗိုက်ကြီးတစ်လုံးသာ။ မော်တော်ကား တာယာကျွတ် အဟောင်းကြီးလို အခေါင်းပေါက်ကြီးသာ ပင်တကား။

♦ ♦ ♦

မင်းဘုန်းသိခ်သူ

တစ္ဆေမျက်ကျွဲ

# တစ္ဆေပြသနာ

တစ္ဆေများနှင့်ပတ်သက်၍ ဟိုးယခင်ကတည်းကပင် အငြင်းပွားဖွယ်ရာများ ရှိခဲ့ပါသည်။ ၎င်းတို့နှင့်ပတ်သက်ပြီး ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီး နှင့် မင်းကွန်းဆရာတော်ဘုရားကြီး တို့၏ အမေး၊ အဖြေ အချိုးကဗျာများကို မှတ်သားဖွယ်ရာ ဖော်ပြလိုက်ရပါသည်။

*ပြောကြလျှင်၊ "လောကတွင်တစ္ဆေရှိသတဲ့"၊ ဆွေ သိရဲ့လား။*
*သိပါချင်၊ ရှိပါလျှင် "တစ္ဆေ" ဆိုတဲ့၊ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို*
*ကျမ်းအုပ်လို့ ကြား။*

ဟူ၍ မန်လည်ဆရာတော်ဘုရားကြီးမှ တစ္ဆေနှင့်ပတ်သက်ပြီး တကယ် ရှိ–မရှိ၊ မည်သို့သောဘုံမှ မည်သို့သော အကောင်မျိုးဖြစ်သည်ကို မေးမြန်းခဲ့ရာ မင်းကွန်းဆရာတော်ဘုရားကြီးမှ

*ပြောကြလျှင် "လောကတွင်တစ္ဆေရှိသည်"ဟု၊ နှံ့သိ ကျော်ကြား။*
*မျိုးထူးထွေ၊ သည်တစ္ဆေရှိသည်ဟုတ်ပါဘူး၊ "ပြိတ္တာကိုတစ္ဆေ*
*ပြောကြတယ်"၊ လောက လူများ။*

ဟုပြန်လည်ဖြေကြားတော်မူခဲ့ပါသည်။ "လောက၌ တစ္ဆေဟူ၍ တကယ်ရှိကြောင်း၊ သို့သော်ယင်းတစ္ဆေမှာ ဂတိငါးပါးမှသီးခြားတစ္ဆေဂတိဟူ၍ သီးသန့်ဂတိတစ်ခု မရှိကြောင်း ဂတိငါးပါးရှိသည့်အနက် ပေတဂတိသို့ လားရောက်ကြရသော ပြေဖုတ်ပြိတ္တာများကို တစ္ဆေဟူ၍ ခေါ်ဝေါ်နေကြခြင်းဖြစ်ကြောင်း" ဖြေကြားတော်မူခဲ့ပါသည်။

တစ္ဆေပျက်ကျုံး



# သရဲတစ္ဆေ မြင်ရတဲ့ လက္ခဏာ

တာတေ

ကျုပ်တို့ရွာတွေမှာက မူလတန်းကျောင်းလောက်ပဲ ရှိတာဗျ။ အလယ်တန်းရောက်ရင် မြို့မှာ သွားနေကြရတာ။ ကျုပ် ရှစ်တန်းကျောင်းသားဘဝတုန်းက မြို့ကျောင်းတက်ရင်း ဒီ လက္ခဏာဆရာကြီးနဲ့ တွေ့ရတာဗျ။

အဲဒီနေ့က ကျုပ်ကို ကျုပ်သူငယ်ချင်း ဘချစ် လာခေါ်လို့ ကျောင်းကို စောစောထွက်လာခဲ့တာ။ ကျုပ်ရေးတဲ့ စာအုပ်တွေမှာ ဘချစ်အကြောင်း မကြာ မကြာ ကျုပ် ထည့်ရေးဖူးပါတယ်။ ဒီကောင်က စကားလွှတ်ထစ်တဲ့ကောင်ဗျ။ ဒါကြောင့် ကျုပ်တို့က ဒီကောင့်ကို ဘချစ်လို့ မခေါ်ဘဲ ဘထစ်လို့ ခေါ်ကြတာဗျ။

ကျုပ်တို့နှစ်ယောက် ကျောင်းသွားတဲ့လမ်းမှာက ကြေးသွန်းဘုရားကြီး ရှိတယ်။ ကျုပ်တို့နှစ်ယောက် ဘုရားကြီးရှေ့ကို ရောက်တော့ ဗောဓိညောင်ပင်ကြီးအောက်မှာ လက္ခဏာဆရာကြီး တစ်ယောက် လက္ခဏာ ဟောနေတာဗျ။

လက္ခဏာဟောခက တစ်ယောက် တစ်ကျပ်လို့ ဆိုင်းဘုတ်ကလေး ထောင်ထားတာဗျ။

"ဘထစ် လက္ခဏာ ဝင်မေးရအောင်ကွာ"

ကျုပ်က ပြောလိုက်တော့ ဘထစ်က ညောင်ပင်အောက်က လက္ခဏာဆရာကြီးကို တစ်ချက်လှမ်း ကြည့်လိုက်တယ်။

"ဟာ ငါ ငါ မ မမေးချင် ချင်ဘူး၊ မင်း မင်း ဖာသာမေး မေးချင် ချင် မေး တာတော"

ကျုပ်လည်း မေးရင်ကောင်းမလားလို့ စဉ်းစားလိုက်တယ်။ ဒါပေမဲ့ ကျုပ်က လွတ်စပ်စုတဲ့ကောင်ဆိုတော့ မေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

"လူကလေးတို့ လက္ခဏာစစ်ဆေးချင်လို့လား"

လက္ခဏာဆရာကြီးက ကျုပ်တို့ကို ကြိုဆိုလိုက်တယ်ဗျ။ ကျုပ်ရော ဘထစ်ပါ သူ့ရှေ့မှာ ခင်းထားတဲ့ ဖျာကြမ်းကလေးပေါ်မှာ ဝင်ပြီးထိုင်လိုက်ကြတယ်။

"ကဲ ဘယ်သူကြည့်မှာတုံး၊ ဒီပေါ်မှာ လက်ဖြန့်လိုက်"

သူ့ရှေ့က ခုံပုကလေးပေါ်မှာ ချထားတဲ့ ခေါင်းအုံးသေးသေးလေးပေါ်မှာ ကျုပ်က လက်တစ်ဖက် ဖြန့်လိုက်တယ်။

"နှစ်ဖက်လုံး ဖြန့်ရတယ်ကွ"

ကျုပ်လည်း လက်နှစ်ဖက်လုံး ဖြန့်လိုက်တာပေါ့ဗျာ။ လက္ခဏာဆရာကြီးက ကျုပ်လက်ကို သေသေချာချာ ကြည့်တယ်။

"အင်း…ကံလမ်း၊ ဉာဏ်လမ်း၊ အသက်လမ်း၊ နှလုံးလမ်း အားလုံးစုံပါပေတယ်။ အားလည်း ကောင်းပါတယ်။ အဖြတ်အတောက်လည်း ကောင်းသားပဲ"

အဲဒီလို စကားချီပြီးတော့ ကျုပ်ကို ဟောတော့တာပေါ့ဗျာ။ သူဟောတာတွေကို ကျုပ် သေသေချာချာ နားစိုက်ထောင်တယ်။ မဆိုးဘူးဗျ။ ကျုပ်ကို သူ ဟောတာ။ အတော်မှန်သားဗျ။

"အင်း အရေးကြီးတာတော့ ပြောရမှာပဲ လူကလေးနို့ မင်းနာမည် ဘယ်လိုခေါ်တုံး"

"တာတေပါ ဆရာကြီး"

"ဟေ တာတေတဲ့လား၊ အင်း အင်း မောင်တာတေမင်းမှာ အတော်လေး ထူးခြားတဲ့ လက္ခဏာတွေ ပါနေတယ်ကွဲ့"

"ဟင် ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်၊ ဟောဒါက ကြာသပတေး ဂြိုဟ်ကွင်းလို့ ခေါ်တယ်၊ တချို့ကတော့ ဆော်လမွန် လက်စွပ်လို့ ခေါ်ကြတာပေါ့ကွာ"

ဆရာကြီးက ကျုပ်ရဲ့ လက်ညှိုးအရင်းက ကွင်းကလေးကို ဝိုင်းဝိုင်းလေးကို ထောက်ပြတယ်။

"အေး…ဟောဒါက ဝိစ္ဆာမယကြက်ခြေလို့ ခေါ်တယ်"

ကျုပ်လက်ဖဝါးထဲက ကြက်ခြေခတ်ကြီးကြီး တစ်ခုကို ထောက်ပြပြန်တယ်ဗျ။

"မြင်လား မောင်တာတေ၊ ဟောဒီနှလုံးလမ်းကြောင်းနဲ့ ဟောဒီဉာဏ်လမ်းကြောင်းကြားက ကြက်ခြေခတ်ကြီးကို ပြောတာကွဲ့"

"ဩော်…ဟုတ်ကဲ့ မြင်ပါတယ် ဆရာကြီး"

"အေ…ဟောဒီကွေးကွေးဝိုက်ဝိုက် လမ်းကြောင်းက ထွင်းဖောက်သိမြင်လမ်းကြောင်းကွဲ့၊ သယမ္ဘူလမ်းကြောင်းလို့ ခေါ်တယ်"

ကျုပ်ရဲ့ လက်ဖဝါးဖောင်းနားက ခပ်ကွေးကွေး လက္ခဏာကို ထောက်ပြပြီး ပြောတယ်ဗျ။

"ဒီမှာကြည့် မောင်တာတေ၊ ဟောဒါက ဉာဏ်လမ်းကြောင်းကွဲ၊ မင်းရဲ့ ဉာဏ်လမ်းကြောင်းက ဟောဒီတနင်္လာဂြိုဟ်ခုံထဲ ဝင်ပြီးမှ အဆုံးသတ်သွားတာ၊ အဲဒီလို ဉာဏ်လမ်းကြောင်းက တနင်္လာဂြိုဟ်ခုံရဲ့ အခြေအထိ ဝင်သွားရင်တော့ ရူးတတ်တယ်ကွဲ့"

"ဗျာ…ဒါဆိုရင် ကျုပ်"

"ဟာ မဟုတ်ဘူးလေ မောင်တာတေရဲ့၊ ဉာဏ်လမ်းကြောင်းက တနင်္လာဂြိုဟ်ခုံရဲ့ အောက်ခြေအထိ မရောက်ပါဘူး

ကွဲ၊ မရှုးပါဘူး၊ ဒီလောက်အထိပဲ ရောက်တာပါ"

လက္ခဏာဆရာကြီးက ကျုပ်ရဲ့ လက္ခဏာတစ်ခုကို ထောက်ပြပြီး ပြောတယ်ဗျ။

"အေး အခု မောင်တာတေကို ကျုပ် ပြောလိုက်တဲ့ ဆော်လမ္ဘန်လက်စွပ်ရယ်၊ ဝိဇ္ဇာမယ ကြက်ခြေရယ်၊ သယမ္ဘူလမ်းကြောင်းရယ်၊ ကွေးဝိုက်ပြီးရှည်တဲ့ တနင်္လာဂြိုဟ်ခုံကို အရောက်ဆင်းတဲ့ ဉာဏ်လမ်းကြောင်းရယ် အဲဒီလေးချက်လုံး စုံနေတဲ့ လက္ခဏာရှင်ဟာ သာမန်လူတွေနဲ့ မတူတဲ့ ထူးခြားမှုတွေ မလွဲဧကန် ဖြစ်လိမ့်မယ်ကွဲ့"

"ဗျာ…ဘယ်လိုထူးခြားမှုမျိုးလည်း ဆရာကြီးရဲ့"

"မောင်တာတေဟာ သူ့ရဲ့ တစ္ဆေတွေကို မြင်ရလိမ့်မယ်"

"ဗျာ…ဟာ ကျုပ် မမြင်ပါဘူးဗျာ"


"အခု မမြင်သေးပေမဲ့ တစ်နေ့မှာ မြင်ရမယ့် အကြောင်းတွေ ပေါ်ပေါက်လာလိမ့်မယ်ကွဲ့၊ ကျုပ်ပြောတာကိုသာ မှတ်ထားပါ၊ မောင်တာတေ"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာကြီး"

ဒီတုန်းကတော့ အဲဒီဆရာကြီး ဟောတာကို ကျုပ် သိပ်မယုံဘူးဗျ။ ဒါ ကျုပ် အမှန်အတိုင်း ပြောတာပါ။ ဒါပေမဲ့ ဆရာနွံဖနဲ့ တွေ့ပြီးတော့ 'မျက်ကွင်းဆေး' ရတဲ့အခါကျတော့မှ ဒီဆရာကြီး ဟောတာတွေ ဒက်ထိမှန်တယ်ဆိုတာ ကျုပ် သိရ

တော့တာပေါ့ဗျာ။

ကျုပ် 'မျက်ကွင်းဆေး' စပြီးရခဲ့တဲ့အကြောင်းကို ကျုပ် ပထမဆုံးရေးတဲ့ **'ကိုယ်တွေ့ မဖဲဝါ'** မှာ ရေးခဲ့ပြီးပြီလေဗျာ။ ခင်ဗျားလည်း ဖတ်ဖူးရောပေါ့။ ကျုပ် အခုပြောတဲ့ လက္ခဏာကို ခင်ဗျားလည်း သိချင်မယ်ထင်လို့ လက်ပုံစံလေး ထည့်ပေးလိုက် တယ်ဗျို့။



ခင်ဗျားမှာရော အဲဒီလမ်းကြောင်းတွေအားလုံး ပါနေပြီ လား။ ပါနေရင်တော့ ခင်ဗျားလည်း တစ်နေ့နေ့မှာ သရဲ တစ္ဆေမြင်တဲ့သူ သေချာပေါက် ဖြစ်နေပြီပေါ့ဗျာ။

♦ ♦ ♦

တာတေ



# ကျိန်စာတိုက်ထားသည့် အရုပ်ကလေး

ကျော်မြင့်အေး

၁၈၉၆-ခုနှစ်တွင် အော်တိုဟုခေါ်သော မိသားစုတစ်စုသည် ဖလော်ရီဒါပြည်နယ် ကီးဝက်(စ်)မြို့အနီး အိမ်တစ်အိမ်တွင် နေထိုင်ကြ၏။ သူတို့သည် ဥယျာဉ်ခြံတစ်ခြံကို ပိုင်ဆိုင်ပြီး သူတို့အတွက် အလုပ်လုပ်ပေးသော အစေခံအလုပ်သမားများစွာ ရှိလေ၏။ ထိုအစေခံများကို သူတို့က ရက်စက်စွာ ပြုမူဆက်ဆံကြသည်။ အစေခံမိန်းကလေးတစ်ယောက်က သူတို့၏ ဂျင်းကို

အရုပ်ကလေးတစ်ရုပ် လက်ဆောင်ပေးသည်။ ထိုအစေခံ မိန်းကလေးမှာ ဗူဒူးအတတ်(အာဖရိက တိုင်းရင်းသားတို့၏ လောကီအတတ်)ကို တတ်မြောက်နေမှန်း အော်တိုမိသားစု မသိကြပါ။

ဂျင်း၏ နာမည်အပြည့်အစုံမှာ ရောဘတ်ယူဂျင်းအော်တိုဖြစ်သည်။ သူ၏မိဘများက သူ့ကို 'ဂျင်း' ဟုသာ အမြဲတမ်းခေါ်ကြသည်။ ထို့ကြောင့် ဂျင်းက ထိုအရုပ်ကလေးကို သူ၏ အမည်ရင်း ရောဘတ်ဟု မှည့်ခေါ်လိုက်သည်။

အော်တိုအိမ်ထောင်စုတွင် ထူးထူးဆန်းဆန်း အခြင်းအရာများ စတင်ဖြစ်ပေါ်လာ၏။ မိသားစု အပြင်သွားချိန်တွင် အရုပ်ကလေး ရောဘတ်မှာ ပြတင်းပေါက်တစ်ခုကနေ တစ်ခုသို့ ရွေ့လျားသွားလာနေသည်ကို မြင်တွေ့ကြရသည်ဟု အိမ်နီးချင်းများစွာက ပြောကြသည်။ ဂျင်းက အရုပ်ကလေးကို မြတ်နိုးသည်။ အရုပ်ကလေးနှင့် မကြာခဏဆိုသလို စကားပြောဆို၏။ ထိုအကြောင်းကိုလည်း အိမ်နီးချင်းများက တစ်ယောက်တစ်ပေါက်ပြောဆိုကြသည်။ မကြာခင်မှာပင် အရုပ်ကလေးက စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမူလာသည်။ ထိတ်လန့်တုန်လှုပ်လာသောဂျင်းမှာ အရုပ်ကလေး၏ အပြုအမူများသည် သူနှင့် မသက်ဆိုင်ကြောင်း ထုတ်ဖော်ပြောဆိုလာသည်။ ဂျင်းတို့၏ အိမ်အခန်းများမှာပစ္စည်းပစ္စယများ ရှုပ်ပွပြန့်ကျဲကာ ပန်းအိုးများလည်း မကြာခဏကျကွဲလေ၏။ ဂျင်းက သူ၏ အရုပ်ကလေးကြောင့် ဤကဲ့သို့ဖြစ်ရကြောင်း ကြောက်ကြောက်ဖြင့် ပြောဆိုသော်လည်း လူကြီး

များက ဂျင်းကိုသာ အပြစ်တင်ကြသည်။

ဂျင်းသည် ညဘက်တွင် အိပ်မက်ဆိုးများ မက်တတ်လာပြီး ယောင်ရမ်းအော်ဟစ်လေသည်။ သူ့မိဘများ အခန်းထဲသို့ ဝင်လာချိန်တွင် ဇော်ထိုးမိုးမျှော် ဖြစ်နေသော အိမ်ထောင်ပရိဘောဂ ပစ္စည်းများ၊ ကြောက်လန့်တုန်လှုပ်နေသော သူတို့၏ သားငယ်နှင့် ခုတင်အောက်တွင် ရောက်နေသော ရောဘတ်က သူတို့ကို စိမ်းစိမ်းဝါးဝါး ကြည့်နေတာကိုသာ တွေ့လိုက်ရသည်။ နောက်ဆုံးတွင် အရုပ်ကလေးကို အိမ်အမိုးအောက် ထပ်ခိုးတွင် သွားထားလိုက်၏။ ထိုနေရာတွင် သူ့ကို နှစ်ပေါင်းများစွာ သိမ်းထားခဲ့သည်။

သို့သော် အရုပ်ကလေးရောဘတ်တွင် အခြား အကြံအစည်များ ရှိနေသေး၏။ အိမ်သို့ ဝင်လာသော ဧည့်သည်များမှာ တစ်စုံတစ်ခုက အမိုးထပ်ခိုးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြီး ထူးထူးဆန်းဆန်း တခစ်ခစ် ရယ်သံပြုနေသည်ကို ကြားလိုက်ရခြင်းဖြစ်သည်။ ဧည့်သည်များမှာ အော်တိုမိသားစုအိမ်သို့ အလည်လာချင်စိတ် မရှိကြတော့ပါ။

ရောဘတ်ယူဂျင်းအော်တို၏ မိဘများ ကွယ်လွန်သွားသောအခါ ထိုအိမ်ကို သားဖြစ်သူ ယူဂျင်းအော်တိုက ဆက်ခံခဲ့၏။ ထို့နောက် ၁၉၇၂ ခုနှစ်တွင် ယူဂျင်းအော်တို ကွယ်လွန်သွားခဲ့သည်။ ယူဂျင်းအော်တို ကွယ်လွန်ပြီးနောက် ထိုအိမ်ကို မိသားစုတစ်စုက ဝယ်ယူခဲ့သည်။ အရုပ်ကလေး ရောဘတ်ဇာတ်လမ်းသည်လည်း ခေတ္တခဏ ပျောက်ကွယ်သွားခဲ့သည်။ သို့သော်

အရုပ်ကလေးမှာ ထပ်ခိုးတွင် သူ့ကို နောက်တစ်ကြိမ် ရှာတွေ့စေရန် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့သည်။ ပိုင်ရှင်အသစ်တို့၏ ဆယ်နှစ်အရွယ် သမီးငယ်မှာ ထိုထပ်ခိုးတွင် ရောဘတ်ကို ခဏတွင်းချင်းပင် ရှာတွေ့ခဲ့သည်။ ထို့နောက် မကြာခင်မှာပင် ရောဘတ်သည် သူ၏ စိတ်မချမ်းမြေ့မှုကို ကလေးအပေါ် ပုံချခဲ့သည်။ ကောင်မလေးက အရုပ်သည် သက်ရှိတစ်ကောင်လို ပြုမူပြီး သူမကို သတ်ချင်နေကြောင်း ပြောဆိုသည်။ နောက်ဆုံးတွင် အဖြူရောင် သဘော်သားဝတ်စုံကို ဝတ်ဆင်၍ ရုပ်လုံး သွင်းထားသော ခြင်္သေ့ကို ဆုပ်ကိုင်ထားသည့် အရုပ်ကလေး ရောဘတ်ကို ကီးဝက်(စ်)မာတယ်လို ပြတိုက်သို့ ပို့လိုက်လေတော့သည်။ အရုပ်ကလေးမှာ ယနေ့ထက်ထိတိုင် ထိုပြတိုက်တွင် နေပါသေးသည်။ အရုပ်ကလေးနှင့် ပတ်သက်၍ ထူးဆန်းအံ့ဖွယ်ရာတစ်ခုမှာ သူ့ကို ဓာတ်ပုံရိုက်ချင်ပါက ခွင့်တောင်းရခြင်းဖြစ်သည်။ အကယ်၍ ဓာတ်ပုံရိုက်သူက ခွင့်မတောင်းလျှင် အရုပ်ကလေး၏ ကျိန်စာက ထိုသူ့နောက် လိုက်လာသည်ဟုဆိုသည်။ ထို့ကြောင့်လည်း ထိုအရုပ်ကလေးထားရာ အနီးတွင် ဓာတ်ပုံရိုက်လိုသူများအတွက် သတိပေးစာ ကပ်ထားသည်ကို ယနေ့ထက်ထိတိုင် တွေ့မြင်နေရပါတော့သည်။

◆ ◆ ◆

**ကျော်မြင့်အေး**

Haunted Doll Curses Those Who Take His Picture Without Permission



တစ္ဆေမျက်ကွင်း

# ထူးခြားဆန်းပြား ပယောဂ လက္ခဏာများ

ဝသုန်ဟိန်းထက်

သူတထူးကို မိမိပညာအစွမ်းတစ်ခုခုဖြင့် နှိပ်စက်ဇာတ်သောသဘော၊ မင်္ဂလာမဟုတ်သောဆန္ဒ အကြံအစည်တို့ဖြင့် တစ်ပါးသူ အနှောင့်အယှက်ဖြစ်အောင်၊ ဒုက္ခရောက်အောင် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းများကို 'ပယောဂ' ဟု အလွယ်မှတ်ယူနိုင်သည်။

ဤနေရာတွင် 'ပညာရပ်' ဟူသော ခေါင်းစဉ်အောက်ရှိ အကြောင်းရာများကို လေ့လာကြည့်သော် ရှင်ဥဂ္ဂနာရီအတတ်၌ စတုမဟာရာဇ် အောက်နတ်အချို့ကိုလည်းကောင်း၊ နဂါး၊ ဂန္ဓဗ၊

ဘီလူးယက္ခတို့ကိုလည်းကောင်း၊ ဖုတ်၊ ပြိတ္တာ၊ စုန်း၊ ကဝေ၊ တစ္ဆေတို့ကိုသော်လည်းကောင်း၊ သုံးဆယ့်ခုနစ်ပါးသော နတ်တို့ အကူအညီကို တအီအသုံးချ၍လည်းကောင်း နည်းအမျိုးမျိုးဖြင့် ရယူစေခိုင်း အသုံးချ၍ ပယောဂ ဟူသော အမှုကို ပြုလုပ်တတ်ကြသည်ကို တွေ့ရပေလိမ့်မည်။

သုံးဆယ့်တစ်ဘုံသား သတ္တလောကသား အားလုံး၌ အားနည်းချက် ကိုယ်စီရှိတတ်ကြပေရာ ထိုအားနည်းချက်ကို အပိုင်ကိုင် အသုံးချ၍ ညွှန်ကြားစေခိုင်းခြင်းကို ယုတ်ညံ့သော အောက်လမ်းဆရာတို့ ပြုကြကုန်၏။

လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က စာရေးသူ ကိုယ်တိုင် အကြောင်းတစ်ခုကြောင့် အောက်လမ်းဆရာနှင့် နတ်ကတော် နှစ်ယောက်ပေါင်း၍ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခြင်းကို ကိုယ်တွေ့ခံခဲ့ရဖူးပါသည်။

၄င်းတို့သည် အိမ်တွင်းအုန်းပတ်လည်၌ ဖယောင်းတိုင်မီးများ ဝိုင်းပတ်ထွန်း၏။ စကားဝါပန်းများ လှိုင်အောင်ကပ်၏။ စဉ်းစားကြည့်ပါ။ အိမ်တွင်းအုန်းဟူသည် မီးမထွန်းရ၊ စကားဝါပန်း မကပ်ရ။ ၄င်း၏ အားနည်းချက်ကိုသုံး၍ ယုတ်မာသောနည်းကြောင့် နတ်လည်း အလူးအလဲဖြစ်နေချိန်မှာ အပေးအယူသဘောဖြင့် နတ်ကိုခိုင်းသည်။

နတ်မှာလည်း 'မချစ်သော်လည်း အောင့်ကာနမ်း' ဆိုသလိုပင်။ သူခိုင်းသမျှ လုပ်ရပြီ။ စိတ်ထဲမှာတော့ မကျေနပ်၊

တေးထား၏။ အောက်လမ်းဆရာတွေကလည်း မသိမဟုတ်၊ သိပါသည်။ သို့သော် နိုင်လျှင် စားမည်၊ ရှုံးရင် ခံမည်ဟု ရဲရဲကြီး မိုက်တွင်းနက်နေသော တစ်ဘဝစံများပင်တည်း။

ထိုသို့ပင်လျှင် အားနည်းချက်အညှာကို ကိုင်တတ်ကြပေသည်။ တိုက်ခိုက်တတ်ကြပေသည်။ ထို့ကြောင့် ၎င်းတို့ရန်မှ ကာကွယ်ရန် အခြေခံမှုတော့ လူတိုင်းသိထားသင့်သည်။ 'အနာသိလျှင် ဆေးရှိသည်' ဆိုသည့်အတိုင်း အနာဇစ်မြစ်ကို မှန်ကန်စွာ သိရန်မှာမူကား အထက်လမ်းဆရာများ၏ တာဝန်ပင်တည်း။

ခုနစ်ရက်သားသမီးတို့ကို ကယ်တင်ပါမည်ဆိုသော အထက်ဆရာများသည် ခုတ်ရာတခြား၊ ရှရာတခြား မဖြစ်အောင် ပယောဂ ခံနေရသူသည် မည်သို့သော ပယောဂကို ခံနေရသနည်း။ မည်သူ့လက်ချက်နည်း။ စုန်းလား၊ နတ်လား၊ ဆယ့်နှစ်ကြိုးလား၊ လမိုင်းလား၊ သိုက်စွဲလား၊ ရိုးရာလား၊ တစ္ဆေမြေဘုတ်လား စသဖြင့် ခွဲခြားနိုင်ရန်လည်း အရေးကြီးပါသည်။

ထို့ကြောင့်လည်း လူနာရှင်၏ ပယောဂလက္ခဏာကို ဤနေရာတွင် အခြေခံမှု တင်ပြလိုပါသည်။ အမြဲကြုံတွေ့နေရသည် မဟုတ်သော်ငြား တစ်ခါတစ်ရံ ကြုံရခိုက်၌ မျက်ဖြူမဆိုက်ရန် လိုပေသည်။

တစ်နည်းဆိုရသော် ရှေးဦးသူနာပြုနည်းနှင်တည်း။ ဒဏ်ရာရ လူနာကို ဆေးရုံမပို့နိုင်မီစပ်ကြား သွေးထွက်မလွန်အောင်၊ ရောဂါပိုမဆိုးသွားအောင် ဦးစွာ ပြုစုကုသပေးမှသာ ကယ်ဆယ်

ရာ ရောက်ပေလိမ့်မည်။

ထိုအတွက် 'ပယောဂလက္ခဏာ သဘောသဘာဝများ' ကို အောက်ပါအတိုင်း အကြမ်းဖျင်း သတ်မှတ်ထားပါသည်။

**(၁) ခပ်ဆေးမိသောအခါ**

ဝေဒနာရှင်သည် အိပ်ရာထပြီးကာစ နံနက်ပိုင်း၌ တွေဝေငေးမှိုင်နေတတ်၏။ တက်ကြွသာယာမှုမရှိ။ အစားအသောက်လည်း အရင်လိုမစား။ စားချင်စိတ်လည်းမရှိ ဖြစ်နေတတ်သည်။ စကားလည်း ပြောလိုဟန်မရှိ။ စိတ်မရှည်မှု၊ သည်းမခံမှုမျိုး တွေ့ရ၏။ ညနေ နေဝင်ရီတရော၌ ဝမ်းနည်းလာတတ်သည်။ တစ်ခါတစ်ရံ ငိုညည်းနေတတ်၏။

**(၂) အခါမိသောအခါ**

ဝေဒနာရှင်သည် နံနက်ပိုင်း၌ အော့အန်ခြင်းများ၊ မအီမသာဖြစ်ခြင်းများ ပြုတတ်သည်။ ရေအမြဲဆာနေပြီး ရေ ခဏခဏ သောက်ချင်တတ်၏။ ညဘက်တွင် တစ်ကိုယ်လုံး ချွေးစေးများ ထွက်ကာ ရင်ဘတ်၊ ဝမ်းဗိုက်နှင့် ကျောကုန်းအောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ မျက်စိပြာဝေ မှုးနောက်ခြင်းများ ဖြစ်တတ်၏။

**(၃) ဘူးသွင်းခံရသောအခါ**

တစ်နေကုန် အော့အန်ခြင်းဖြစ်၏။ အလိုလိုနေရင်း ကြောက်ရွံ့ထိတ်လန့်နေတတ်ပြီး အားငယ်နေတတ်၏။ ငိုလည်း ငိုနေတတ်၏။ သူတစ်ပါးမျက်နှာ ရဲရဲမကြည့်ရဲ။ လူတွေနှင့် တွေ့လိုစိတ် လျော့ပါးနေတတ်၏။

**(၄) စုန်း နတ် အဖမ်းစားခံရသောအခါ**

နံနက်ပိုင်း၌ ကြည့်လင် လန်းဆန်းနေသလောက် နေမြင့်လာလေ စိတ်နှောက်ကျိုမှုဖြစ်လေ ဖြစ်တတ်သည်။ အလိုမကျမှု၊ ဒေါသကြီးမှုများ များလာသည်။ ညဘက်တွင် ခြေလက်တို့ အကြောဆွဲသလို ကုပ်ခြင်း၊ ရုန်းခြင်း၊ လူးလိမ့်ခြင်း၊ တက်ခြင်း၊ ကျဉ်ခြင်းတို့ ဖြစ်တတ်၏။

**(၅) ကာဝေ ဖမ်းစားသောအခါ**

ဆရာနှင့်တွေ့က ပူးခြင်း၊ ကပ်ခြင်း၊ ငိုခြင်း၊ ရယ်ခြင်း စသော အရူးတစ်ယောက်ပမာ ပြုမူတတ်၏။ ထို့ပြင် ဆရာကို မခန့်လေးစား ရိုင်းပျမှုများ ပြုတတ်၏။

**(၆) ဇော်ဂနီ ဖမ်းစားသောအခါ**

နေ့ညမပြတ် ပူးကပ်ခြင်းများ၊ တောင်စဉ်ရေမရ အရူးတစ်ယောက်ပမာ စကားများပြောဆိုခြင်း၊ ညည်းတွားနေခြင်းများ ပြုတတ်၏။

**(၇) ဆယ့်နှစ်ကြိုး ဖမ်းစားသောအခါ**

ဝေဒနာရှင်သည် နေ့စဉ် အော်ခြင်း၊ စကား ကြမ်းကြမ်း ပြောခြင်း၊ ယုတ်ညံ့သော အပြုမူများ ပြုတတ်ခြင်း၊ အစားအသောက် မဝင်ခြင်း၊ တဖျတ်ဖျတ် လူးလိမ့်နေတတ်ခြင်းများ ပြုတတ်သည်။

**(၈) သုံးဆယ့်ခုနစ်မင်း ကိုင်သောအခါ**

အသားအမြဲ ပူနေတတ်ပြီး အသားအညိုရောင် ရှိလာ

ခြင်း၊ အစားအသောက် မဝင်ခြင်း၊ စားသမျှ ပြန်ထွက်တတ်ခြင်း၊ မျက်လုံးနီ၍ ဒေါသကြီးလာခြင်း၊ စကားမာမာ၊ စကားကြမ်းကြမ်း ပြောဆိုခြင်းတို့ ပြတတ်သည်။

**(၉) တစ္ဆေသရဲ ဖမ်းစားသောအခါ**

ငိုခြင်း၊ ရယ်ခြင်း၊ ပူးကပ်ခြင်း၊ အစာတောင်းခြင်းများ အဓိကပြုမူတတ်၏။

**(၁၀) မှင်စာဖမ်းစားသောအခါ**

ခြေဖဝါးနှစ်ဖက် လွန်စွာယားယံတတ်၏။ ဝမ်းဗိုက်နာခြင်း ဖြစ်၏။ လူကို မကြည့်ရဲခြင်းများ ပြတတ်၏။

**(၁၁) သူယောင်ဖမ်းစားသောအခါ**

အဝတ်အစားအသစ်များသာ ဝတ်လိုခြင်း၊ ဘဝင်မြင့်စကားများပြောတတ်ခြင်း၊ ဟိတ်ကြီး ဟန်ကြီး ထုတ်တတ်ခြင်း၊ အမြဲပူး၍ ဆေးကုသလို လုပ်ခြင်းများ ပြတတ်သည်။

**(၁၂) ဥစ္စာစောင့် ဖမ်းစားသောအခါ**

အမြဲပူး၍ မူယာမာယာ များတတ်သည်။ အလှအပ ပိုကြိုက်၍ အမြဲအလှပြင်နေတတ်၏။ သီးသန့်နေလိုစိတ်လည်း များကာ ခွဲခြားနေတတ်သည်။

**(၁၃) အောက်လမ်းမိသောအခါ**

အပြုမူ အနေထိုင် အပြောဆိုတို့ ရိုင်းစိုင်း ယုတ်မာခြင်း၊ ညစ်တီးညစ်ပတ် အမူအရာ မကြားဝံ့သော စကားများပြောခြင်း၊ ဆဲဆိုခြင်း၊ မဖွယ်မရာ အပြုအမူများ လုပ်ပြခြင်းတို့ ပြတတ်၏။

**(၁၄) အတိုက်ခံရသောအခါ**

အတူနေသူများပါ တစ်ယောက်ပြီးတစ်ယောက် နာဖျားကြခြင်း၊ မူးဝေအော့အန်ခြင်း၊ မှိန်း၍သာ မလှုပ်မယှက်နေလိုခြင်းများ ဖြစ်တတ်သည်။

**(၁၅) ရုက္ခစိုးအကိုင်ခံရသောအခါ**

ကတုန်ကရီဖြစ်ခြင်း၊ နှစ်ယောက်ဖက်၍ ချီမသည့်တိုင် မနိုင်အောင် လေးလံနေတတ်ခြင်း၊ အပေါ့ အလေးကိစ္စ မနိုင်ခြင်း၊ တအီအီနှင့် ငိုခြင်းများ ရှိတတ်၏။

**ငင်းပယောဂ ၁၅ ချက်စလုံးကို နိုင်သော အင်းတော်ကြီး**

| | | | | | | |
|---|---|---|---|---|---|---|
| သိ | ခ | ဍ | လ | အ | ဃ | ဏ |
| ဋ္ဌ | ဗ | ဒ္ဓံ | ဂ | ဎ | မော | အာ |
| က | ယျ | ရ | နံ | ဝ | တ | ဓ |
| ဘ | ဋ္ဌ | ဖ | (နုံ) | ဇု | ဣ | သ |
| ပ | ဩ | ဋ္ဌာ | ယ | အ | စ | ထ |
| ည | မ | ဦ | ဓ | ဓ | ဟ | ဤ |
| ဖ | နံ | ဈ | ဋ | ဠ | ဒ | ဆ |

**အင်းဆံ** ။ ။ (နမောဗုဒ္ဓါယျသိဒ္ဓိ အ အာ ဣ ဤ ဥ ဦ ဧ ဩ
က ခ ဂ ဃ င စ ဆ ဇ ဈ ည ဋ ဌ ဍ ဎ ဏ တ ထ ဒ
ဓ န ပ ဖ ဗ ဘ မ ယ ရ လ ဝ သ ဟ ဠ အ)

အက္ခရာ ၃၃ လုံးနှင့် ပေါင်းစပ်ထားပြီး မြင်း သွားချရန် ဖြစ်သည်။

အင်း၏ စည်းမျဉ်းစည်းကမ်းများမှာ များပြား နက်ရှိုင်းလှ၍ အခြေခံမရှိသူများ ရေးဆွဲခြင်း မပြုသင့်ပါ။ ဆွဲသားရာတွင် လည်း နက္ခတ်အချိန်အခါမိသောနေ့တွင်သာ ဆွဲရမည်။

ဤအင်းတော်ကြီး၏ အကျိုးကား ပယောဂ တစ်ခုတည်း မဟုတ်ပါ။

မှိုင်းခံတွင်ချ၍ မိမိမွေးနေ့၊ မွေးလ၊ ရက် ကောင်းရက်မြတ်၊ နက္ခတ်မိသောအခါကစ ချသောက်။ တစ်နေ့ ၃ အင်းနှုန်းဖြင့်…

*တစ်လသောက်သော် စုန်း၊ နတ်၊ ဇော်ဂနီ၊ ကဝေ၊ မြေဘုတ်၊ သဘက် အမှောင့်ပယောဂတို့ကို နိုင်၏။ မကပ်ရောက်နိုင်။ စေခိုင်းနိုင်၏။ မိမိအပေါ် အလေးမြတ်ပြုကြရကုန်၏။*

*နှစ်လသောက်သော် အကြားအမြင်ရ၏။*

*သုံးလသောက်သော် မနောမယသိဒ္ဓိ ပိုင်၏။*

*ငါးလသောက်သော် စိန္တမယသိဒ္ဓိပိုင်၏။*

*၁၈ လသောက်သော် ဥဒက၊ တေဇော၊ ဝါယောတို့ကို ပိုင်၏။*

*၂၇ လသောက်သော် (စရဏအားရှိသူဖြစ်က) သိဒ္ဓိဆယ်ပါးစလုံး ပိုင်၏။*

အဓိဋ္ဌာန်ဝင်စဉ်အတွင်း ရှောင်ရန်၊ ဆောင်ရန် ပရိကံများအပြင် ဘုရားဂုဏ်တော် ကိုးပါးကို တစ်ရှုရှစ်လုံးပုတီး ၄၅၀ ပတ် ရအောင် ပုတီးစိပ်ရမည်။ ဣဒ္ဓိတံသိဒ္ဓိ ဖြစ်မည်။

ဤသို့လျှင် အကျိုးများ၊ အကျိုးထူးသော အင်းတော်ကြီးနှင့် ပယောဂ၏ သဘောသဘာဝတို့ကို ဗဟုသုတအလို့ငှာ ဖော်ထုတ်တင်ပြအပ်ပါသည်။

◆ ◆ ◆

ဝသုန်ဟိန်းထက်

## တာရေွှမျက်လုံးမှာ ဆုံကြမယ်ဗျို့

ကျုပ်ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ ထူးထူးခြားခြား အတွေ့အကြုံမှတ်တမ်းတွေကို ခင်ဗျားတို့ကို ပြောပြချင်သလို .....

ခင်ဗျားတို့ဘဝမှာ တွေ့ကြုံခဲ့ရတဲ့ ထူးခြားဆန်းကြယ်လှတဲ့ အကြောင်းအရာတွေကိုလည်း ကျုပ် သိချင်တယ်ဗျ .....


ဒီတော့ ဒီလိုလုပ်ဗျာ .....

တာရေွှမျက်လုံးကို ခင်ဗျားတို့ရဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းတွေကို စာရေးပြီး ပို့လိုက်ပေတော့ဗျာ .....

အခြားသူတွေလည်း ဖတ်ရတာပေါ့ဗျာ ......

တာတေ

ကိုယ်တွေ့ တစ္ဆေ



# တက္ကစီသမားနဲ့ တစ္ဆေခြောက်ခံရတဲ့ည

မင်းအိမ်ခန့်

ကျွန်တော့်နာမည်လား၊ တင်အောင်စိုး ဆရာ။ တက္ကစီဆွဲစားနေတာ တစ်နှစ်လောက် ရှိပြီပေါ့။ ကျွန်တော့်ဂိတ်က မြောက် ဒဂုံ မိုလ်ဗတူးဈေးဂိတ်ပါ။

သုံးဆယ့်တစ်ဘုံဆိုတာ ဘယ်မယုံရှိပါ့မလဲ။ ကျွန်တော်က ဗုဒ္ဓဘာသာကိုး။ အဲ…ဒါပေမဲ့ အမှန်အတိုင်းပြောရရင် တစ္ဆေသရဲတို့ ဥစ္စာစောင့်တို့ဆိုတာ ကျွန်တော် ယေ်စဉ်တည်းက ကြားဖူးတာ၊ လက်တွေ့ ဘယ်မြင်ဖူးမှာလဲ။ လူတွေ ပြောနေကြတာတော့

ကံနှိမ့်မှ မြင်ရတယ် ဆိုတာကိုး။ အင်းလေ ဆရာ စိတ်ဝင်စား တယ်ဆိုရင်တော့ ပြောပြပါမယ်။ အတော်ပဲပေါ့။ ဒီလို ဆရာရဲ့။

ပထမတစ်ကြိမ် ကြုံတုန်းက မြောက်ဒဂုံက မဟာမြိုင် တိုက်ခန်းတွေ တွေ့တယ်မို့လား။ အဲဒီတိုက်ခန်းတွေအကျော် သဲပုံဆိပ်နားမှာ တွေ့ရတာ။ တစ်နှစ်လောက်တော့ ရှိနေပြီ။

အဲဒီတုန်းက မိုးတွင်းကြီး။ ကျွန်တော်ကလည်း အဲဒီည က နည်းနည်းမူးနေတာ ဆရာရဲ့။ အချိန်က ညဆယ့်နှစ်နာရီ လောက်ရှိပြီ။ မဟာမြိုင်ထိပ်ကို လူပို့ပြီး မြောက်ဥက္ကလာပ အဝိုင်း ဘက် ထွက်မလို့ ပြန်လာတာ။

အဲဒီမဟာမြိုင်တိုက်ခန်းတွေ ကျော်လာပြီး မြက်ရိုင်းတွေ ခြုံတွေနဲ့ ဘောလုံးကွင်းလေး အလွန်လည်းရောက်ရော တဖွဲဖွဲ ရွာနေတဲ့ မိုးရေအောက် ဖိနပ်မပါ၊ ထီးမပါနဲ့ အသက်တစ်ဆယ့် ရှစ်နှစ်လောက်ရှိတဲ့ ကောင်မလေးတစ်ယောက်က ငမိုးရိပ်ချောင်း ဘက် သဲကွင်းဘက်ကနေ ကျွန်တော့်ကားရှေ့ကို ဖျတ်ခနဲ ဖြတ် ကူးတယ်။

ရုတ်တရက်ဆိုတော့ ကျွန်တော် ဘရိတ်အုပ်လိုက်မိတာ ပေါ့။ ညလည်း ညကြီး၊ အချိန်ကလည်း အချိန်မတော်ဆိုတော့ အမှတ်တမဲ့ ကျွန်တော့်စိတ်ထဲ အိမ်ကနေ ထွက်ပြေးလာတဲ့ အိမ်ပြေးကလေးလို့ ထင်လိုက်မိတာ။ အံ့မယ် သူက ကားကို မကြည့်ဘဲ ကားလမ်းကို သူ့အိမ်သူ့ယာလို အေးအေးဆေးဆေး ဖြတ်ကူးတာ ဆရာ။ မီးရောင်အောက်မှာ လေးငါးပေပဲကွာပြီး

ထင်းထင်းကြီး။ ကောင်မလေးက ဖိနပ်လည်း မပါဘူး။ သရက်ထည်အင်္ကျီ နွမ်းဖတ်ဖတ်လေးနဲ့ တစ်ကိုယ်လုံး မိုးရေစွဲနေလို့ တုန်ခိုက်နေတဲ့ပုံ။ အဲဒီအချိန် ကားထဲမှာ ရုတ်တရက် ကျွန်တော် ကြက်သီးတွေ စိမ့်ခနဲ တဖြန်းဖြန်းထသွားတာ။ သူက အေးဆေးပဲ။

လမ်းဒီဘက်ရောက်မှ ဖျတ်ခနဲ ကျွန်တော့်ကိုကြည့်ပြီး ပြုံးပြတယ်။ အဲဒီကောင်မလေး ပြုံးပြပြီး ကျောခိုင်းလှည့်လျှောက်သွားတော့ သူ့ခေါင်းက ဆံပင်တွေကလည်း သွေးတွေစီးကျလို့ နောက်ဦးဆက်ကြီးကလည်း ပွင့်နေတာ အတိုင်းသားကြီး ဆရာ။ စဉ်းစားသာကြည့်တော့။ နောက်မှ သိရတာက အဲဒီနားမှာ ကားအက်ဆီးဒင့်နဲ့ ကားတိုက်ပြီး သေသွားတဲ့ ကောင်မလေးတဲ့။ မကျွတ်မလွတ်ဘဲ လာသမျှလူကို ခြောက်နေတာ လေးငါးဦး မကတော့ဘူးတဲ့။ အဲဒါ ပထမဆုံး သရဲအခြောက်ခံရတာပဲ။

ဒုတိယအခြောက်ခံရတာက မနေ့တစ်နေ့ကမှ ဆရာ။ ပြောရရင် လွန်ခဲ့တဲ့ တစ်လကျော်က ပူပူနွေးနွေးကြီး။

အဲဒီငတိမက ကျွန်တော့်ကားကို တားဆီးတာ။ သူစီးတဲ့နေရာက စွယ်တော်ကုန်းထိပ်အလွန်လေးကနေ ဒဂုံမြောက်ပိုင်း ဝင်ကြွေးတော်ပြေဘုရားရှေ့နား ပို့ခိုင်းတာ။ လှတာတော့ ဆံပင်ရှည်ကြီးနဲ့ အတော်လှတာ ဆရာ။ အချိန်က ည ၁ နာရီလောက်ရှိနေပြီ။ အဖော်လည်းမပါ၊ ဘာမပါနဲ့။ ညကားသမားတွေက အဲလို တစ်ခါတစ်ခါ အလန်းဇယားလိုလို အဆန်းအပြားလိုလိုတွေနဲ့လည်း ကြုံရတတ်တယ်။ သူ ကားထဲရောက်တာနဲ့

တစ်ကားလုံး မွှေးကြိုင်သွားတာပဲ ဆရာရေ။ တိုတိုပြောရရင် ကားနောက်ခန်းမှာ ဘာစကားမှ မပြောဘဲ လိုက်လာတာ။ အဲဒီ သူပို့နိုင်းတဲ့ ဂန္ဓာရုံလမ်းထိပ်နားလည်း ရောက်ရော ကားရပ်ခိုင်း တယ်။ ကျွန်တော့်ကိုလည်း ကားခ တစ်ထောင်တန် သုံးရွက်ပေး ပြီး ဖျတ်ခနဲ ဆင်းသွားတာပဲ။ ကျွန်တော်ကလည်း မျက်စိအငြိမ် မနေနိုင်တော့ ညကြီးမင်းကြီး ထူးဆန်းလှချည်လားဆိုပြီး ကား ဘီးအလိုမ့် လှမ်းကြည့်တော့ ဆယ်ပေတောင် မကွာသေးပါဘူး ဆရာရယ်။ ခုပဲ ပိုက်ဆံပေးပြီး ခုပဲ ဆင်းသွားတဲ့ ကောင်မလေး မပြောနဲ့ လမ်းပေါ်မှာ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မရှိဘူး။ ရုတ်တရက် ကျွန်တော်ဆို ကြက်သီးတဖြန်းဖြန်းထပြီး ဆံပင်တွေ ထောင်သွားတာပဲ။ ရှင်းရှင်းကြီး ဆရာ။ တစ်ခု ထူးဆန်းတာက လမ်းပေါ်မှာ ဘယ်သူမှသာ မရှိတယ်။ မဟာ ဂန္ဓာရုံလမ်းထဲ ခွေးတွေဆိုတာ အူလိုက်တာ ဆူညံလို့ အသည်း ထိတ်စရာကြီး။ အဲဒါ မနေ့တစ်နေ့ကတင် အခြောက်ခံရတာ။

ဟုတ်တယ် ဆရာ။ လူတွေကသာ မမြင် မတွေ့နိုင်တာ၊ နာမ်လောက ပရလောကသားတွေဆိုတာ ကျွန်တော်တို့ လက် တစ်ကမ်းမှာ ဥဒဟိုရယ်။ ဒီတော့မှ ကျွန်တော် ကြားရုံပဲ ကြားဖူး ပြီး မမြင်ဖူးတဲ့ တစ္ဆေသရဲတို့ ဥစ္စာစောင့်တို့ကို ယုံသွားတာ။ ကျွန်တော့်ကိုယ်တွေ့ပါ ဆရာ။

◆ ◆ ◆

မင်းအိမ်ခန့်



# အစွဲချတ်စံအိမ်

ဂါဦးနွန်းကို

ခရီးဆောင်အိတ်ကို ထိုင်ခုံဘေးမှာ ချလိုက်ပြီးသည့်နောက် ခန့်စည်ဖြိုး လှေ့ရဲရဲပြုံးလိုက်သည်။ ထိုအပြုံးက ကျွန်မကို လှောင်ရယ်လိုက်သည့်သဘောမှန်း ရုတ်ခြည်းဆိုသလို နားလည်လိုက်၏။ ဟုတ်သည်။ ထိုအပြုံးက လှောင်ပြုံးတစ်ပွင့်ပဲ။ စောစောက ကျွန်မ နားချတားမြစ်နေသည့်အကြောင်းအရာ မှန်သမျှကို ကန့်လန့်တိုက်ကာ ရယ်မြိုက်လိုက်သည့်သဘော။

"ကိုကို…မယုံမရှိနဲ့နော်၊ ဒီအိမ်ကြီးမှာ…"

ကျွန်မက ပြောပြီးသား အကြောင်းအရာကို နောက်တစ်ဖန် ပြောဆိုရန် စကားစလိုက်သည့်အခါတွင် သူ့မျက်နှာ ချက်ချင်းတည်သွားပြီး…

"မိမိုး…တော်တော့ကွာ၊ အဲဒီအကြောင်းတွေ ထပ်မပြောနဲ့တော့၊ ကိုကို့ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး"

ခန့်စည်ဖြိုး၏ ကြည်လင်ပြတ်သားသော အသံက ညှို့ခန်းတစ်ခုလုံး ပဲ့တင်ထပ်သွားသည်။ သွေးပျက်နေသော ကျွန်မစိတ်ကြောင့်ပဲလား မဆိုတတ်၊ ထိုအသံ၏နောက်မှာ ညည်းတွားသံတစ်သံ ကပ်ပါလာသလို ခံစားလိုက်ရတာကြောင့် ကြက်သီးမွေးညင်းထသွားကာ ခန္ဓာကိုယ်ကို ကျုံ့လိုက်ရင်း ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်မိသည်။ ညှို့ခန်းတစ်ခုလုံး ညှို့မှိုင်းမှိုင်း ပုံသဏ္ဍာန်ပေါက်နေသည်။ ဒါတောင်မှ နေ့ခင်းကြောင်တောင်။ ညချမ်းအချိန်သာဆို ဘယ့်နှယ်များ နေမလဲ။ ကျွန်မ ဆက်၍ပင် မတွေးဝံ့တော့။

"ဟုတ်ပါပြီ၊ ကိုကို မကြောက်ပေမဲ့ မိမိုးက ဘယ်လို လုပ်ရမှာလဲ"

"ဘာကြောက်စရာလိုတုံး၊ နင်နဲ့ငါ တစ်ခန်းတည်း တည်းမှာပဲဥစ္စာ၊ ဘာဖြစ်မှာလဲ"

"အဲဒါကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မိမိုးက ဒီအိမ်ကြီးမှာကို မနေရဲတာ ကိုကိုရယ်၊ မတည်းပါနဲ့နော်…နော်လို့"

"မရဘူး၊ လာချွဲမနေနဲ့ အငယ်မ၊ နင့်ကို ဘယ်သူ လိုက်ခိုင်းလို့လဲ၊ နင့်ဘာသာနင် လိုက်လာပြီးတော့ နင် တည်းချင်ချင် မတည်းချင်ချင် ငါကတော့ ဒီမှာပဲ တည်းမှာ၊ ငါ့အကြောင်းနဲ့ ငါရှိလို့ ဒီမှာ တည်းကို တည်းရမယ်"

ခပ်တည်တည်မျက်နှာထားနှင့် တစ်ချက်လွှတ်အမိန့် ချလိုက်သော ခန့်စည်ဖြိုး၏ စကားကြောင့် ကျွန်မ ပင့်သက်ရှိုက်ရုံမှ တစ်ပါး ဘာတတ်နိုင်ပါ့မလဲ။ နောက်ပြီး စောစောကပြောသွားသော ငါ့အကြောင်းနဲ့ငါဆိုသော စကား၏ အဓိပ္ပာယ်ကို ကျွန်မ သိနှင့်ပြီးသား။ ထိုကိစ္စက ပေါ့သေးသေး မဟုတ်သလို ကျွန်မ သွေးပျက်ချောက်ချားနေသော အကြောင်းအရာနှင့်လည်း တိုက်ရိုက်ဆက်စပ်နေသည်။

◆ ◆ ◆

မနက်ကနေ ယခုထက်တိုင် နေလင်းဦးအပေါ် ကျွန်မ စိတ်တိုနေဆဲ။ ခန့်စည်ဖြိုး၏ သူငယ်ချင်း ဒုတိယနှစ်ကျောင်းသားလေး နေလင်းဦးက ကျွန်မအပေါ် မေတ္တာသက်ဝင်နေသူ။ သို့သော် 'ညီမ လိုချင်ရင် ယောက်ဖကိုဖား' ဆိုစကားကို ကန့်လန့်ထော်လော်ပြုကာ နေလင်းဦးက ခန့်စည်ဖြိုးကို ရန်စကားဆိုသည်။

"မင်း…ဗဟန်းမြို့နယ်(…)လမ်းထဲက သီဟာရတနာတည်းခိုရိပ်သာ စံအိမ်ကြီးကို သိတယ်မဟုတ်လား၊ အဲဒီအိမ်က တကယ်သရဲခြောက်တာတဲ့ကွ၊ ငါ့သူငယ်ချင်း Supernatural hunters အဖွဲ့က အဲဒီအိမ်ကြီးကို သွားလေ့လာပြီးပြီ။ သူတို့တောင် တော်တော်အခြောက်ခံလိုက်ရတယ် ပြောတာပဲ။ အဲ…မင်း သိမှာပါ။ မင်းနဲ့တောင် နည်းနည်းရင်းနှီးပါတယ်။ မိုးမြင့်သော် ဆိုတဲ့ မိန်းမလျာကောင်လေ။ မင်း သိမှာ သေချာပါတယ်ကွာ ဟဲဟဲ။ အဲဒီကောင်ဆို အခု မိန်းမ လုံးလုံးဖြစ်သွားပြီတဲ့။ သရဲက ဘယ်လို

ခြောက်လွှတ်လိုက်သလဲတော့ မသိဘူး၊ မိန်းမစိတ်ကို လုံးလုံး ပြောင်းသွားတာ ဟိတ်ကောင်ရေ၊ အခုဆို ငါတို့ကိုတောင် အရင်လို ပခုံးဖက်၊ ပေါင်ပုတ် မပေါင်းတော့ဘူး။ ဗိုင်းကောင်းကျောက်ဖိ ဖြစ်သွားပြီဟေ့၊ အဲဒါ မင်းရော စိတ်မဝင်စားဘူးလား၊ သွားမတည်းချင်ဘူးလား"

ထိုစကားများကို နေလင်းဦးက ရယ်ကျဲကျဲ ဆိုခဲ့ခြင်းပါ။ ပုံစံက သူ့စတိုင်အတိုင်း မထီမဲ့မြင် မျက်ခုံးနှစ်ဖက်ကို ဟန်ပါပါ ကျုံ့ထားလို့။ နှုတ်ခမ်းထောင့်မှာလည်း မဲ့ပြုံးလေးတစ်စက်က ဖိတ်တစ်ဝက် စင်တစ်ဝက်နှင့်။

သူ့စကားတွေကို နားဆင်ရင်း ခန့်စည်ဖြိုး အူကြောင်ကြောင် ဖြစ်သွားခဲ့သည်။ တစ္ဆေ သရဲများအကြောင်း သူ စိတ်မဝင်စားတာကို နေလင်းဦး အသိဆုံးပါ။ ဒါနဲ့များ ဘာလို့ လာမေးတာပါလိမ့်။ ပုံစံကလည်း ပြုံးတီတီ ကျွတ်ဆတ်ဆတ်နဲ့။ နေလင်းဦး၏ ပုံစံနှင့် စကားများအပေါ် ခန့်စည်ဖြိုး နားမလည်နိုင် ဖြစ်သွားကာ ဘုဆတ်ဆတ် ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့ ငါက သွားတည်းရမှာလဲ၊ မင်းသူငယ်ချင်း Supernatural hunters တွေ အရှုံးထတိုင်း ငါက ဘာလို့ လိုက်လုပ်ရမှာလဲ၊ ငါမှ တစ္ဆေ သရဲတွေကို အယုံအကြည် မရှိတာ"

"အမယ်...အပိုတွေ မပြောစမ်းပါနဲ့၊ မင်း ကြောက်လို့ မဟုတ်လား၊ မယုံဘူး...မယုံဘူးနဲ့ စိတ်ထဲက လန့်နေပြီးတော့များ မသိရင် ခက်မယ်၊ ငကြောက်ကောင်"

"ဟိတ်ကောင် မင်း ရန်စကား မဆိုနဲ့နော်၊ ငါ လုံးဝ မကြောက်တတ်ဘူး"

"မင်း မကြောက်ဘူးဆိုရင် အဲဒီမှာ တစ်ည သွားတည်းပြလေ၊ အဲဒါဆိုရင် ငါ ယုံမယ်"

"အေးကွာ၊ တွေ့ကြသေးတာပေါ့၊ ငါ သွားတည်းပြမယ်၊ မှတ်ထားနော် နေလင်း၊ ပြီးရင်သာ ငါ့နမကို ရဖို့ အောင်သွယ်နိုင်းမယ် မကြံနဲ့၊ ငါ့ကို ဘလိုင်းကြီး စိန်ခေါ်တဲ့ မင်းကို ငါ လုံးဝမကျေနပ်ဘူး မှတ်ထား"

"အေးပါကွာ၊ မင်းသာ သရဲခြောက်ခံရတုန်း ခေတ်ပုံလှလှ တွဲရိုက်လာခဲ့၊ ဟာ…ဟာ…"

ပြောပြောဆိုဆိုနှင့် နေလင်းဦးက ခန့်စည်ဖြိုး၏ ပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ သို့သော် ထိုအပြုအမူကို မနှစ်သက်သူ ခန့်စည်ဖြိုးက နေလင်းဦး၏လက်ကို ဆတ်ခနဲ ပုတ်ထုတ်လိုက်ပြီး ဆန့်ကျင်ဘက်အရပ်ဆီသို့ ထွက်ခွာသွားတော့၏။ အဲသည်နောက် ခန့်စည်ဖြိုးတစ်ယောက် တစ္ဆေခြောက်သည့် တည်းခိုအိမ်ကြီးတွင် သွားရောက်တည်းမည့်သတင်းက ဘော်ဒါတွေကြား ပျံ့နှံ့သင်းသွားခဲ့ပြီ။

အစပိုင်းက မေတ္တာယိုင်မလို ဖြစ်နေခဲ့သော ကျွန်မမှာလည်း နေလင်းဦးအပေါ် စိတ်ဆိုးရအခက်၊ ကျိန်ဆဲရအခက်။ ဘာစိတ်ကူးနဲ့များ ကိုကို့ကို ရန်စကားဆိုခဲ့ပါလိမ့်။ အလိုလိုကမှ စိတ်ဆတ် ဒေါသထွက်လွယ်သူ ခန့်စည်ဖြိုးက ပေါင်းရသင်းရ

ခက်လှသည့်အထဲ ယခုလို စိန်ခေါ်ခဲ့မှတော့ ရှေ့ဆက် ဘယ့်နှယ် လုပ် အဆင်ပြေပါတော့မလဲ။ ချစ်သူနှင့် အစ်ကိုကြားမှာ ကျွန်မ စိတ်သောက များခဲ့ရသည်။ သို့တိုင် ပြဿနာက ထိုမျှဖြင့် မပြီးသေး။

"သမီးရယ်…ညည်း လိုက်သွားပါကွယ်၊ သမီးက အငယ်ဆိုပေမယ့် အကျိုးသင့်အကြောင်းသင့် တွေးတတ်တယ်၊ ခန့်ခန့်က ဘာမှနားလည်တာ မဟုတ်ဘူး၊ အခုလည်း ဘာမဟုတ် တဲ့ကိစ္စလေးအပေါ် အတေးအမှတ်ထားပြီး မိုက်မိုက်ကန်းကန်း သွားဦးမယ်၊ ကိုယ်က ဘာဆိုတာကို သဘောမပေါက်ဘူး၊ တကယ်ပဲ စိတ်ညစ်ပါတယ်။ အမေ စိတ်ပူတယ် သမီးရယ်၊ သမီး လိုက်သွားလိုက်နော်၊ သိတဲ့အတိုင်းပဲ သမီးရဲ့အစ်ကိုက နော်မယ်(normal)လည်း ဟုတ်တာမဟုတ်ဘူးလေ"

ခန့်စည်ဖြိုး တစ္ဆေခြောက်သည့် စံအိမ်ကြီး၌ တစ်ည သွားရောက်တည်းခိုမည့်အကြောင်းကို မေမေ သိသွားသည့်အခါ ထိတ်လန့်တုန်လှုပ်သွားရှာသည်။

သားသမီးအပေါ် စိုးရိမ်ရသည်မှာ မိဘများ၏ ငြင်းပယ် မရသော ဒုက္ခတစ်မျိုးပင်။ ချော့တစ်လှည့် ခြောက်တစ်ခါ တောင်း ပန်ပါသော်ငြား ခန့်စည်ဖြိုးက မိခင်၏စကားကို လိုက်နာခြင်း မရှိဘဲ ပယ်ရှားခဲ့တာကြောင့် နောက်ဆုံးမှာ အစ်ကိုဖြစ်သူကို လိုက်လံစောင့်ရှောက်ပါရန် မေမေက ကျွန်မကို တောင်းဆိုခဲ့သည်။ ကျွန်မ ဘယ်လိုလုပ် ငြင်းရက်မှာလဲ။ ကျွန်မကိုယ်တိုင်လည်း

သောကဖက်နေရသည်ပဲဥစ္စာ။ ခန့်စည်ဖြိုး ဆိုသော ကျွန်မအစ်ကို က တကယ့်ကို ပြောမနိုင်ဆိုမရ လူမိုက်ကန်းလေး။ နောက်ပြီး သူက သာမန်လူတစ်ယောက်လို သဘာဝကျသော အသိဉာဏ်မျိုး လည်း ရှိသူတစ်ယောက်မဟုတ်။

◆ ◆ ◆

နေလင်းဦး၏ သွေးထိုးမြှောက်ပေးမှုကြောင့် သရဲခြောက် သည့် စံအိမ်ကြီးဆီသို့ ခန့်စည်ဖြိုး ထွက်လာခဲ့သည့်အတွက် သူ့ကို စောင့်ရှောက်ရန် ကျွန်မ လိုက်ပါလာခဲ့ရသည်။ စံအိမ်ကြီးက သတင်းကြီးသည်နှင့် လိုက်ဖက်ညီလောက်အောင် ချောက်ချားဖွယ် ကောင်းနေသည်။ အင်္ဂလိပ်မင်းလက်ထက်က ဆောက်လုပ်ထား သော စံအိမ်အိုကြီးတစ်လုံး ဖြစ်သည်နှင့်အညီ ဟောင်းအိုနွမ်းလျှမှု တို့က သက္ကရာဇ်တို့ကို အလံထူပြနေသည်။ နှစ်တစ်ရာကျော် ကောင်း ကျော်လောက်ပြီ။ ဘယ်လောက်ကြာပြီလဲဆိုတာတော့ ကျွန်မလည်း မခန့်မှန်းတတ်။ ကျွန်မက ရှေးဟောင်းပစ္စည်းတစ်ခု ကို သုတေသနပြုရန် ရောက်လာသူမှ မဟုတ်ဘဲ။ မဖြစ်မနေ အခြေအနေမို့သာ ရောက်လာခဲ့တာပါ။ မဟုတ်ပါက ဤသို့သော စံအိမ်မျိုးကို စိတ်ကူးနှင့်တောင် ကျွန်မ ရောက်ဖြစ်မည် မထင်။

ခန့်စည်ဖြိုးက ဧည့်ခန်းထဲရှိ ထိုင်ခုံတစ်လုံးတွင် ထိုင်ကာ ခရီးဆောင်အိတ်ကို ပစ်ချပြီး အေးအေးလူလူ ထိုင်နေသည့်တိုင် ကျွန်မကတော့ တတ်နိုင်သလောက် နားချကြည့်နေမိဆဲ။ အခန်း မယူရသေးသရွေ့ လှည့်ပြန်၍ ရသေးသည်ပဲလေ။ သို့သော်

အရာမထင်ခဲ့။ ဤတည်းခိုခန်းမှာ မတည်းရန် အမျိုးမျိုး တောင်းပန်နေပေမယ့် ခေါင်းမာလွန်းသောသူက ကျွန်မစကားကို လက်မခံခဲ့ပါ။ နားညည်းလာသည့်အခါ ကျွန်မကို အော်ငေါက် ထုတ်သဖြင့် နောက်ဆုံး ကျွန်မကပဲ အလျှော့ပေးကာ သူ့နောက်သို့ လိုက်ခဲ့ရသည်။ ရှေ့အနာဂတ်က မည်သို့ ကြမ္မာဖန်လာလေမလဲ ကျွန်မလည်း မဝံ့မရဲ မှန်းဆကြည့်နေမိဆဲ။

အခန်းယူတော့ အခန်းနံပါတ်က (၁၃)။

နံပါတ်(၁၃)က အနောက်တိုင်းအယူမှာဆို နိမိတ်မကောင်း ဟု ကြားဖူးသဖြင့် ကျွန်မမှာလည်း မဆီမဆိုင် ပို၍ကြောက်လှန့် သွားခဲ့သေး၏။ သူကတော့ ကျွန်မ ကြောက်နေတာမြင်တိုင်း ရယ်ချည်းသာနေသည်။ ကျွန်မက သူ့အတွက် ဂျိုကာတစ်ကောင် လိုဖြစ်နေပြီ။ သို့ကြောင့် သူကြောက်ရမည့်အလှည့်ကို မြန်မြန် ရောက်ပါစေဟူ၍သာ ကျွန်မ တွင်တွင်ဆုတောင်းမိတော့သည်။

ဆုတောင်းပြည့်,မပြည့် မသိသေးပေမယ့် လကတော့ ကွယ်နေခဲ့ပြီ။ ယနေ့ညကို လမိုက်ည ဖြစ်လိမ့်မည်ဟု ကျွန်မ လုံးဝမျှော်လင့်မထားခဲ့။ ကြယ်စင်မှုန်မွှားတို့က နက်ပြာရောင် ကောင်းကင်ထက်မှာ နတ်သမီးနှင်တံပမာ တလက်လက်ဖြာနေ သည့်တိုင် ကျွန်မ ကြောက်စိတ် မပြယ်လွင့်နိုင်။ ထိုစကြာဝဠာ အလှက ကျွန်မသောကကို မဖယ်ရှားနိုင်ပါ။ ကျွန်မ ခြောက်ခြား သွေးပျက်နေရပါပြီ။ တစ်ချက် တစ်ချက် လေပြင်းတွေက ပြတင်း ပေါက်ကနေ ငယ်သံပါအောင်အော်ကာ ပြေးဝင်လာတတ်ရာ

ထိုအသံက ကျွန်မစိတ်ကို တိုး၍ တိုး၍ ချောက်ချားစေသည်။

အခန်းကြီးက တိတ်ဆိတ်လွန်းလှသည်။ တည်းခိုဆောင် တစ်ခုလုံးလည်း လူသူလေးပါး ဆိတ်သုဥ်းနေသည့်အလား အသေကောင်တစ်ကောင်လို ငြိမ်သက်နေသည်။ တကယ်လည်း လူရှိပုံမရ။ ရန်ကုန်မြို့ထဲမှာ ဤကဲ့သို့ တစ္ဆေခြောက်သည်ဟု သတင်းကြီးနေသော တည်းခိုခန်းကို ဘယ်သူက တကူးတက လာတည်းပါ့မလဲ။ ခန့်စည်ဖြိုးလို လူမိုက်က လွဲလို့ပေါ့။

အံ့ဩပါရဲ့။ ကျွန်မပါးစပ်က ထုတ်ဖော်ရေရွတ်မိမတတ်။ ခန့်စည်ဖြိုးက တကယ်ပဲ သတ္တိကောင်းလွန်းသူပါလား။ တံခါးပေါက်ဘေးက ကုတင်မှာ အသာအယာ ကျောမှီကာ စာအုပ်တစ်အုပ်ကို ခပ်အေးအေး ဖတ်နေသည်။ သူက စာဖတ်အလွန်သန်သူ။ စက်ပစ္စည်းတွေ ဘယ်လောက်ပဲ တိုးတက်လာပါစေ၊ လူ့အသိဉာဏ်ကို စာအုပ်စာပေကသာ ထိန်းကြောင်းပြုပြင်နိုင်မှန်းသူ သိ၏။ ခက်တာက သူ ဖတ်သည်မှာ သူရဲကောင်းပုံပြင်တွေ။ လူတစ်ယောက်ကို သတ္တိဗျတ္တိ ရှိစေရန် ရေးသားဂုဏ်တင်ထားသော ဂန္တဝင်ဟီးရိုးဇာတ်လိုက်ကြီးများအကြောင်း။

ထိုအရာများကိုဖတ်ကာ ခန့်စည်ဖြိုးကလည်း ထိုပုဂ္ဂိုလ်ကြီးများလို သတ္တိရှိချင်နေသည်။ ကိုယ်နှင့် သင့်မှန်း၊ မသင့်မှန်းမသိ၊ သတ္တိပြချင်နေသည်။ ဒါဟာ စာအုပ်ကောင်းများကို ဖတ်လျက်သားနှင့် အယူလွဲကာ အစိမ်းသမား ဖြစ်သွားရခြင်းပင်။ စာအုပ်က မည်မျှပင် လမ်းပြပါစေ မယူတတ်သူအဖို့ တလွဲသွေး

မည်ဖြစ်သလို သဘာဝကျကျ မတွေးဆတတ်သူ ခန့်စည်ဖြိုးက လည်း စာအုပ်များကို ကိုးကားကာ တစ်မျိုးတွေးထားသည်။ အရွယ်ရောက်လာကတည်းက စာအုပ်ထဲက ဟီးရိုးဇာတ်ကောင် များလို သတ္တိရှိသော ယောကျ်ားကောင်းတစ်ယောက် ဖြစ်လိုစိတ် တို့က ခန့်စည်ဖြိုး၏ရင်၌ ပြင်းပြခက်ထန်နေလေ၏။

"ဟီတ်ကောင်မလေး…ငါ့ကို ဘာလို့ ငေးကြည့်နေတာ လဲ၊ အိပ်တော့လေ"

ခန့်စည်ဖြိုး၏ မျက်နှာကို ငေးကာ အတွေးနယ်လွန်နေ ခိုက် ထိုအသံ ထွက်ကျလာသဖြင့် ကျွန်မ မဲ့လိုက်မိသည်။ တစ်ဆက်တည်းမှာပဲ နှုတ်ခမ်းကို တစ်တောင်လောက် စူပစ်လိုက် သည်။

"ဘယ်လိုလုပ် အိပ်ရဲမှာတုံး ကိုကိုရဲ့၊ မိမိုး ကြောက်တာ ပေါ့"

"အေး…နှင်ကသာ ကြောက်နေ၊ ငါ မျှော်တဲ့သရဲက ခုထိ အရိပ်အယောင်တောင် မတွေ့ရသေးဘူး၊ ငါ ထင်ပါတယ်၊ ဟိုအကောင် သပ်သပ်လျှောက်ပြောတာ၊ နင့်ကို စာလိုက်ပေးရင် ငါ လက်သီးနဲ့ထိုးမယ် ကြိမ်းထားလို့ သပ်သပ်ရန်စတာ၊ ငါ သိသားပဲ"

ခန့်စည်ဖြိုးက နှုတ်စောင့်ခြင်းမရှိ ပိုးစိုးပက်စက် ပြော ထည့်လိုက်သဖြင့် ကျွန်မမှာ ကြက်သီးများပင် တဖြန်းဖြန်းထသွား ရပြီ။ ဘယ့်နှယ် ငါမျှော်တဲ့သရဲက ခုထိ မတွေ့ရသေးဘူးဆိုပဲ။

ပြောရဲလိုက်ပုံများ။ သို့ပေမယ့် သူ့ကို နှုတ်လှန်မထိုးဝံ့သဖြင့် ကျွန်မလည်း ကြောက်ကြောက်နှင့်ပဲ စောင်ခြုံထဲ ဝင်နေလိုက်သည်။

ခန့်စည်ဖြိုး၏ ကုတင်က တံခါးပေါက်နားမှာဖြစ်ပြီး ကျွန်မကုတင်က သူ့နံဘေးမှာဖြစ်နေ၍ ဘာပဲပြောပြော တော်သေးသည်ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ရသည်။ သရဲက နေရာတိုင်းကို ဖောက်ထွင်းဝင်လာနိုင်မှန်း သိပေမယ့် လူ့စိတ်၏ သဘာဝအတိုင်း တံခါးနားနေပါက တစ္ဆေခြောက်ခံရဖို့ ပိုသေချာသည်ဟု ယုံကြည်နေမိဆဲ။ သရဲက ဘယ်လိုပုံသဏ္ဌာန်များ ရှိမလဲ။ ကြောက်စရာတော့ ကောင်းမှာအမှန်ပဲ စသဖြင့် ရောက်တတ်ရာရာတွေးကာ ချောက်ချားနေမိသော်ငြား တဖြည်းဖြည်းနှင့် ညနက်လာသည်။ တွေးရင်း တွေးရင်း ပျင်းရိလာကာ နောက်ဆုံးမှာ မကြောက်လန့်နိုင်တော့ဘဲ လုံးလုံးအိပ်ပျော်ခြင်းအဖြစ်သို့ ရောက်ရှိသွားခဲ့တော့သည်။

"ဂျစ် . . . ဂျစ် . . . ဂျစ် . . . ဂျစ် . . ."

တံခါးကို တဂျစ်ဂျစ် အသံမြည်အောင် မည်သူများပြုလုပ်နေပါလိမ့်။

အစပိုင်းမှာ တိုးဖွဖွ ထွက်ပေါ်လာသော ထိုအသံက တဖြည်းဖြည်းနှင့် ကျယ်လောင်လာသည်။ စိတ်ပန်းလူပန်းနှင့်မို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ကျွန်မပင် ဖျတ်ခနဲ လန့်နိုးလာကာ အသံလာရာဆီသို့ လှမ်းကြည့်လိုက်တော့ . . .

"အမယ်လေး . . ."

ပါးစပ်က ထိုသို့ အော်မိမတတ် သွေးပျက်သွားခဲ့ရသလို ရင်ထဲမှာလည်း ဒိန်းခနဲ။ တွေ့မြင်လိုက်ရတာ တံခါးရွက်ကို ရှည်လျားလျား လက်သည်းများနှင့် ကုတ်ခြစ်နေသူတစ်ယောက်။ အဲဒါ ဘယ်သူလဲ။ မျက်နှာနှင့် ကိုယ်တစ်ပိုင်းကိုသာ ထင်ထင် ရှားရှား တွေ့နေရပြီး အောက်ပိုင်းကမူ ကွယ်ပျောက်နေသည်။ တွေ့မြင်နေရသည့် မျက်နှာကြီးကလည်း ညိုညိုမည်းမည်းနှင့် ကျက်သရေ ကင်းမဲ့လိုက်ပါဘိ။

ဒါ...မိမိုး ကြောက်လန့်နေမိတဲ့ တစ္ဆေ သရဲ ဆိုတာများ လား။

ကြောက်ကြောက်နှင့် ကြည့်နေရင်း စိတ်ထဲက သမ္ဗုဒ္ဓေ ဂါထာကို အမြီးအမောက်မတည့် ရွတ်ဆိုလိုက်မိရာ ကြောက်မက် ဖွယ် မျက်ဝန်းတစ်စုံနှင့် အကြည့်ချင်း ဆုံလိုက်ရသည်။ မြတ်စွာ ဘုရား...သူ့မျက်ဝန်းတွေက ရဲရဲနီလို့။ ဒါဆို...ဒါ...တစ္ဆေ... တစ္ဆေပေါ့။

ကျွန်မက ကြောက်အားလန့်အားနှင့် ဘုရားစာ ရွတ်မိစဉ် မကျေမချမ်း စိုက်ကြည့်ပြီး ဖျတ်ခနဲ ပျောက်ကွယ်သွား၏။ ကျွန်မ မှာလည်း သွေးပျက်ချောက်ချားလွန်းသဖြင့် အားခနဲ ကြုံးအော် လိုက်ချင်ပေမယ့် အသံက မထွက်။ ထမင်းလုံးတစ္ဆေ အခြောက်ခံရ သလို အသံက လည်ချောင်းဝမှာ တစ်ဆို့ပျောက်ကွယ်နေသည်။

ဒါ...ဘာသဘောလဲ။ တစ္ဆေ သရဲက ဘုရားစာကို ကြောက်လို့ ထွက်ပြေးပျောက်ကွယ်သွားတာလား။

ဟိုဟိုသည်သည်တွေးရင်း ကျွန်မရင်ထဲ မောဟိုက်လာသဖြင့် မျက်ဝန်းများ မှေးစက်ကာ ပြန်လည်အိပ်ပျော်သွားခဲ့သည်။ စောစောက အဖြစ်အပျက်ခများ အိပ်မက်တစ်ပုဒ်ပမာ လွင့်ကျပျောက်ဆုံးသွား၏။ သို့သော် အိပ်မက် မက်ခဲ့တာ မဟုတ်မှန်း ကျွန်မ အလိုလိုသိနေသည်။

♦ ♦ ♦

"အား…"

ညသန်းခေါင်ယံကို ချောက်ချားဖွယ် အော်သံနက်ကြီးက ဖုံးလွှမ်းသွားခဲ့သည်။ ထိုအော်သံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်မလည်း အိပ်ပျော်နေရာမှ လန့်နိုးကာ ဝုန်းခနဲ ထထိုင်မိသည်။ 'ဘာသံလဲ၊ ဘယ်ကလဲ၊ သေချာတာတော့ ဒါ ကိုကို့အသံ'။ ထိုသို့ တွေးမိသည်နှင့် နံဘေးသို့ လှည့်ကြည့်လိုက်သည့်အခါ ကုတင်ပေါ်၌ တစ်ယောက်တည်း လုံးထွေးရုန်းကန်နေသော ခန့်စည်ဖြိုးကို တွေ့လိုက်ရ၏။

"မမိုက်ရိုင်းနဲ့…သွား…ကဲဟာ…တဏှာရူးကြီး…သွား…"

ပါးစပ်ကလည်း အော်ဟစ်ပြောဆိုလို့။ ဘယ်သူနဲ့များ သတ်ပုတ်နေပါလိမ့်။ ကျွန်မအမြင်မှာတော့ တစ်ယောက်တည်း ရုန်းကန်နေတာပါ။ သို့သော် တစ်စုံတစ်ယောက်နှင့် လုံးထွေးသတ်ပုတ်နေရသည့်အလား အင်တိုက်အားတိုက်။ အရှက်သိက္ခာကို ကာကွယ်ရန် ကြိုးပမ်းနေသော မိန်းမပျိုတစ်ယောက်ကဲ့သို့

တွန်းထိုးနေရင်းမှာပဲ ခန့်စည်ဖြိုးမျာ ကျွန်မဘက်သို့ အားကိုးတကြီး လှည့်ကြည့်သည်။ တအံ့တဩ လှမ်းကြည့်နေမိသူ ကျွန်မနှင့် အကြည့်ချင်း ဆုံသွားခဲ့သည်။

ကျွန်မအသက် ၂၀ ရှိပါပြီ။ ခန့်စည်ဖြိုးက ကျွန်မထက် ၅ နှစ်ခန့် ကြီးသည်။ အရွယ်ရောက်လာပြီးနောက် မောင်နှမပမာ ကြီးပြင်းလာခဲ့ရသော သက်တမ်းတစ်လျှောက်လုံး သူ့ထံ၌ ထိုကဲ့ သို့အကြည့်မျိုးကို ကျွန်မ မတွေ့ဖူးခဲ့။ ကျားကျားလျားလျား ရှိချင် လွန်းခဲ့သော သူက မည်သူ့ကိုမျှ အားကိုးလိုခြင်း မရှိခဲ့။ ယခုမူ ခန့်စည်ဖြိုး လှမ်းကြည့်လိုက်သော အကြည့်က သူ့အရှက်၊ သူ့ သိက္ခာအတွက် ကူညီပါရန် တောင်းခံနေသည့် အကြည့်မျိုး။

ဘာတွေဖြစ်နေသလဲ ကျွန်မ မသိပေမဲ့ တစ်ခုခုလုပ်ဖို့ တွေးလိုက်မိ၍ ရုန်းကန်တွန်းထိုးနေသော ခန့်စည်ဖြိုးဆီသို့ ကျွန်မ ပြေးဝင်သွားလိုက်သည်။ သူ့ပခုံးနှစ်ဖက်ကို ဆွဲကိုင်ကာ လဲနေရာမှ ဆွဲထူလိုက်သည်။ အံ့ဩစရာပါပဲ။ ကုတင်ပေါ် လဲနေသော သူ့ခန္ဓာကိုယ်က သာမန်ထက် အဆမတန် လေးလံနေသည်။ တစ်စုံတစ်ယောက်က အပေါ်က ဖိထားသကဲ့သို့ အတော်လေး ဝိတ်များနေသည်။ ကျွန်မလည်း အားကုန်သုံးကာ ဆွဲထူလိုက်သည့် အခါကျ သူကြွလာသည်။ ဘီလူးစီးသလို ထမရပြုမရ ရုန်းကန် တွန်းထိုးနေရာမှ သူ နိုးထခွင့် ရခဲ့ပြီ။

ကျွန်မ ဆွဲထူ၍ ရလျှင်ရချင်း ကုတင်ပေါ်မှ သူ ထလျှင် ထချင်း ကျွန်မကို အတင်းပွေ့ဖက်ကာ သူ ငိုပါတော့သည်။

ဘာတွေဖြစ်ပျက်ခဲ့သလဲ ကျွန်မ နားမလည်နိုင်သေး။ မေးလည်း မမေးဝံ့၍ သူ့ကို အသာဖက်ကာ ကျောကုန်းကို ပွတ်သပ်ပေးမိသည်။ သူကလည်း ဘာမျှမဖြေ။ ငိုချည်းသာနေသည်။ အန္တရာယ်မှ လွတ်မြောက်လာရသူတစ်ယောက်လို ရှိုက်ကြီးတငင်ငိုနေသည်။ ဘယ်အရာက သူ့ကို ချောက်ချားစေခဲ့တာလဲ။ အခန်းထဲမှာ မကောင်းဆိုးရွား အငွေ့အသက်တွေ လွှမ်းပတ်နေသကဲ့သို့ ခံစားမိပေမယ့် ဟုတ်ချင်မှ ဟုတ်မည်။ ဒါဟာလည်း ကျွန်မ၏ စိတ်ထင်ယောင်ထင်မှားဖြစ်မှုတစ်မျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်တာပါပဲ။

◆ ◆ ◆

တခွေ့ခြောက်သည့် စံအိမ်မှ ကျွန်မတို့ ပြန်လာပြီးနောက် ခန့်စည်ဖြိုး အချိုးပြောင်းသွားခဲ့သည်။ ဂန္ထဝင်သူရဲကောင်းကြီးများကို အားကျကာ သဘာဝလွန်အယူအဆများ ထွေးပိုက်ထားခဲ့သော ခန့်စည်ဖြိုးဘဝကနေ မူလဘူတ ကျွန်မအစ်မ ခန့်စည်ဖြိုးဘဝကို ကူးပြောင်းလာခဲ့သည်။ မည်သည့်အကြောင်းအရာကများ သူ့ကို ဘဝပြောင်းစေခဲ့သလဲ။ ဒါကိုပဲ ကျွန်မ သိချင်မိ၏။

"အဲဒီတည်းခိုခန်းမှာ လူတစ်ယောက် သေခဲ့ဖူးတယ်၊ သေသူက အရက်သမားကြီးတဲ့၊ သူက မူးရုံတင်မကဘူး၊ ဘူးလည်း ဘူးတဲ့လူကြီး၊ အဲဒီလူကြီး သေပြီးကတည်းက အဲဒီတည်းခိုခန်းမှာ သရဲခြောက်တော့တာပဲ။ ခြောက်ပုံကလည်း သူများနဲ့ မတူဘူးတဲ့၊ ယောကျ်ားလျာ၊ မိန်းမလျာတွေကို ပိုပြီးကြမ်းကြမ်း ခြောက်သတဲ့၊ ဘယ်လိုခြောက်သလဲဆိုတာတော့ ကြုံဖူးသူပဲ

သိလိမ့်မယ်"

နေလင်းဦး ပြောပြသဖြင့် ထိုတည်းခိုခန်းတွင် စတည်းချကာ ခြောက်လှန့်နေသော တစ္ဆေ၏ ရာဇဝင်ကို အကျဉ်းချုံ့ သိခဲ့ရ၏။ ထိုကိစ္စများ ဖြစ်ပွားပြီး နှစ်လခန့်အကြာမှာ နေလင်းဦးနှင့် ကျွန်မ ချစ်သူတွေ ဖြစ်ခဲ့ကြသလို ခန့်စည်ဖြိုးဟာလည်း သူ၏ မိတ်ဆွေထဲက ရည်ရည်မွန်မွန်တစ်ယောက်နှင့် တစ်နှစ်အလွန်မှာ အိမ်ထောင်ပြုသွားခဲ့သည်။

မီးသဂြိုဟ်စက်ထဲက ထွက်လာသကဲ့သို့ ညိုညစ်မည်းတူးနေသူတစ်ယောက် တံခါးရွက်ကို လက်သည်းနှင့်ခြစ်ကာ တဂျစ်ဂျစ် အသံပြုနေပုံကို ရံဖန်ရံခါ ကျွန်မ ပြန်လည်မြင်ယောင်မိသည်။ ထိုဖြစ်ရပ်က အိပ်မက် မက်ခဲ့တာလား။ ဒါမှမဟုတ် စံအိမ်မှာ နေထိုင်နေသည့် တစ္ဆေက ကိုယ်ထင်ပြခြောက်လှန့်ခဲ့ခြင်းလား။ ဘုရားစာ ရွတ်ဆိုခဲ့မိသည့် ကျွန်မကို ထိုတစ္ဆေက ကြောက်ရွံ့နေလေသလား။

အဲဒီတစ္ဆေက ဘယ်သူတွေကို ဘယ်လိုခြောက်လှန့်နေသလဲ။ ကိုယ့်ကိုယ်ကို ယောကျ်ားတစ်ယောက်လို ပြုမူနေထိုင်နေသူ ခန့်စည်ဖြိုးကိုရော စိတ်ပြောင်းလောက်တဲ့အထိ ကြောက်လန့်သွားအောင် ဘယ်လိုများ ခြောက်လှန့်လိုက်သလဲ။

ဒါတွေကတော့ ယခုထက်တိုင် ကျွန်မ ဖြေရှင်း၍ မရနိုင်သည့် ပဟေဠိပုစ္ဆာတစ်ပုဒ်ပါပဲ။

ဂါဦးနွန်းကို



တာဆွေမျိုးကျိုး



# ကာတေ
# ဖဲသမား အာသူဒ

ကျုပ်ရေးတဲ့ 'ကိုယ်တွေ့မဖဲဝါ' စာအုပ်ကို ဖတ်ဖူးတယ်မို့လား။ ဖတ်ဖူးမှာပါ။ ကျုပ် ပထမဆုံးရေးတဲ့ စာအုပ်လေဗျာ။ အဲဒီထဲမှာ 'ဖဲသမားစကား' ဆိုတဲ့ ဝတ္ထုတစ်ပုဒ်ပါတယ်လေ။ မဖတ်ရသေးရင်လည်း ရှာပြီးတော့ ဖတ်ကြည့်ဗျာ။ ဖဲရှုံးတော့ အရက်တွေမူးပြီး မဖဲဝါကို ဆဲဆိုရမ်းကားလို့ မဖဲဝါကိုယ်တိုင် ရိုက်သတ်လိုက်တဲ့ ကိုအောင်ချစ်လေ။ ကျုပ်နဲ့က တစ်ရွာတည်းသားတွေ။ အစ်ကိုကြီးတစ်ယောက်လို ခင်မင်တဲ့သူပေါ့လေ။



သူဖဲသွားချတော့ ကျုပ်ကို အဖော်ခေါ်သွားတယ်။ ပထမည မီးလောင်ကုန်းရွာသင်္ချိုင်းမှာဝင်ပြီး မဖဲဝါကို ခေါက်ဆွဲကြော် တစ်ထုပ်ကျွေးပြီး ဖဲနိုင်အောင်လုပ်ပေးဖို့ ပြောတယ်။ နိုင်ရင် အမဲသားကျွေးမယ်လို့ ကျုပ်ရှေ့မှာတင် ကတိပေးတာဗျ။

အဲဒီည နိုင်လိုက်တဲ့ဖဲဗျာ။ တရုတ်သူဌေးတွေဆီမှာ ပါလာ သမျှ အကုန်နိုင်တော့တာဗျ။ ရွာပြန်တဲ့လမ်းမှာ ကျုပ်က ငွေထုပ် ကြီး ထမ်းလို့ပေါ့ဗျာ။

ဒါပေမဲ့ ကျုပ်မိတ်ဆွေကြီး ကိုအောင်ချစ်က မြို့ကို အမဲ သား သွားဝယ်ခိုင်းတာ မရလို့ဆိုပြီး နောက်တစ်နေ့ မဖဲဝါကို ဘာမှမကျွေးဘူးဗျ။ ကျုပ်က သတိပေးတာတောင် ကိုအောင်ချစ်က ကျုပ်ကို ဆူလိုက်သေးသဗျ။

ဖဲနိုင်တာ သူ့အစွမ်းနဲ့သူ နိုင်သလိုလိုတောင် ပြော သေးတာ ဗျ။ အဲဒီည ဖဲရှုံးလိုက်တာဗျာ။ ပါသမျှ တက်တက်ကို ပြောင်ပါ ရောလားဗျာ။ ဒီမှာတင် ကိုအောင်ချစ်က အရက်ကို မူးအောင် သောက်ပြီး မီးလောင်ကုန်း သင်္ချိုင်းမှာ မဖဲဝါကို မူးမူးနဲ့ ဆဲတော့ တာပါပဲဗျာ။

ကျုပ် အတန်တန်တားပေမယ့် မရဘူးဗျ။ သူက ကျုပ်ထက် အသက်ကြီးတဲ့သူလေဗျာ။ ကျုပ်က သူတို့ လက်ပေါ်မှာ ကြီးခဲ့ရ တဲ့ကောင်မို့လား။ ကျုပ်စကားကို ကိုအောင်ချစ်က ဘယ်နား ထောင်ပါ့မတုံးဗျာ။

ကျုပ်ကို ရှေ့က သွားနှင့်ဆိုလို့ ကျုပ် ထွက်လာရုံ ရှိသေး

တာဗျ။ 'ဘုန်း၊ ဘုန်း' ဆိုတဲ့ အသံကြီးကြားလို့ ကျုပ် လှည့်ကြည့်လိုက်တော့ ဆံပင်ဖားလျားနဲ့ မဖဲဝါကြီးက ကိုအောင်ချစ်ရဲ့ ကျောကုန်းကို လက်ဝါးကြီးနဲ့ ရိုက်ချလိုက်တာ မြင်လိုက်ရတယ်။

ကိုအောင်ချစ် ဒူးထောက်ကျသွားပြီး သွေးတွေ ပွက်ပွက် အံတော့တာပေါ့ဗျာ။ ပြီးတော့ ရှေ့ကို ထိုးကျပြီး ဝမ်းလျားမှောက်ကြီး သေသွားတယ်။

အခု ကျုပ်ပြောမှာက ကိုအောင်ချစ်ရဲ့ အသုဘအကြောင်းဗျ။ ဒီအကြောင်းကို ကျုပ် တစ်ခါမှ မပြောဖူးပါဘူးဗျာ။

♦ ♦ ♦

ကိုအောင်ချစ်ဆုံးတော့ ကျုပ်တို့ တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြရတာပေါ့ဗျာ။ သေရပုံကလည်း ရိုးရိုးသေတာ မဟုတ်ဘူးလေဗျာ။ တစ်ခါမှ မကြားဖူးတဲ့ အဖြစ်ဗျာ။ မဖဲဝါ ရိုက်သတ်တာမို့လားဗျာ။

ကျုပ်တို့ ရွာသားတွေဆိုတာ ကိုအောင်ချစ် သေလို့ စိတ်မကောင်းတာကတစ်မျိုး၊ မဖဲဝါကို ကြောက်ကြတာကတစ်မျိုးနဲ့ တစ်ရွာလုံးငိုင်ပြီး ခပ်တိတ်တိတ်ကြီးကို ဖြစ်သွားတာဗျ။

တာတေတို့လို လူငယ်ပိုင်းကတော့ အိမ်လယ်ခန်းမှာ ဝါးအလောင်းစင်နဲ့ ပြင်ထားတဲ့ ကိုအောင်ချစ်အလောင်းကြီးကို ထိုင်ပြီးကြည့်နေလို့ ကိစ္စက ပြီးမှာ မဟုတ်ဘူးလေဗျာ။

လက်သမား ခေါ်ရမယ်၊ ပျဉ်ပုတ်ဝယ်ရမယ်၊ ပျဉ်ပုတ်ဆိုတာ ခေါင်းစပ်တဲ့ ပျဉ်ကို ခေါ်တာလေဗျာ၊ နေ့ချင်းချမယ့်

အသုဘဆိုရင် ခေါင်းကို ပုံမှန်စပ်လို့ ရပေမယ့် ရက်ထားမယ့် အသုဘဆိုရင် ရှာပြင်ထုတ် ထားရမှာဆိုတော့ ခေါင်းကို နိုင် အောင် လုံအောင် စပ်ရမယ်ပေါ့ဗျာ။ ပြီးတော့ ရက်ထားမယ် ဆိုရင် ရှာပြင်မှာ လေးတိုင်စင် ထိုးရမယ်။ ယာယီအမိုး မိုးရ မယ်ပေါ့ဗျာ။

ကိုအောင်ချစ်တို့မိသားစုက ကိုအောင်ချစ်အသုဘကို သုံး ရက်ထားဖို့ ပြောတယ်ဗျ။ ဒီတော့ ရှာပြင်မှာ ထုတ်ထားရမှာ ပေါ့ဗျာ။ ကျုပ်တို့ အညာဒေသက ပူတော့ ရှာထဲမှာထားရင် အနံ့အသက်ထွက်မှာစိုးလို့ ရှာပြင်ထုတ်ရတာပေါ့ဗျာ။

ရှာရှေ့ပိုင်းက လက်သမားဆရာ ဦးလှကြည်ကို ကျုပ်ပဲ သွားခေါ်လာတာဗျ။ ပြီးတော့ သစ်ရောင်းတဲ့ ဘိုးမောင်သစ်ရဲ့ သစ်ဆိုင်မှာ ပျဉ်ပုတ်တစ်ခါတည်း ဝင်ဝယ်ကြတယ်။ ရှာက ကာလသားတွေက ရွှေဘော်ခုံကို ထမ်းတဲ့လူထမ်း၊ ပျဉ်ပုတ်ထမ်း တဲ့လူထမ်း ဝိုင်းလုပ်ကြပါတယ်။

ပျဉ်ချပ်တွေ ဖြတ်တော့မယ်ဆိုတော့ လက်သမားဆရာ ဦးကြည်လှက ကျုပ်ကို ပြောတယ်။

"ကဲ တာတေရေ ပျဉ်တွေ ဖြတ်ရအောင်၊ အလောင်း သွားတိုင်းကွာ"

ကျုပ်က ပေကြိုးယူ ပြီး အလောင်းစင်ပေါ်က ဆန့်ဆန့်ကြီး တောင့်နေတဲ့ ကိုအောင်ချစ်ရဲ့ အလောင်းကို ပေကြိုးတိုင်းတယ်။ ငါးပေခုနစ်လက်မ။ ပြီးတော့ ပခုံး စွန်းနှစ်ဖက်ကို တိုင်းတယ်။

ကျုပ် တိုင်းထားတဲ့ အတိုင်းအတာတွေကို ဦးကြည်လှကို ပြောလိုက်တယ်။ ဦးကြည်လှက ခေါင်းစပ်နေကျ လက်သမား ဆိုတော့ အတိုင်းအတာကို ခန့်မှန်းတယ်။ သုံးရက် ထားမှာဆို တော့ ခေါင်းကို ဘယ်လောက်လုပ်ရမယ်ဆိုတာ သူသိတယ်ဗျ။

ကျုပ်တို့လူငယ်တွေက ဦးကြည်လှကို ဝိုင်းပြီး ရွှေဘော် ထိုးပေး၊ လွှဖြတ်ပေး လုပ်ပေးကြတာပေါ့ဗျာ။ ခေါင်းတစ်လုံးကို သေသေချာချာ စပ်တော့လည်း အကြာသားဗျ။ တစ်မနက်ကုန် ရော ဆိုပါတော့ဗျာ။ ခေါင်းစပ်ပြီးပြီဆိုတော့ အလောင်းကို ခေါင်း သွင်းဖို့ လုပ်ကြရတာပေါ့လေ။ ကျုပ်တို့ စပ်ထားတဲ့ခေါင်းကို မပြီး အိမ်ပေါ်ကို ယူလာကြတာပေါ့။ ကိုအောင်ချစ်ရဲ့ အလောင်း ဘေးမှာ ခေါင်းကိုယှဉ်ပြီး ချလိုက်တယ်။

"မောင်လေး အောင်ချစ်ရေ အဓောကြီး ခွဲသွားပါ ရော လား"

ကိုအောင်ချစ်တို့က မောင်နှမသုံးယောက်ဗျ။ အစ်မတစ် ယောက်၊ ညီတစ်ယောက် ရှိတယ်။ သူ့ညီက ကိုအောင်သစ်လေ။ သူ့အစ်မက မစိန်တဲ့ဗျ။

ကိုအောင်ချစ်အစ်မက ခေါင်းသွင်းကာနီးမှာ အော်ငိုတော့ ကိုအောင်ချစ်ရဲ့ အမေလည်းငို။ သူတို့ဆွေတွေ မျိုးတွေ၊ ကိုအောင် ချစ်ကိုခင်တဲ့ ရွာထဲက လူတွေ ငိုကြတာ ကျက်ကျက်ကို ညံ နေတာပေါ့ဗျာ။

သူတို့တွေအားရအောင် ငိုပါစေဆိုပြီး ကျုပ်တို့ လူငယ်တွေ

က ကိုအောင်ချစ်ကို ခေါင်းမသွင်းသေးဘဲ ထားရသေးတာဗျို့။

အားလုံး ငိုသံတွေ နည်းနည်းစဲတော့မှ…

"ကဲ တာတေတို့ လုပ်ကြတော့၊ ခေါင်းသွင်းတော့"

ဘိုးညီလေးက အိမ်ရှေ့ခန်းလူကြီးဝိုင်းကနေ လှမ်းပြောသဗျ။ ဒီမှာတင် ကျုပ်တို့လူငယ်တွေ ကိုအောင်ချစ်အလောင်းကို ဝိုင်းမပြီး ခေါင်းသွင်းကြတာပေါ့ဗျာ။

"ဟာ"

ကျုပ် အံ့သြပြီး ပါးစပ်က အော်လိုက်မိတယ်။

"တာတေ၊ ဒါ ဘယ်လိုဖြစ်တာတုံး၊ မင်းအတိုင်း မှားသလား"

ကျက်စီ ကျက်စီနဲ့ အသံတွေ ထွက်လာရောဗျို့။

"ဟေ ဘာဖြစ်ကြလို့တုံး၊ တာတေ ဘာဖြစ်တုံး"

ဘိုးညီလေးတို့ လူကြီးဝိုင်းက လှမ်းမေးကြပြီဗျို့။

"ခေါင်းသွင်းလို့ မရဘူး၊ ခြေထောက်ထွက်နေတယ်၊ အတိုင်းမှားသွားပြီထင်တယ်"

ကျုပ်ပြောတာ မဟုတ်ဘူးဗျ။ လူကျော် ပြောလိုက်တာ။

"ဟာ ဘယ်သူ တိုင်းတာတုံး၊ သေသေချာချာ တိုင်းမှပေါ့ကွ၊ ဒါမျိုးက လွဲလို့မရဘူးလေ"

"ကျုပ် တိုင်းတာပါ ဘိုးရဲ့၊ မမှားပါဘူး"

ကျုပ်က ဘိုးညီလေးကို လှမ်းပြောတယ်။

"ဒါဆိုရင် ကြည်လှ ခေါင်းပျဉ်ဖြတ်တာ မှားသလားမှ

မသိတာ''

''ဟာ ကျုပ်လည်း မမှားပါဘူး ဘိုးရဲ့၊ တာတေ တိုင်းတာ ငါးပေခုနစ်လက်မဆိုလို့ ကျုပ်က ခြောက်ပေအပြည့် စပ်ထားတာပါ၊ ခေါင်းကို တိုင်းကြည့်လိုက်လေ''

ဦးကြည်လှ ပြောလို့ ကျုပ်တို့က ကိုအောင်ချစ်ရဲ့ အလောင်းကို အလောင်းစင်ပေါ် ပြန်တင်ပြီး ခေါင်းကို တိုင်းကြည့်တယ်။ ခေါင်းကို ဦးကြည်လှ စပ်ထားတာ ခြောက်ပေအတိပဲဗျ။

''ဒါဆိုရင် အလောင်းကို ပြန်တိုင်းစမ်းကွာ''

ဘိုးညီလှက စိတ်တိုတဲ့အသံနဲ့ ကျုပ်တို့ကို လှမ်း ပြောတာဗျို့။

ကျုပ်ကိုယ်တိုင် အလောင်းကို တိုင်းလိုက်တယ်။

''ဟာ''

''ဟင် ဘာဖြစ်လို့တုံး တာတေ''

ကျုပ်ကို ဝိုင်းမေးကြတယ်ဗျ။

''အလောင်းက ခြောက်ပေခွဲတောင် ရှိနေတယ်ဗျ''

''ဟာ ဒါဆို မင်းတိုင်းတာ မှားတာပေါ့''

''ဟာ မမှားပါဘူး ဘိုးရဲ့၊ စောစောက ကျုပ် တိုင်းတာ ငါးပေ ခုနစ်လက်မပါ၊ ဘိုး စဉ်းစားကြည့်လေဗျာ၊ ကိုအောင်ချစ် အရပ်က ခြောက်ပေခွဲ ရှိပါ့မလား''

''ဟော ဟုတ်သားပဲ၊ အောင်ချစ် မပြောနဲ့၊ ဒီတိုင်း ပြည်တစ်ပြည်လုံးမှာတောင် အရပ်ခြောက်ပေခွဲရှိတဲ့လူ တစ်ယောက်မှ

မရှိဘူး"

"ဒါဆို ဘယ်လိုဖြစ်တာတုံး"

ကိုအောင်ချစ်ရဲ့ညီ ကိုအောင်သစ်က ဝင်ပြီး မေးတယ်ဗျ။

"အလောင်းရှည်ထွက် လာတာဗျ"

"ဘာကွ၊ အလောင်းက ဘယ်လိုလုပ်ပြီး ရှည်လာတာတုံး"

ကိုအောင်သစ်က နားမလည်တော့လို့ ထပ်မေးတာ ပေါ့ဗျာ။

"တစ်ခုခုတော့ ထူးနေတယ် ကိုအောင်သစ်ရဲ့"

ကျုပ်က ပြောလိုက်တော့ လူကျော်က ပြောတယ်ဗျ။

"ဒါဆိုရင် ခေါင်းတစ်လုံး ထပ်စပ်ကြတာပေါ့ဗျာ"

"ဟာ၊ ဟော့ကောင် လူကျော်၊ ဘာနားမလည် ညာနားမလည်နဲ့ ဘာတွေပြောတာတုံး၊ ခေါင်းဆိုတာ ထပ်စပ်လို့ မရဘူးကွ၊ ခေါင်းထပ်စပ်ရင် ရွာထဲမှာ အသုဘတွေ တန်းစီသွားလိမ့်မယ်"

"ဟာ ဟုတ်လား ဘိုး၊ ကျုပ်က မသိလို့ပါဗျာ"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ဘာလုပ်ရမှန်း မသိကြတော့ဘူးပေါ့ဗျာ။ တစ်ချို့ကတော့ ကြောက်ကုန်ကြတာပေါ့ဗျာ။

"ဒါဆိုရင်တော့ ဖျာနဲ့ပဲ လိပ်ပြီးချရတော့မှာပေါ့ဗျာ"

ကျုပ်သူငယ်ချင်း တိုးလှက ဝင်ပြောတာဗျ။

"ဘာကွ တိုးလှ၊ ငါ့အစ်ကိုက ဖျာနဲ့ပတ်ပြီး အသုဘချရ

မယ့်အစားလားကွာ၊ မင်း စဉ်းစားလည်း ပြောပါတိုးလှရာ"

ကိုအောင်ချစ်ရဲ့ညီ ကိုအောင်သစ်က ဝင်ပြောတာဗျို့။ စိတ်ဆိုးတဲ့အသံနဲ့ ပြောတာဗျ။ တစ်ယောက် တစ်ပေါက်တွေ ဖြစ်ကုန်တော့တာပေါ့ဗျာ။ ကျုပ်တို့လည်း ဘာလုပ်ရမှန်း မသိ။ လူကြီးတွေလည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကုန်တော့တာဗျို့။

ကျုပ်က ဘာမှဝင် မပြောဘဲ ကိုအောင်ချစ် အလောင်းကို ကြည့်ပြီး စဉ်းစားနေတာဗျ။

အလောင်းကို ကြည့် နေတုန်း ကျုပ်စိတ်ထဲမှာ သံသယ နည်းနည်းဝင် လာတယ်ဗျို့။ အလောင်းက စောစောကထက်ပိုပြီး ရှည်နေတယ်လို့ထင်လို့ ပေကြိုးကို ကပျာကယာယူပြီး ကိုအောင် ချစ်အလောင်းကို ကျုပ် ထပ်တိုင်းလိုက်တယ်။

"ဟာ"

ကျုပ်ပါးစပ်က ယောင်ပြီး အော်လိုက်မိတာဗျ။

"တာတေ ဘာဖြစ်လို့တုံးကွ"

ဘိုးညီလေးက ကျုပ်ကို လှမ်းကြည့်ပြီးမေးတယ်။

"ဘိုး ဘာမှပြောမနေနဲ့၊ အခုချက်ချင်း အသုဘချ မှ ဖြစ်တော့မယ်"

"ဘာဖြစ်လို့တုံး တာတေရ"

"အလောင်းက ခုနစ်ပေ ဖြစ်နေပြီ၊ တော်တော် ကြာရင် ဆယ်ပေလောက် ဖြစ်သွားလိမ့်မယ်"

"ဟာ"

ဒီတော့မှ အကုန်လုံး လန့်ကုန်ကြတာဗျာ။ တစ်ခုခုတော့ ဖြစ်ပြီဆိုတာ အားလုံးသဘောပေါက်သွားပြီပေါ့ဗျာ။

"ဟေ့ ကြေးစည် မြန်မြန်သွားယူ၊ ဝါးဘိုးလုံး ရှာကြစမ်း၊ ရွာထဲကလူတွေ မြန်မြန်စုဟေ့၊ ကျင်းတူးမယ့်လူတွေ ကြို့ပြီး လွှတ်လိုက်စမ်း၊ စောစောက ငါပြောတဲ့ ထနောင်းပင်အောက်နား လေးမှာ တူးခိုင်းလိုက်"

ဘိုးညီလေး မတ်တတ်ထရပ်ပြီး ပုဆိုးတိုတိုဝတ်တော့ တာပဲ ဗျို့။ အားလုံး ရှန်းရှန်း ရှန်းရှန်းတွေ ဖြစ်ကုန်ပြီပေါ့ဗျာ။ အလောင်း နားမှာ ကပ်နေတဲ့ လူတွေလည်း ထပြီး ပြေးကြပြီဗျို့။

ကျုပ်တို့ရွာသားတွေက ညီကြပါပေတယ်။ နာရီ ဝက်အတွင်း မှာ ကျုပ်တို့ ကိုအောင်ချစ်အသုဘကို ချနိုင်တယ်ဗျ။ ဒါပေမဲ့ တစ်ခါမှ မမြင်ဘူးတဲ့ ပုံစံကြီးနဲ့ပေါ့ဗျာ။

ကြေးစည်၊ ကန်တော့ပွဲ၊ ပြီးတော့ ကိုအောင်ချစ် အလောင်း နောက်က သူ့အတွက် စပ်ထားတဲ့ခေါင်းအခွံကြီးဗျ။

ကျုပ်တို့ ထနောင်းကုန်းသင်္ချိုင်းကို ရောက်တော့ မြေကျင်း တူးတဲ့လူတွေက တူးတောင်ပြီးနေကြပြီ။ တော်သေးတာပေါ့ဗျာ။ အိမ်မှာပဲ ဘုန်းကြီးပင့်ပြီး သရဏဂုံတင်လာခဲ့ပေလို့ပေါ့။

"ဟေ့ ကျင်းတူးတဲ့ လူကျော်တို့အဖွဲ့ မင်းတို့ကျင်းက ဘယ်နှပေ တူးထားတာတုံး"

ဘိုးညီလေးက မေးတာဗျ။ လူကျော်က လက်ထဲက ပေါက် တူးကို ထနောင်းပင်ကြီးမှာ မှီထောင်လိုက်ပြီးတော့ ပြောတယ်ဗျ။

"အရှည် ခုနစ်ပေလေ ဘိုးရဲ့"

"အေး အေး ကဲ တာတေ အချိန်မဆွဲနဲ့တော့၊ တစ်ခါတည်း သင်္ဂြိုဟ်တော့"

ငိုသံတွေ ထွက်လာပြန်ပြီပေါ့ဗျာ။ မြေမြှုပ်တော့မှာကိုး။ အလောင်းက ဖျာနဲ့သာပတ်လာပေမယ့် ခြေထောက်တွေက အပြင်ကို ထွက်လို့ပါဗျာ။ အရပ်ခုနစ်ပေကို ဖျာက ဘယ်လုံနိုင်ပါ့မလဲ။ အားလုံးဝိုင်းမပြီး အလောင်းကို မြေချတယ်။

"ဟာ"

ကျုပ်ပါးစပ်က ယောင်ပြီး အော်မိပြန်ပြီဗျို့။

"တာတေရေ ဘာဖြစ်ပြန်ပြီတုံး"

ကိုအောင်သစ်က စိုး ရိမ်တဲ့ပုံစံနဲ့ ကျုပ်ကို မေးပြီ ဗျို့။

"ကိုအောင်သစ်ရေ အလောင်းက ကျင်းနဲ့ မဆန့်ဘူးဗျ၊ ခြေထောက်ထည့်လို့မရဘူး ဖြစ်နေတယ်။ ကဲ လူကျော်ရေ အလောင်းကို ကျင်းဘေးမှာပဲ ချထားလိုက်တော့ကွာ၊ ကျုပ်လက်ထဲမှာ ပါလာတဲ့ ပေကြိုးခွေနဲ့ အလောင်းကို ထပ်တိုင်းကြည့်တယ်။

"ဘိုးရေ အလောင်းက ရှစ်ပေတောင် ရှည်နေပြီဗျ"

"ဟာ"

အသုဘပို့တဲ့လူတွေ အကုန်လုံး အံ့သြကုန်ကြပြန် ရောပေါ့ဗျာ။

ဘိုးညီလေးက ကျုပ်ကို သူ့အနားခေါ်ပြီး မေးတယ်ဗျ။

"တာတေ မင်းက အတွေ့အကြုံရှိတဲ့လူပဲကွာ၊ ဒါ ဘယ်လို ဖြစ်တာလို့ ထင်သလဲ"

ကျုပ် သေသေချာချာ တွေးကြည့်ပြီးသားပါဗျာ။ ဒါ မဖဲဝါ မကျေနပ်တာဗျ။

"ဘိုး မဖဲဝါကို အမဲသား သုံးပိဿာကျွေးမယ်လို့ ကိုအောင်ချစ် မသေခင်က ပြောခဲ့တာ၊ ကျုပ်ကို သက်သေထားပြီး ပြောသွားတာဗျ"

"ဟော ဒါဆိုရင် ဘယ်လိုလုပ်မှာတုံး"

"တာတေ ဘန့်ဘွေးကုန်းကို လူလွှတ်လိုက်၊ ဘန့်ဘွေးကုန်း အနောက်ပိုင်းက ကျော်ထိန်တို့ဆီမှာ ဆုံသားရတယ်"

"ဟုတ်လား၊ ကဲ အောင်သစ် ငွေထုတ်ပေးလိုက်၊ တစ်ယောက် မြန်မြန်လွှတ်စမ်း"

ကျုပ်တို့ရွာသားတွေကို ပြန်လွှတ်လိုက်ရတယ်။ ကိုအောင်ချစ် အလောင်းကြီးကတော့ ဖျာကြီးနဲ့ပတ်ပြီး မြေကျင်းဘေးမှာ ဒီအတိုင်းကြီးပေါ့ဗျာ။

မှောင်လာတော့ ရွာက အောက်လင်းဓာတ်မီးတစ်လုံး လာထွန်းပေးထားတယ်။ တော်သေးတာပေါ့ဗျာ။ အမဲသားသုံးပိဿာ ရလာတယ်။ ရွာမှာ အားချင်း ချက်ကျပြုတ်ကြတယ်ဗျ။ ထမင်းက တစ်ပြည်ချက်။ ညကိုးနာရီထိုးတော့ အမဲသားဟင်း နူးအိနေပြီ။ တိုးလှ တို့အဖွဲ့က ထမင်းတောင်း ထမ်းလာတယ်။ ကျုပ်က ဘုန်းကြီးရဲ့မယ်တော်ကြီးကို ဖုတ်ထုတ်တုန်းက ဆရာတော်

လုပ်ကိုင်သွားတာတွေ့လို့ မှတ်မိနေတော့ အဲဒီအတိုင်း လိုက်ပြီး လုပ်ရတာပေါ့ဗျာ။

ဂူကြီးကြီးတစ်လုံးပေါ်မှာ ငှက်ပျောဖက်ခင်းပြီး ထမင်းပုံရတယ်။ ပြီးတော့ အပေါ်က အမဲသားသုံးပိဿာကို အကုန်လောင်းထည့်လိုက်တယ်။ ဆရာကျော်လုပ်သလို ကျုပ်က မဖဲဝါကို ပင့်လိုက်တယ်။

မလှမ်းမကမ်းက ကျုပ် စောင့်ကြည့်နေတယ်။ ဟာ ထမင်းတွေရော ဟင်းတွေရော ပြိုက်ခနဲ ပြိုက်ခနဲ ကုန်သွားတာဗျို့။

"မဖဲဝါ ကိုအောင်ချစ်ရဲ့ မလိမ္မာမှုအတွက် ကျုပ်က တောင်းပန်ပါတယ်ဗျာ၊ ထနောင်းကုန်းရွာသားတွေ ကိုယ်စား ကျုပ်က တောင်းပန်ပါတယ် မဖဲဝါ။ ကိုအောင်ချစ် ကတိထားခဲ့တဲ့အတိုင်း အမဲသားသုံးပိဿာနဲ့ ထမင်းတစ်ပြည်ချက်ကို ပင့်ဖိတ်ကျွေးမွေးတာပါဗျာ၊ ပျော်ပျော်ပါးပါး စားသောက်ပါ၊ ပြီးရင် ကိုအောင်ချစ်ရဲ့အလောင်းကို ကျုပ်တို့ သင်္ဂြိုဟ်ခွင့်ပြုပါဗျာ။ မဖဲဝါပိုင်တဲ့ ဟောဒီသချိုင်းမြေမှာ သင်္ဂြိုဟ်ခွင့်ပြုပါ"

ဟာ အမဲသား သုံးပိဿာရော ထမင်းတွေရော အားလုံး ပျောက်သွားပြီဗျို့။

"ကဲ ဖျာလိပ်ကြီး ဖြည်လိုက်စမ်းဗျာ၊ ကျုပ် ပေပြန်တိုင်း ကြည့်စမ်းမယ်"

ထနောင်းကုန်းရွာသားတွေက အလောင်းကို ပတ် ထားတဲ့ ဖျာလိပ်ကို ဖြည်ပေးကြတယ်။ ကျုပ်က ပေတိုင်းကြည့်တော့

အံ့ဩလိုက်တာဗျာ။

"ဟာ ငါးပေခုနစ်လက်မဗျ၊ ပုံမှန်အတိုင်း ပြန်ဖြစ်နေပြီဗျို့၊ ဒါဆိုရင် ခေါင်းသွင်းလို့ ရပြီဗျ"

ကျုပ်တို့ ယူလာတဲ့ ခေါင်းထဲကို ကိုအောင်ချစ်အလောင်း ထည့်လိုက်တယ်။ ချောင်ချောင်ချိချိပါပဲဗျာ။ ခေါင်းကို အဖုံးဖုံးပြီး သံရိုက်ပိတ်လိုက်တယ်။ ပြီးတော့ အလောင်းကို မြေချလိုက်တယ်။

ကိစ္စအားလုံးပြီးတော့ ညဆယ့်တစ်နာရီတောင် ထိုးပြီဗျ။ ဒီတော့မှ ကိုအောင်ချစ်ညီ ကိုအောင်သစ်ရော၊ သူ့မိသားစုတွေ၊ ဆွေမျိုးညီအစ်ကိုမောင်နှမတွေက စိတ်ကျေနပ်သွားတော့တာပေါ့ဗျာ။

အဲဒီညကတော့ တာတေတို့လူငယ်တွေ ညသန်းခေါင်မှာမှ ရေချိုးကြရတာဗျ။

ကျုပ်တစ်သက်တော့ ဘယ်တော့မှ မမေ့နိုင်တဲ့ မိတ်ဆွေကြီး ဖဲသမား ကိုအောင်ချစ်ရဲ့ အသုဘပေါ့ဗျာ။

♦ ♦ ♦

တာတေ